မြန်မာ စာအုပ်များ

# ပြန်လှန်စစ်မေးခြင်းပညာ

ဦးကျော်ဖေယျ

# THE ART OF CROSS-EXAMINATION

ဒုတိယအကြိမ်

S.H.N
27.5.04
မြန်မာ စာအုပ်များ

ဦးကျော်ဇေယျ

# ပြန်လှန်စစ်မေးခြင်းပညာ

# The Art of Cross Examination

ဒုတိယအကြိမ်

မြန်မာ စာအုပ်များ


စာအုပ်စာတမ်းစာနယ်ဇင်း

ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၇၁၂/၂၀၀၃(၇)

မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၆၆၈ /၂၀၀၃(၈)

မျက်နှာဖုံးဒီဇိုင်း - ဇော်မောင်

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀

ပုံနှိပ်ပြီးသည့်လ - ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ

တန်ဖိုး - ၂၀၀၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်နီနီနိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း-၉၀၊ ကန်တော်ကလေး။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဇေယျ
စကားပြောနေသူများစာပေ(၀၃၈၄)
အမှတ် ၁၂၄ အခန်း ၁၀၊
ဆူးလေဘုရားလမ်း။ ရန်ကုန်မြို့

မြန်မာ စာအုပ်များ

✱ ပြန်လှန်စစ်မေးခြင်း၏ အဓိကအနှစ်သာရမှာ–

အဓိကစစ်မေးချက်တွင် ပါရှိသော
အမှန်တရားကိုဖျောက်ဖျက်ဖုံးကွယ်ရန် မဟုတ်။
အဓိက စစ်ချက်တွင် ကွယ်ပနေသော အမှန်တရားကို
ဖော်ထုတ်၍ မမှန်ကန်မှုကို တိုက်ခိုက်ရန် ဖြစ်သည်။

✱✱✱✱✱

မြန်မာ စာအုပ်များ

✿ ပြန်လှန်စစ်ဆေးရာတွင် တရားခံရှေ့နေက–

"ကဲ ပြောစမ်းပါဦး၊ ဘယ်လိုသတ်တာတုံး"

"ဘယ်လို ဘယ်ပုံ၊ စီးတယ်ဆိုတာ ရှင်းပြစမ်းပါဦး"

"ဘယ်လိုဆဲလို့လဲ"

"ခင်ဗျားကို ဘယ်လိုပြောလိမ် သွားလို့လဲ"

ဟူသောအမေးမျိုးမေးခြင်းသည်မြွေပွေးတွင်းထဲလက်နှိုက်သည့် အဖြစ် မျိုးပေတည်း။

✿✿✿✿✿

မြန်မာ စာအုပ်များ

✿ မိမိလိုအပ်သော အပြေများ ထင်ရှားအောင် ပြုလုပ်ပြီးသည့်တိုင် အားမရနိုင်သေးဘဲ သဲသဲမဲမဲ အလဲထိုးမည်ဟူသော ရည်ရွယ်ချက်ဖြင့် မေးခွန်းများ ဆက်ကာ ဆက်ကာ မေးခဲ့မိသဖြင့် နောင်တရခဲ့သော အတွေ့အကြုံကို မိမိ၏ ဘုတ်ဂူပေါ်တွင် စာတန်းထိုးခဲ့သော အက္ခရာမှာ–

"ကျွန်တော်နေကောင်းခဲ့ပါတယ်၊

ဒါပေမဲ့ ပိုပြီးနေကောင်းချင်ခဲ့ပါတယ်၊

ကျွန်တော်ဝမ်းနှုတ်ဆေးစားလိုက်မိပါတယ်၊

အခုတော့ မြင်တဲ့အတိုင်းပါပဲ"

✿✿✿✿✿

မြန်မာ စာအုပ်များ

ရှေ့နေ — "အမကြီးရဲ့ သွားတွေအကုန်လုံးကို ရုတ်တရက်ဆွဲနုတ်လိုက်မယ်ဆိုရင် မစံမရပ်နိုင်အောင် နာကျင်သွားမှာပဲ"

သက်သေ — "မနာပါဘူး"

ရှေ့နေ — "ဘယ်လို၊ ဘယ်လို၊ သွားတွေ အကုန်လုံး တစ်ပြိုင်တည်း ဆွဲနှုတ်တာတောင် လုံးဝမနာဘူး၊ ဟုတ်လား"

သက်သေ — "ဟုတ်ပါတယ်၊ မနာပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မသွားတွေက တစ်ခွေလုံး အံပုံးနဲ့ စိုက်ထားတဲ့ သွားတွေ ဖြစ်နေလို့ပါပဲရှင်"

တိုက်ဆိုင်စစ်မေးနည်းအရ စစ်မေးခြင်း ဖြစ်သော်လည်း တိုက်ဆိုင်စစ်မေးခြင်းဆိုင်ရာ သံမဏိစည်းမျဉ်းများကို မလိုက်နာဘဲ မေးမိလိုက်သဖြင့် လိုရာမရောက် ချော်တောငေါ့သွားရ၏။

မြန်မာ စာအုပ်များ

☞ ပြန်လှန်စစ်မေးရာတွင် ပထမအဆင့် မေးစရာကို မေးခြင်းအဖြစ် ကြုံတွေ့ရမည် ဖြစ်သည်။ (အချို့ရှေ့နေ မေးစရာကို ကြိုး၍ ရေးမှတ်ထား တတ်ကြသည့် သဘောဖြစ်သည်)

☞ တစ်စ တစ်စ မေးရင်း မေးရင်း မေးစရာကို မေးဖို့အတွက် မေးနေခြင်း ဖြစ်လာမည် ဖြစ်သည်။

☞ နောက်ဆုံးရင့်ကျက်ချိန် တန်သောအခါ မေးစရာနှင့် မေးနေတာ ထဲတွင် မေးသူမပါတော့ဘဲ မေးခြင်း သက်သက်ဖြစ်၍ လာ၏။

☞ ထိုအဆင့်သို့ ရောက်ရှိလာသောအခါ ပြန်လှန်စစ်မေးခြင်း ပညာ၏ စကြံ့လမ်းကို လျှောက်သွားနိုင်ပြီ ဖြစ်သည်။

မြန်မာ စာအုပ်များ

# မာတိကာ


✓ စာရေးသူ၏ အမှာ။

✓ နိဒါန်း ၁

**အခန်း (၁)** ၄

**မြန်လှန်စစ်ဆေးခြင်း။** ၄

**မြန်လှန်စစ်ဆေးခြင်း၏ ဦးတည်ချက်။** ၈

၁။ ဥပဒေအခွင့်အရေးဆိုင်ရာများကို ဖော်ထုတ်၍ အမှုသည် အကျိုးဖြစ်မှုကို ရယူရန်။ ၈

(က) တစ်ချက်တည်း ခုတ်ရုံဖြင့် ပြတ်ထွက်နိုင်သော မြန်လှန် စစ်မေးနည်း၏ သော့ချက်။ ၁၀

(ခ) မကုစားနိုင်သော အမှားများအပေါ် လေ့ကျက်ခြင်း။ ၁၁

(ဂ) ကင်းလွတ်ခွင့်ရမြဲ အချက်များအပေါ် လေ့ကျက်ခြင်း။ ၁၃

(ဃ) ကာကွယ်ခုခံပိုင်ခွင့်အပေါ် လေ့ကျက်ခြင်း ၁၄

(င) မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်။ ၁၄

(စ) ပစ္စည်းကာကွယ်ပိုင်ခွင့်။ ၁၅

၂။ တစ်ဘက်မှ အဆိုပြု တင်ပြထားသည့်အချက်
မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးခြင်း။ ၁၉
(က) ဖော်ထုတ်စစ်မေးရမည့် မေးခွန်းများ။ ၁၉
(ခ) ပိုင်းခြား၍ ချေဖျက်ခြင်း။ ၂၀
(ဂ) ဒွိဟသံသယဖြစ်စေမှု။ ၂၂
၃။ မိမိတင်ပြသည့် အချက်ကို လက်ခံလာစေရန်။ ၂၄
(က) ချိန်သားကိုက်မှု။ ၂၄
(ခ) ပြန်လှန်စစ်မေးခြင်းသည် တည်ဆောက်မှု။
လုပ်ရပ်လော၊ ဖြိုဖျက်မှု လုပ်ရပ်လော။ ၂၅
(ဂ) တရားခံ၏ ခုခံမှုလမ်းကြောင်းနှင့် ပြန်လှန်မေးခွန်း။ ၂၆
(ဃ) ခုခံမှုလမ်းကြောင်း အမျိုးမျိုး မေးနိုင် မမေးနိုင်။ ၂၇

အခန်း ၂
ပြန်လှန်စစ်မေးခြင်းမပြုမီ ပြင်ဆင်မှုပြုထားရမည့် အချက်များ။ ၂၉
၁။ အမှုတွဲနှင့်တကွ စွဲဆိုသော အမှုအပေါ်
လေ့ကျက်ခြင်း၊ အမှုတွဲကို လေ့လာခြင်း။ ၂၉
၂။ အမှုအဖြစ်အပျက် ဆက်စပ်ယှက်နွယ်လျက်ရှိသော
အရာများနှင့် အမှုသည်၏ အနေအထားအပေါ်
လေ့ကျက်ခြင်း။ ၃၃
၃။ အမှုမှ လွတ်မြောက်ရေး (သို့မဟုတ်) သက်သာရာရရေး
အတွက် အကောင်းဆုံးဖြစ်မည့် ခုခံမှုလမ်းကြောင်းနှင့်
အရန်ခုခံမှုလမ်းကြောင်းများတေးထားခြင်း၊
ပုံကြမ်းပြုလုပ်ထားခြင်း။ ၃၃

မြန်မာ စာအုပ်များ

၄။ ခုခံမှု လမ်းကြောင်းအတွက် အရေးသာမည့် ဥပဒေအချက်အလက်များ၊ စီရင်ထုံး အဆို အမိန့်များ မှတ်သားထားခြင်း။ ၃၆
၅။ အမှုတွင် ပတ်သက်ဆက်စပ်လာမည့် ဘာသာရပ်ဆိုင်ရာ တို့ကို ကြိုတင်လေ့လာ တီးခေါက်ထားခြင်း။ ၄၂

အခန်း (၃)

မေးခွန်းတည်ဆောက်ပုံနှင့် မေးခွန်းပရိယာယ်များအကြောင်း။ ၄၃
၁။ ဌာပနာ ပဥ္စကပုစ္ဆာ။ ၄၃
၂။ မေးခွန်းထုတ်ခြင်း။ ၄၄
၃။ မေးခွန်းမေးနည်းများ။ ၄၈
၄။ မေးခွန်းပရိယာယ် ပုံဆောင်များ။ ၅၀

အခန်း (၄)

ပြန်လှန်စစ်မေးခြင်း။ ၆၅
၁။ ပြန်လှန်စစ်မေးရာတွင် မေးခွင့်ကန့်သတ်ထားသော မေးခွန်းများ။ ၆၅
၂။ ပြန်လှန်စစ်မေးရာတွင် အထူးအခွင့်အရေးပေးထား သောအချက်။ ၆၉
၃။ သက်သေခံဥပဒေအရ မပြေမနေရ မေးမြန်းနိုင်သော မေးခွန်းများ။ ၇၁

မြန်မာ စာအုပ်များ

အခန်း (၅)


| | | |
|---|---|---|
| မြန်လှန်စစ်မေးရာတွင် ကျင့်သုံးရမည့် နည်းပညာများ | | ၇၃ |
| ၁။ | တိုက်ဆိုင်စစ်မေးနည်းနှင့် လိုက်နာအပ်သော သံမဏိစည်းမျဉ်းများ။ | ၇၄ |
| ၂။ | မွှေနှောက်စစ်မေးနည်းနှင့် လိုက်နာအပ်သော သံမဏိစည်းမျဉ်းများ။ | ၇၅ |
| ၃။ | အခြေဖျက် စစ်မေးနည်းနှင့် လိုက်နာအပ်သော သံမဏိစည်းမျဉ်းများ။ | ၇၇ |
| ၄။ | ဆွယ်မေးနည်းနှင့် လိုက်နာအပ်သော သံမဏိစည်းမျဉ်းများ။ | ၇၈ |
| ၅။ | ပြန်လှန်စစ်မေးခြင်း တစ်ရပ်အပေါ် သရုပ်ခွဲခြင်း။ | ၇၉ |
| ၆။ | နည်းပညာဆိုင်ရာ ပုံစံများ။ | ၇၉ |
| ၇။ | ဆွယ်မေးနည်းပြ နမူနာပုံစံ။ | ၈၇ |
| ၈။ | အခြေဖျက်နည်းပြ နမူနာပုံစံ။ | ၈၈ |
| ၉။ | မွှေနှောက်စစ်မေးနည်းပြ နမူနာပုံစံ။ | ၈၉ |
| ၁၀။ | တိုင်ဆိုင်စစ်မေးနည်းပြ နမူနာပုံစံ။ | ၉၀ |


အခန်း (၆)


| | | |
|---|---|---|
| ပြန်လှန်စစ်မေးရမည့် အချက်အချာများ။ | | ၉၁ |
| ၁။ | အကြောင်းခြင်းရာ ပြဿနာ။ Question of Fact | ၉၁ |
| ၂။ | ဥပဒေ ပြဿနာ။ Question of Law | ၉၇ |

အခန်း (၇)

သက်သေအား ပြန်လှန်စစ်မေးခြင်း ၁၀၉
၁။ ပြန်လှန်စစ်မေးခြင်းဆိုင်ရာ စည်းမျဉ်းများ၊ ၁၀၉
၂။ ပြန်လှန်စစ်မေးရာတွင် ရှောင်ကြဉ်ရမည့် အချက်များ၊ ၁၁၂
၃။ ပြန်ရှင်းမေးခွန်း မေးခွင့်မပေါ်အောင် မေးခြင်း သို့မဟုတ် အစသတ်မေးခြင်း၊ ၁၁၅
၄။ အသံတိတ်ပြန်လှန်စစ်မေးခြင်း၊ ၁၁၆
၅။ တရားလိုအား ပြန်လှန်စစ်မေးခြင်း၊ ၁၁၉
၆။ ရှာဖွေသက်သေအား ပြန်လှန်စစ်မေးခြင်း၊ ၁၂၀
၇။ တန်းစီးဆွဲပြသော သက်သေအား ပြန်လှန်စစ်မေးခြင်း၊ ၁၂၁
၈။ ဆရာဝန်အား ပြန်လှန်စစ်မေးခြင်း၊ ၁၂၅
၉။ လက်ရေးပါရဂူအား ပြန်လှန်စစ်မေးခြင်း၊ ၁၂၆
၁၀။ တိုတိုတောင်းတောင်းပြောတတ်သော သက်သေအား စစ်ဆေးခြင်း၊ ၁၂၇
၁၁။ စကားဖွာတတ်သော သက်သေအားစစ်ဆေးခြင်း၊ ၁၂၇
၁၂။ ရှက်တတ်ကြောက်တတ်သော သက်သေအား စစ်ဆေးခြင်း၊ ၁၂၈
၁၃။ စိတ်ချောက်ချားသော သက်သေအား စစ်ဆေးခြင်း၊ ၁၂၈
၁၄။ ဆင်ခြင်တုံတရားကင်းမဲ့သော သက်သေအား စစ်ဆေးခြင်း၊ ၁၂၈
၁၅။ မုသားသက်သေအား စစ်ဆေးခြင်း၊ ၁၂၉

၁၆။ စိတ်ကူးယဉ်သက်သေအား စစ်ဆေးခြင်း၊ ၁၂၉
၁၇။ မှန်ကန်စွာ ပြောလိုသော်လည်း မပြောတတ်သည့် သက်သေအား စစ်ဆေးခြင်း၊ ၁၂၉
၁၈။ ပြန်ခေါ်သက်သေအား ပြန်လှန်စစ်ဆေးခြင်း၊ ၁၃၀

**အခန်း (၈)**
**တရားလို့အကျိုးဆောင် ပြန်လှန်စစ်မေးခြင်း။** ၁၃၃
၁။ တရားခံအား ပြန်လှန်စစ်မေးခြင်း၊ ၁၃၃
၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၆၂အရ တိုက်ဆိုင်စစ်မေးခြင်း၊ ၁၃၄
၃။ နောက်မှရသော အကြံဖြင့် ထုချေကြောင်း ဖော်ထုတ်စစ်မေးခြင်း၊ ၁၃၅
၄။ ယုတ္တိမရှိကြောင်း ဖော်ထုတ်စစ်ဆေးခြင်း၊ ၁၃၆
၅။ ပြစ်မှုကျူးလွန်နိုင်ဖွယ်အကြောင်းရှိကြောင်း မေးမြန်းခြင်း၊ ၁၃၇
၆။ တရားခံသက်သေအားပြန်လှန်စစ်မေးခြင်း ၁၃၈

**အခန်း (၉)**
**ပြန်လှန်စစ်မေးခြင်း တစ်ရပ်အပေါ် ဆန်းစစ်ခြင်း။** ၁၄၁

**အခန်း (၁၀)**
**တရားမမှုတွင် ပြန်လှန်စစ်မေးခြင်း။** ၁၄၅

## စာရေးသူ၏အမှာ

အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အချက်ကို မေးရမည် ဆိုသည့် ခက်ခဲမှုကို ကျော်လွှားနိုင်ရန် ကဗျာဆန်ဆန် လင်္ကာလေးများ ဖြင့်အမှတ်အသားပြုခဲ့ဖူးသည်။

အဓိကစစ်မေးရာတွင် တရားလိုအကျိုးဆောင် စစ်မေးရမည့်အ ချက်ကို-

ကျူးလွန်တဲ့နေရာ တရားခံပါ
ကျူးလွန်ပုံက ဟောသလိုပါ
နစ်နာသူက ဘယ်သူ ဘယ်ဝါ
နစ်နာချက်က ဟောဒါ
ငြိစွန်းရမှာ ပြစ်မှုအင်္ဂါ
ဟူ၍လည်းကောင်း၊

ပြန်လှန်စစ်မေးရာတွင် တရားခံအကျိုးဆောင် စစ်မေးရမည့် အချက်ကို-

ကတ္တားနဲ့ကံဖျောက်ဖျက်ပါ
သက်သေခံသူ အားနည်းချက်ရှာ
သက်သေခံမှာ အားနည်းချက်ပါ
ငြိစွန်းချက်ကို ဖြေရှင်းပါ
ဖြေရှင်းရာမှာ လောမကြီးရာ
အချိန်အဆ အကင်းပါးရာ

ဟူ၍ လည်းကောင်း တတ်စွမ်းသမျှ ဖွဲ့သီကာ အလုပ်သင်ရှေ့ နေများအား မှတ်သား လေ့ကျင့်စေခဲ့ဖူးသည်။

အရေးကြီးသည်မှာ
မည်သည့် မေးခွန်းကို
မည်သည့်အချိန်တွင်

မည်ကဲ့သို့ မေးမြန်းရမည်

ဆိုသောအချက်ကို မေးမည့်ပုဂ္ဂိုလ်ကိုယ်တိုင် သဘောပေါက်ထားဖို့ဖြစ်သည်။ ယင်းမှာ ပါရမီအခံဆိုင်ရာ အကင်းပါးမှု၊ လာဘ်မြင်မှုတို့နှင့်သာ ဆိုင်သည်။ ပါရမီအခံဆိုင်ရာ အကင်းပါးမှု၊ လာဘ်မြင်မှုဖြင့်သာ ဤပညာသည်ရှင်သန်နိုးကြားလေ့ရှိသည်။ အကင်းပါးမှု၊ လာဘ်မြင်မှုများ လျော့ပါးလာသည်နှင့်အမျှ ပြန်လှန်စစ်မေးမှုများ တုံ့ဆိုင်းသွားတတ်သည်။ အသက်မပါသော မေးခွန်းများ ဖြစ်လာတတ်သည်။ လမိုင်းမကပ် ခြောက်ကပ်ကပ်နိုင်လှသည်။

တစ်ဖန်-

မည်သည့်မေးခွန်းကို၊

မည်သည့်အချိန်တွင်၊

မည်ကဲ့သို့မေးမြန်းရမည်၊

ဆိုသည်ကို သိသော်လည်း လုပ်ထုံးလုပ်နည်း သက်သေခံဥပဒေပါ အချက်အလက်များကို ကျေညက်မထားပြန်လျှင်လည်း စိတ်သွားတိုင်း ကိုယ်မပါ အမေးမပေါက် ဖြစ်တတ်ပြန်ပါသေးသည်။

သို့ဖြစ်လေရာ ပြန်လှန်စစ်မေးမည့် ပုဂ္ဂိုလ်သည် အမှုတွင် ဝင်စားမွေ့လျော်မှု ရှိရမည့် အပြင်

၁။ စစ်ဆေးမေးမြန်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တတ်ကျွမ်းထားရပါမည်။

၂။ အကင်းပါးမှု၊ လာဘ်မြင်မှု စသည့် အချက်များ ရှင်သန်နေရပါမည်။

ယင်းတို့မှာ ပြန်လှန်စစ်မေးခြင်းဆိုင်ရာ၏ အဓိကလျှို့ဝှက်ချက် ခေါင်းကြီးပင် ဖြစ်သည်။

ပထမအပိုင်းမှာ TECHNIQUE အပိုင်းနှင့် ဆိုင်ပြီး ဒုတိယအပိုင်းမှာ ART အပိုင်းနှင့် ဆိုင်ပါသည်။

ယင်းအပိုင်းနှစ်ပိုင်းစလုံး ကြွယ်ဝမှုရှိပါမှ ပြန်လှန်စစ်မေးမှုသည် အားကောင်းမောင်းသန်ရှိပေမည်။

TECHNIQUE အပိုင်းတွင် အခြားဆရာတစ်ဦးထံမှ ပုံစံတူ **နည်းနာ**နိသယများ ခံယူနိုင်သော်လည်း ART အပိုင်းတွင်မူ (ပေးတိုင်း **မရ မပေး**လည်းရ) နေတတ်သည့် ပါရမီအထူးအပါးက ရှေ့နေများကို တစ်ဦး **နှင့်တစ်ဦး** များစွာ ကွာခြားမှုကို ဖြစ်ပေါ်စေသည်။

TECHNIQUE အပိုင်းကိုမူ ကုန်စင်အောင် လေ့လာပွားစီးနိုင် **၏၊** ART အပိုင်းကိုမူ ကုန်စင်အောင် လေ့လာပွားစီး၍ကား ရနိုင်ကောင်းသည် မဟုတ်ပေ။

ART အပိုင်းသည် လေ့လာမှုအပိုင်းဟု မဆိုသာ၊ မဆိုနိုင်၊ စင်စစ်ထိတွေ့ရှင်သန်နေရမည့် အပိုင်းသာ ဖြစ်သည်။

ဤစာအုပ်တွင် TECHNIQUE အပိုင်းအပြင် ART အပိုင်းဘက်ကို အနည်းငယ် အသားပေးထားပါသည်။ ထို့ကြောင့် ဖတ်ရှုလေ့လာသူများ အနေဖြင့် ပြန်လှန်စစ်မေးရမည့် မေးကွက်အပေါ် လာဘ်မြင်မှု (မြော်မြင်အကဲဖြတ်တတ်မှု) ဖြစ်ပေါ်ထိတွေ့ခွင့်ရရှိစေခြင်းငှာ ရည်စူးပါသည်။ လေ့လာဖတ်ရှုသူများအနက် တစ်ဦးတစ်လေ ထိတွေ့ခွင့်ရသည်ဟု ဆိုလာလျှင်ပင် ကျွန်ုပ်အနေဖြင့် ဤစာအုပ်ကို ရေးသားပြုစုရကျိုး နပ်လေပြီ။

❃ ❃ ❃ ❃ ❃

# ပြန်လှန်စစ်မေးခြင်းပညာ

## Art of Cross Examination

### နိဒါန်း

**The** Examination of a witness by the adverse party shall be called his cross-examination. (Evidence Act Section 137)

ပြန်လှန်စစ်မေးခြင်းဆိုသည်မှာ တစ်ဘက်အမှုသည်က သက်သေကို စစ်ဆေးခြင်းကို ခေါ်ပေသည်။

အမှန်ကို ဖော်ထုတ်ရာတွင် စွပ်စွဲချက်တစ်ခုတည်းနှင့် ဖော်ထုတ်၍ ရနိုင်ဖွယ်မရှိ။ စွပ်စွဲချက်တစ်ခုတည်းနှင့် ဖော်ထုတ်ပါက တရားမျှတမှု မရှိနိုင်။ တစ်ဖက်သတ်ကျသော၊ ဘက်လိုက်မှုပါသော၊ အဂတိတရားနှင့် ယှဉ်သော အမှန်တရားကိုသာ ရရှိဖွယ်ရှိ၏။

စွပ်စွဲခံရသူ၏ ပြောစကားကိုလည်း နားထောင်ဖို့လို၏။ ထိုအချက်သည် တရားမျှတမှု၏ အခြေခံအချက်လည်း ဖြစ်၏။

မည်သူမှားသည်၊ မည်သူမှန်သည်၊ မည်မျှအတိုင်းအတာအထိ မှားသည်မှန်သည်၊ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဟူသော အကြောင်းခံတရားများကို ထိုအခါတွင်မှ တွေ့နိုင်မည် ဖြစ်၏။

တရားတပေါင်များ ဖြစ်ကြသောအခါ စွပ်စွဲသူဟူ၍ ရှိလာသကဲ့သို့ အစွပ်အစွဲခံရသူဟူ၍လည်း ရှိလာ၏။ စွပ်စွဲသူ၏ စွပ်စွဲတင်ပြချက်နှင့် စပ်လျဉ်း၍ အစွပ်စွဲခံရသူဘက်သို့ ပြန်လှန်စစ်မေးခွင့်ကို ပေးခြင်း၊ အစွပ်စွဲခံရသူ၏ ချေပထုချေချက်နှင့် စပ်လျဉ်း၍ စွပ်စွဲသူဘက်ကိုလည်း ပြန်လှန်မေးမြန်းခွင့်ပေးခြင်းများ ရှိကြသည်။

ထိုသို့ သက်သေအား တစ်ဖက်အမှုသည်က စစ်မေးသည်ကို ပြန်လှန်စစ်မေးသည်ဟု ခေါ်သည်။

မြန်မာ စာအုပ်များ



အမှုသည်တစ်ယောက်က ၎င်း၏ သက်သေကို အဓိကစစ်မေးမှု ပြုပြီးသည်နှင့် တပြိုင်နက် တစ်ဘက်အမှုသည်အနေဖြင့် ယင်းသက်သေကို ပြန်လှန်စစ်မေးခွင့်ရသည်။ အဓိကစစ်ဆေးမှုတွင် ထွက်ဆိုထားခဲ့သည့် အစစ်ခံချက်များကို မှတ်ကျောက်တင်ကြည့်ရန်အတွက်ဟု ဆိုမည်ဆိုက ဆိုနိုင် ကောင်း၏။

အဆိုပြုချက်တစ်ရပ် ဆန့်ကျင်အဆိုပြုချက် တစ်ရပ်တို့ဖြင့် သမ္မုဟ တစ်ရပ်ကို ဖော်ယူနိုင်ရန်အတွက် ဖြစ်သည်ဟု ဆိုမည်ဆိုက ဆိုနိုင်ကောင်း၏။

| | |
|---|---|
| မိလိန္ဒမင်းကြီး။ | ငါသည် ဤသဲလမ်းခရီးကို ရထားစီး၍ လာခဲ့၏။ (ယင်းမှာ မိလိန္ဒမင်းကြီး ၏အဆိုပြုချက် ဖြစ်သည်။ ထိုသို့အဆိုပြုချက်သည် ရှင်နာဂသေနက ပြန်လှန် စစ်မေးခြင်း မပြုမီအထိမှန်သည်ဟု ယူဆစရာ ဖြစ်၏။သို့သော်မင်းကြီး၏ အဆိုပြုချက် ကို ရှင်နာဂသေန ကအောက်ပါအတိုင်းပြန်လှန်စစ်မေးခြင်းပြုလိုက် သော အခါတွင်မှုကား) |
| ရှင်နာဂသေန။ | မဟာရာဇ၊ ရထားစီးပြီး သင်လာခဲ့ပါလျှင် ငါ့အား ရထားပြပါလော့၊ လှည်းသံသည် ရထားလော၊ |
| မင်း။ | မဟုတ်ပါအရှင်ဘုရား၊ |
| ရှင်။ | လှည်းဘီးသည် ရထားလော၊ |
| မင်း။ | မဟုတ်ပါ အရှင်ဘုရား၊ |
| ရှင်။ | လှည်းထောက်သည် ရထားလော၊ |
| မင်း။ | မဟုတ်ပါ အရှင်ဘုရား၊ |
| ရှင်။ | လက်တင်သည် ရထားလော၊ |

မြန်မာ့ စာအုပ်များ



မင်း။ မဟုတ်ပါ အရှင်ဘုရား၊

ရှင်၊ ထမ်းပိုးသည် ရထားလော၊

မင်း။ မဟုတ်ပါ အရှင်ဘုရား၊

ရှင်၊ ကြိုးနှင့် နှင်တံတို့သည် ရထားလော၊

မင်း။ မဟုတ်ပါ အရှင်ဘုရား၊

ရှင်။ မဟာရာဇ သင်သည် "ရထားစီး၍ လာ၏" ဟုဆို၏။ ယခုမေးသောအခါ ရထားကို မတွေ့ချေ။ သို့ဖြစ်လျှင် ရထားသည် ခေါ်ဝေါ်သော ဝေါဟာရသဒ္ဒါမျှလော။ ရထားဘယ်မှာနည်း။

မင်း။ အရှင်ဘုရား၊ ရထားဟူသည် လှည်းဘီးဝင်ရိုး၊ ထမ်းပိုး စသည်ဆို့ကို အမှီပြုပြီး ဖြစ်ပေါ်လာသော ဝေါဟာရ အမည်သညာဖြစ်ပေသည်။

ထိုကဲ့သို့ ပြန်လှန်စစ်မေးခြင်း ပြုလိုက်သောအခါတွင်မှ မူလ မှန်သည် ဟု ယူဆထားခဲ့မိသော "ရထားစီး၍ လာ၏" ဟူသော အဆိုပြု ချက်၏ အားနည်းချက်၊ လိုအပ်ချက်များကို တွေ့လာရ၏။

နေမင်းသည် အဆင်းကို ထွန်းပခြင်း၊ မိုက်မှောင်ကို ဖြိုခွင်းဖျောက် ဖျက်ခြင်း၊ အလင်းကိုပြခြင်း၊ အချမ်းကို ငြိမ်းပျောက်စေခြင်းဟူသော ကိစ္စလေးပါးကို တစ်ပြိုင်နက် ပြုမြဲဖြစ်၏။

ထိုနည်းတူစွာပင် ပြန်လှန်စစ်မေးခြင်းသည် အဖြစ်မှန်ကို ပေါ်လွင် စေခြင်း၊ ဖုံးကွယ်ထားသည့် အမိုက်မှောင်ကို ဖြိုခွင်းဖျောက်ဖျက်ပစ်ခြင်း၊

မြန်မာ စာအုပ်များ



အမှန်တရားတည်းဟူသော အလင်းကိုပြခြင်းနှင့်စိုးရိမ်ကြောင့်ကြဖြစ်မှုတည်းဟူသော အချမ်းကို ငြိမ်းပျောက်စေခြင်း အမှုကို ပြီးမြောက်စေသည် ဟူသော အချက်ပင် ဖြစ်သည်။

ပြန်လှန်စစ်မေးခြင်းသည် ဤကဲ့သို့ အရာမြောက်ဆောင်ကြဉ်းပေးနိုင်သော ပညာရပ်တစ်ရပ် ဖြစ်သည်။

ဤပညာရပ်သည် "ဆရာတစ်ဆူ ဗျူဟာတစ်မျိုး" ဆိုသလို ရှိခဲ့ကြဖူးသည်။ အချို့တိမ်မြုပ်ပျောက်ကွယ်သွားသကဲ့သို့ အချို့ခေတ်ကာလနှင့် မညီတော့သည်များလည်း ရှိသည်။

"ကျမ်းမပေါက်တော့ ကျမ်းလျှောက်မဆုံး"ဖြစ်ကာ သူ့နည်းကောင်းနိုး၊ ကိုယ့်နည်းကောင်းနိုး၊ ဟိုနည်းကောင်းနိုး ဒီနည်းကောင်းနိုး ဖြစ်နေကြသူများလည်း ရှိသည်။

<u>အခြေအမြစ်ပေါင်းစပ်ပုံ၊ ဖွဲ့စည်းပုံများကို မသိက ပညာရပ်တစ်ခု၏ မပြည့်စုံခြင်း အဆင့်တွင်သာ ရှိနေမည် ဖြစ်သည်။</u>

"ကျမ်းပေါက်တော့ ကျမ်းတစ်ထုံး" ဖြစ်ကာ ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန် ဖြစ်လာသူများလည်း ရှိသည်။

ဤ"ပြန်လှန်စစ်မေးခြင်း ပညာ" စာအုပ်သည် "ဆရာတစ်ဆူ ဗျူဟာ တစ်မျိုး" အဖြစ်ကို မရည်ရွယ်ဘဲ ပြန်လှန်စစ်မေးခြင်းအပေါ် သဘောပေါက်သွားစေလိုမှု အပေါ်သာ အဓိကထား တင်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ပြန်လှန်စစ်မေးနည်း အမေးအဖြေ ပုံစံများ၊ လှိုင်လှိုင်ထည့်သွင်းဖော်ပြမှုကို အထူးရှောင်ကာ အကာထက် အနှစ်ကို သိလိုမြင်လိုသော သဘော ဖြင့် ဦးတည်တင်ပြခြင်း ဖြစ်ကြောင်း ဖော်ပြအပ်ပေသည်။

သက်သေက - "ပစ္စည်းကို တရားခံယူတာ ကျွန်တော်မြင်ပါတယ်"

မြန်မာ စာအုပ်များ



ဟု ထွက်ဆို၏။

ယင်းထွက်ဆိုချက်သည် မှန်ကောင်း မှန်နိုင်၏။ အမှန်အတိုင်း ထွက်ဆိုသည်လည်း ဖြစ်နိုင်၏။ ထို့တူ မမှန်မကန် ထွက်ဆိုသည်လည်း ဖြစ်နိုင်၏။ မလိုမုန်းထား၍ ထွက်ဆိုတာလည်း ဖြစ်နိုင်၏။ မှားယွင်းထွက်ဆိုတာလည်း ဖြစ်နိုင်၏။ ထိုသို့ဖြစ်ပါမူ ၄င်း၏ ထွက်ဆိုချက်သည် အမှား ဖြစ်၍ နေမည် ဖြစ်၏။

သက်သေ၏ ထွက်ဆိုချက် မှားသည် မှန်သည်ကို မည်ကဲ့သို့ သိရှိနိုင်မည်နည်း။ သက်သေလိမ်သည်၊ မလိမ်သည်ကို မည်ကဲ့သို့ သိနိုင်မည်နည်း။

ပြန်လှန်စစ်မေးခြင်း ပညာဖြင့်သာ ဖော်ထုတ်သိနိုင်မည် ဖြစ်သည်။

〈သက်သေနှင့် အခင်းဖြစ်နေရာ၏ အကွာအဝေး၊ အနေအထား၊ အလင်းရောင်၊ သက်သေ၏ မှတ်ဉာဏ်၊ အမြင်အာရုံ၊ သိမှတ်နိုင်မှု၊ တရားခံနှင့် ရန်ငြိုးရန်စ၊ ရှိမရှိ စသည့်အချက်များနှင့် အခြားသက်သေခံချက်တို့ကို ဖော်ထုတ်ချိန်ထိုးကာ အမှန်တကယ် မြင်နိုင်ခြင်း ရှိမရှိ အမှန်တကယ် မြင်ခဲ့မှု ဟုတ် မဟုတ် သရုပ်ခွဲ ကြည့်ရသည်။〉

ပြန်လှန်စစ်မေးခြင်း၏ အဓိက အနှစ်သာရမှာ အဓိကစစ်မေးချက်တွင် ပါရှိသော အမှန်တရားကို ဖျောက်ဖျက်ဖုံးကွယ်ရန် မဟုတ်၊ အဓိကစစ်ချက်တွင် ကွယ်ပနေသော အမှန်တရားကို ဖော်ထုတ်၍ မမှန်မှုကို တိုက်ခိုက်ရန်ဖြစ်ပေသည်။

မြန်မာ စာအုပ်များ

# အခန်း ၁

## ပြန်လှန်စစ်မေးခြင်း။

ပြန်လှန်စစ်မေးခြင်းအတတ်ပညာတွင် အောက်ပါအချက်များ ပါဝင်သည်။

(၁) ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက်၊

(၂) ပြန်လှန်စစ်မေးခြင်း မပြုမီ ပြင်ဆင်မှု ပြုထားရမည့်အချက်များ၊

(၃) ပြန်လှန်စစ်မေးရာတွင် ကျင့်သုံးရမည့်နည်းပညာများ၊

(၄) ပြန်လှန်စစ်မေးရာတွင် လိုက်နာရမည့်စည်းကမ်းများ၊

(၅) ပြန်လှန်စစ်မေးရမည့် အချက်အချာများ၊

မြန်မာ စာအုပ်များ



**ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက်။**

ပညာရှင်များက အဆိုအမိန့် အမျိုးမျိုး ပြုထားကြသည်များ ရှိသည်။ သို့သော် လက်ရှိကျင့်သုံးနေသော တရားစီရင်ရေးစနစ် ရေခံမြေခံ သဘာဝနှင့် ညီသော ပြန်လှန်စစ်မေးခြင်းဆိုင်ရာ ဦးတည်ချက်များကိုသာ တင်ပြလိုသည်။

(၁) ဥပဒေအခွင့်အရေးဆိုင်ရာများကို ဖော်ထုတ်၍ အမှုသည် အကျိုးဖြစ်မှုကို ရယူရန်၊

(၂) တစ်ဘက်မှ အဆိုပြု တင်ပြချက်မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးရန်၊

(၃) မိမိတင်ပြသည့် အချက်ကို လက်ခံလာစေရန်၊

ယင်းအချက်(၃)ချက်မှာ ပြန်လှန်စစ်မေးခြင်းဆိုင်ရာ ဦးတည်ချက်များပင်ဖြစ်သည်။

**၁။ ဥပဒေအခွင့်အရေးဆိုင်ရာများကို ဖော်ထုတ်၍ အမှုသည်အကျိုးဖြစ်မှုကို ရယူရန်။**

**(က) တစ်ချက်တည်းခုတ်ရုံဖြင့် ပြတ်ထွက်သွားနိုင်သော ပြန်လှန်စစ်မေး ခြင်း၏သော့ချက်။**

အမှုတစ်မှုတွင် တရားလိုအား ပြန်လှန်စစ်ဆေးရာတွင် မေးခွန်း တစ်ခွန်းတည်းမေးလိုက်ရုံဖြင့် အမှုကြီးတစ်ခုလုံး ပိတ်သိမ်းသွားရလောက်အောင် အလဲထိုးနိုင်ခဲ့သည့် စစ်မေးမှုမျိုး ကြုံခဲ့ရဖူးလေသည်။

အမှုမှာ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။ တရားခံအဖြစ် အစွပ်အစွဲခံထားရသူမှာ အစိုးရဝန်ထမ်းဖြစ်သည်။ အစိုးရဌာနတစ်ခုမှ ဝန်ထမ်းတစ်ဦးအပေါ် ဌာနလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျေနပ်

မှုမရှိသဖြင့် တရားရုံးတွင် တရားစွဲခြင်း ဖြစ်သည်။

တရားလို၏ အဓိကစစ်ဆေးချက်ပြီးသည့်နောက်တွင် တရားခံအကျိုးဆောင်က အောက်ပါအတိုင်း ပြန်လှန်စစ်မေးမှုပြုက မေးခွန်းတစ်ရပ်မေးမြန်းလိုက်သည်။

"ခင်ဗျား တရားစွဲတာ သက်ဆိုင်ရာဌာနရဲ့ တရားစွဲခွင့် အမိန့်တောင်းခံရယူခဲ့ခြင်းတော့ မရှိဘူးမဟုတ်လား"

စင်စစ် အစိုးရဌာနမှ ဝန်ထမ်းတစ်ဦးအား လုပ်ငန်းနှင့် စပ်လျဉ်းပြီးမကျေနပ်၍ တရားစွဲမည်ဆိုပါက သက်ဆိုင်ရာထံ တရားစွဲခွင့်အမိန့်တောင်းခံရမည်ဖြစ်သည်။ သက်ဆိုင်ရာ၏ တရားစွဲခွင့်အမိန့် (Sanction)ပါမှ တရားစွဲခွင့်ရှိမည် ဖြစ်သည်။ တရားစွဲခွင့်အမိန့် မပါက အမှုပျက်သည်။ သို့သော် တရားလိုက ဦးတိုက်လျှောက်ထား တရားစွဲဆိုရာတွင် ထိုလုပ်ဆောင်မှုကို ပြုလုပ်ခဲ့ခြင်း မရှိသည်ကို တရားခံရှေ့နေက သိထားသည်။ တရားလို၏ ဥပဒေပိုင်းဆိုင်ရာဟာကွက်ကို ကိုင်၍ အထက်ပါအတိုင်း "ပွဲသိမ်းမေးခွန်း" ဖြင့် အမှုတစ်ခုလုံးကို အလဲထိုး အနိုင်ယူသွားခဲ့ဖူးသည်။

ကြိုတင်ခွင့်ပြုချက်မရဘဲ တရားရုံးက ၄င်းပြည်သူ့ဝန်ထမ်းအား တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၇(၁)၏ ပြဋ္ဌာန်းချက်နှင့် မညီသဖြင့် ဥပဒေ အရ မှားယွင်းပေသည်။[၁]

ဥပဒေ အခွင့်အရေးဆိုင်ရာများကို ဖော်ထုတ်၍ သက်သာမှုကို ရယူမည့် ရှေ့နေသည် ဥပဒေ ရေးရာတွင် နှံ့စပ်ဖို့လိုသည်။ အထူးသဖြင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျင့်ထုံးများနှင့် ပတ်သက်၍လည်းကောင်း၊ ကုစားနိုင်သည့်အမှား၊ မကုစားနိုင်သည့် အမှားများနှင့် ပတ်သက်၍လည်းကောင်း သိထား ရန် လိုအပ်သည်။ ထို့ပြင် ကင်းလွတ်ခွင့်ရမြဲအချက်၊ ကာကွယ်ခုခံပိုင်ခွင့် အချက်များကိုလည်း မမေ့မလျော့ ရှိရန်လိုသည်။

---

၁။ ၁၉၆၉၊ မတစ ၁၃၈

တစ်ချက်တည်း ခုတ်ရုံဖြင့် ပြတ်ထွက်သွားနိုင်သော ပြန်လှန်စစ်မေးနည်းသည် အကောင်းဆုံးနှင့် အထိရောက်ဆုံး မေးမြန်းနည်းပင် ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၉၅၊ ၁၉၆၊ ၁၉၆(က)၊ ၁၉၇အရ စွဲဆိုထားသော အမှုများတွင် သာမန်အရပ်သားများကို အမှုစွဲဆို ဆောင်ရွက်ခွင့်မပြုရ။ ကျင့်ထုံးပုဒ်မ ၁၉၈၊ ၁၉၉အရ ကျရောက်သော အမှုများတွင် တိုင်လျှောက်ချက်ကို ပြုလုပ်ခွင့်ရှိသူမှတပါး အခြားမည်သူကိုမျှ အမှုကို စွဲဆိုဆောင်ရွက်ခွင့် မပြုရ။

ယင်းအချက်များနှင့် မညီညွတ်က အမှုပျက်သည်။ ထိုအချက်ကို တရားခံရှေ့နေများ သိထားသင့်သည်။

(ခ)မကုစားနိုင်သော အမှုများ အပေါ်လေ့ကျက်ခြင်း။

နည်းလမ်းမကျသောကြောင့် ပလပ်သော အမှုများနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၀တွင် ပြဋ္ဌာန်းပါရှိသည်။

ဥပဒေ ကခွင့်မပြုဘဲ အမှုများ ပေါင်းစပ်ခြင်းသည် မကုစားနိုင်သော အမှားဖြစ်သည်[၂]။ ရာဇသတ်ကြီးအရ ပြစ်မှုနှင့် အထူးဥပဒေအရ ပြစ်မှုကိုပေါင်း၍ စစ်ခြင်းသည်လည်း မကုစားနိုင်သော အမှားဖြစ်သည်[၃]။ ခြားနားသော ပူးပေါင်းကြံစည်မှုများတွင် တရားခံများအား တစ်မှုတည်းတွင် ပေါင်းစပ်ခြင်းသည် မကုစားနိုင်သော အမှားပင်ဖြစ်သည်။

ထောင်ဒဏ် ၆လကျော် အပြစ်ပေးနိုင်သော အမှုကို ထောင်ဒဏ် ၆လအထိ အပြစ်ပေးနိုင်သော အမှုအဖြစ် စစ်လျှင် မကုစားနိုင်သော အမှားဖြစ်သည်။[၅] စီရင်ပိုင်ခွင့်မရှိဘဲ စစ်လျှင်လည်း မကုစားနိုင်သော အမှားဖြစ်သည်။[၆]

၁။ တရားရုံးများ လက်စွဲစာပိုဒ် ၄၂၁ ...
၂။ ၁၉၅၀၊ မတစ(လွှတ်ချုပ်)၁၀၂
၃။ ၁၉၅၅၊ မတစ(လွှတ်တော်) ၁၈၄
၄။ ၁၉၆၂ မတစ(လွှတ်တော်)၈၉
၅။ ၁၉၆၄၊ မတစ၊ ၆၇၉
၆။ အေအိုင်အာရ် ၁၉၄၈-ပီစီ-၁၂

မြန်မာ စာအုပ်များ



သီးခြားအမှုနှစ်ခုကို တစ်ပြိုင်နက်တည်း စစ်ခြင်း[၁] ၊ တစ်ဖက်မှ သက်သေခံအထောက်အထားကို အခြားအမှုတွင် သုံးခြင်း[၂]သည် မကုစားနိုင်သော အမှားများ ဖြစ်သည်။

လက်နက်ဥပဒေ ၁၉(စ) အမှုတွင်တရားစွဲဆိုခွင့်မပါခြင်း[၃]၊ တရားခံက သက်သေအဖြစ် အစစ်မခံသည့်အခါ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၄၂(၂) အရ စစ်ဆေးရန် ပျက်ကွက်ခြင်း၊[၄] ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ အရ အကြောင်းကြားစာမထုတ်ခြင်း၊[၅] ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၆ ပါ ပြဋ္ဌာန်းချက်တို့ကို မလိုက်နာခြင်းများသည် မကုစားနိုင်သော အမှား များပင် ဖြစ်သည်။

## (ဝ) ကင်းလွတ်ခွင့်ရမြဲ အချတ်များအပေါ် လေ့ကျက်ခြင်း။

ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၇၆ မှ ၉၅ အထိ ပြဋ္ဌာန်းထားသည့် အချက်များ ဖြစ်သည်။ ပြန်လှန်စစ်မေးခြင်း ပြုရာတွင် ယင်းပုဒ်မ ပြဋ္ဌာန်းချက်များ နှင့် အကျုံးတဝင်ရှိက ပြစ်မှုမမြောက်သည်ဖြစ်၍ အမေးကောင်းက တစ်ချက်တည်းနှင့် ပွဲသိမ်းနိုင်၏။

---

၁။ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၀၊ ၇၃

၂။ ၁၉၆၆၊ မတစ ၆၇၃

၃။ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၈၊ ၄၅၂

၄။ ၁၉၅၃၊ မတစ(လွှတ်တော်) ၁၁၀

၅။ ၁၉၆၄၊ မတစ၊ ၂၁၉

မြန်မာ စာအုပ်များ



✱✱ (တရားစီရင်ရေးဆောင်ရွက်ရာ၌ တရားသူကြီး၏ ပြုလုပ်မှု[၁] တရားစီရင်ချက်အရ သို့တည်းမဟုတ် အမိန့်အရ ပြုလုပ်မှု[၂]၊ ရာဇဝတ် မကင်းသော အကြံမရှိဘဲ အခြားသော ဘေးအန္တရာယ်ကို ကာကွယ်တားဆီးလိုသဖြင့် ဘေးအန္တရာယ်ဖြစ်စေတန်ရာသော ပြုလုပ်မှု[၃]၊ အသက်ခုနှစ်နှစ်အောက် ကလေး၏ ပြုလုပ်မှု[၄] အမြော်အမြင် အဆက်အသွယ် မပြည့်စုံသေး၍ အသက်ခုနစ်နှစ်အထက် ဆယ်နှစ်နှစ်အောက် အရွယ်ရှိသောကလေး၏ ပြုလုပ်မှု[၅]၊ စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု[၆]၊ အလိုမတူဘဲ မူးယစ်အောင် သူတစ်ပါးက တိုက်ကျွေးသဖြင့် မသိနိုင်သူ၏ ပြုလုပ်မှု၊ [၇]သေစေရန်ဖြစ်စေ၊ အပြင်းအထန် နာကျင်စေရန် ဖြစ်စေ၊ အကြံစည်မရှိဘဲနှင့်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို မသိဘဲနှင့်သော်လည်းကောင်း၊ အပြုခံရသူ သဘောတူညီချက်ဖြင့် လည်း ကောင်း ပြုလုပ်မှု၊ [၈]သေစေရန် ကြံရွယ်ခြင်းမရှိ၊ တစ်ဦးတစ်ယောက်သော သူ၏အကျိုးငှာ ထိုသူ၏ သဘောတူညီချက်ဖြင့် သဘောရိုးနှင့်ပြုသည့် ပြုလုပ်မှု၊ [၉]ကလေး၏သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူ၏ အကျိုးငှာ အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူ၏သဘောတူညီ ချက်နှင့်ဖြစ်စေ သဘောရိုးဖြင့် ပြုလုပ်သည့် ပြုလုပ်မှု[၁၀]၊ တစ်ဦးတစ်ယောက်သော သူ၏ အကျိုးငှာ ထိုသူ သဘောတူချက် မရှိဘဲ သဘောရိုးဖြင့်ပြုလုပ်မှု[၁၁]၊ ခြိမ်းခြောက်၍ ခိုင်းစေသောကြောင့် ပြုလုပ်ရသည့် ပြုလုပ်မှု[၁၂]၊ ဘေးအန္တရာယ်အနည်းငယ်မျှသာ ဖြစ်စေသည့် ပြုလုပ်မှု[၁၃]။

ဥပဒေအရ တာဝန်ရှိသဖြင့် ပြုလုပ်ခြင်းသို့တည်းမဟုတ် ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ တာဝန်ရှိသည် ယုံကြည်၍ ပြုလုပ်ခြင်း[၁၄]၊ ဥပဒေအရ ပြုပိုင်သူ၏ ပြုလုပ်ခြင်း သို့တည်းမဟုတ်

---

၁။ ရာဇသတ်ပုဒ်မ ၇၇
၂။ ရာဇသတ်ပုဒ်မ ၇၈
၃။ ရာဇသတ်ပုဒ်မ ၈၁
၄။ ရာဇသတ်ပုဒ်မ ၈၂
၅။ ရာဇသတ်ပုဒ်မ ၈၃
၆။ ရာဇသတ်ပုဒ်မ ၈၄
၇။ ရာဇသတ်ပုဒ်မ ၈၅
၈။ ရာဇသတ်ပုဒ်မ ၈၇
၉။ ရာဇသတ်ပုဒ်မ ၈၈
၁၀။ ရာဇသတ်ပုဒ်မ ၈၉
၁၁။ ရာဇသတ်ပုဒ်မ ၉၂
၁၂။ ရာဇသတ်ပုဒ်မ ၉၄
၁၃။ ရာဇသတ်ပုဒ်မ ၉၅
၁၄။ ရာဇသတ်ပုဒ်မ ၇၆

မြန်မာ စာအုပ်များ



ကြောင်းခြင်းရာကို အယူအလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု ယုံကြည်၍ ပြုလုပ်ခြင်း[၁]၊ ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ပြုလုပ်ရာတွင် မတော်တဆဖြစ်ခြင်း[၂]၊ ကြောက်ရွံ့၍ဖြစ်စေ၊ ကြောင်းခြင်းရာ အမှန်မသိ၍ ဖြစ်စေ သဘောတူခြင်း၊ ကလေးက သဘောတူခြင်း[၃]၊ ဖြစ်စေမည့်ဘေး အန္တရာယ်ကို ထောက်ထားခြင်းမပြုဘဲ ပြစ်မှုမြောက်သည့် ပြုလုပ်မှုများကို ခြွင်းချန်ခြင်း[၄]၊ သဘောရိုးဖြင့် အကြောင်းကြားခြင်း[၅]။)

## (ယ) ကာကွယ်ခုခံပိုင်ခွင့်အပေါ် လေ့ကျက်ခြင်း

ကြီးနိုင်ငယ်ညှဥ်းဆိုသည့် သဘောအရ မတရားကျူးကျော်ခြင်းကို တားဆီးရန်ဖြစ်သည်။ နေရာတကာ၌ မတရားကျူးကျော်ခြင်းကို တားဆီးပေးရန် ရဲသားများထားပေးနိုင်မည်မဟုတ်သဖြင့်၊ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်သည်ဆိုရိုးစကားအတိုင်း ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်သည့် နိုင်ငံသူ နိုင်ငံသားများပီပီ၊ သူရဲဘောမကြောင်ဘဲ သတ္တိရှိရှိ တုံ့ပြန်နိုင်ရန် ရည်ရွယ်သည်။ တစ်ဦးတစ်ယောက်က ရန်မူလာလျှင် ထွက်ပြေးခြင်း မရှိဘဲ ရန်မမူနိုင်သည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိပေသည်[၆]။ သို့ရာတွင် လိုအပ်သည် ထက်ပို၍ ကလဲ့စားချေသည့် သဘောသက်ရောက်အောင် သတ်ဖြတ်ခြင်းမပြုနိုင်ပေ[၇]။ ဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ဖွယ် အခြေမရှိပါက ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမချနိုင်[၈]။ ခုခံကာကွယ်ပိုင်ခွင့်ရှိသူသည် မည်သည့်လက်နက်ကိုသာ အသုံးပြုရမည်ဟု ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်မရှိပေ[၉]။ ပြုလုပ်မှု တစ်စုံတစ်ခုသည် ပြစ်မှုမြောက်သည့် ပြုလုပ်မှု မဟုတ်ပါက ထိုပြုလုပ်မှုနှင့် ပတ်သက်၍ ကာကွယ်ခုခံပိုင်ခွင့်မရပေ[၁၀]။

---

၁။ ရာဇသတ်ပုဒ်မ ၇၉

၂။ ရာဇသတ်ပုဒ်မ ၈၀

၃။ ရာဇသတ်ပုဒ်မ ၉၀

၄။ ရာဇသတ်ပုဒ်မ ၉၁

၅။ ရာဇသတ်ပုဒ်မ ၉၃

၆။ ၁၉၄၈၊ မတစ၊ ၆၆၀

၇။ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး ၆၄

၈။ ပြစ်မှုဆိုင်ရာ ပုဒ်မ ၉၉

၉။ ၁၉၃၉၊ ရန်ကုန် ၂၂၅
၁၉၄၇၊ ရန်ကုန်စီရင်ထုံး ၄၅

၁၀။ အေအိုင်အာရ်၊ အောက်မြန်မာပြည်၊ ၁၂

မြန်မာ စာအုပ်များ



မိမိကိုယ်တိုင်က မတရားစော်ကားသူဖြစ်လျှင်သော်လည်းကောင်း၊ ရန်ရှာသူဖြစ်လျှင်သော်လည်းကောင်း၊ ခုခံပိုင်ခွင့်မရှိ။ ပုဒ်မ ၉၉၏ အပိုဒ် (၃) နှင့် (၄)တို့ရှိ ကန့်သတ်ချက်များသည် ကာကွယ်ခုခံပိုင်ခွင့်တိုင်းနှင့် သက်ဆိုင်ပေသည်။

## (င) မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်

လူတစ်ဦးသည် မိမိကိုယ်ကို ထိပါးလာလျှင်သော်လည်းကောင်း ထိပါးရန် ခြိမ်းခြောက်လာလျှင်သော်လည်းကောင်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည်ဆိုခြင်းမှာ အထူးဖော်ပြရန် လိုမည် မဟုတ်ပေ[၁]။ ဓားနှင့် ခုတ်ရန်လုပ်သည့်လင်ကို ထင်းစနှင့် တစ်ချက်ရိုက်ခြင်းသည် အသက်ဘေးအန္တရာယ်ကို ကာကွယ်ရန်ပြုခြင်းဖြစ်၍ ပြစ်မှုမမြောက်[၂]၊ သေသူက စတင်၍ ရန်မူသဖြင့် ရဲဌာနမှ ခုန်ချကာ ထွက်ပြေးရန် ကြိုးစားစဉ် ဆက်လက်ရန်မူသောကြောင့် သေနတ်နှင့် တစ်ချက်ပြန်ပစ်ခတ်ခြင်းသည် ဤပုဒ်မတွင် အကျုံးဝင်သည့် ခုခံကာကွယ်ခြင်း ဖြစ်သည်[၃]။

ကာကွယ်ခုခံပိုင်ခွင့်သည် မိမိကိုယ်ကိုသာမက မိမိ၏ ဆွေမျိုး အသိမိတ်ဆွေများအပြင် သူစိမ်းတစ်ရံဆံ လူ၏ ကိုယ်နှင့်လည်း အကျုံးဝင်သည်။ ကြီးနိုင်ငယ်ညှင်း သဘောသက်ရောက်သည့် ကိစ္စများတွင် အားနည်းသူကို ကူညီရန် ကယ်ဆယ်ရန် လူမှုရေးအရ တာဝန်ရှိသဖြင့် ဆွေမျိုးတော်စပ်ခြင်းမရှိသည့် သူစိမ်းတစ်ရံဆံပင် ဖြစ်လင့်ကစား ထိုသူ၏ ကိုယ်အတွက် ကာကွယ်ခုခံပိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ လိုအပ်သည်ထက်ပို၍ ဘေးအန္တရာယ် မပြုနိုင်ပေ။ မိတ်ဆွေဖြစ်သူအား လက်သီးနှင့်ထိုးသူကို ဓားနှင့်ထိုးသတ်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးချခဲ့ခြင်းသာ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။[၅]

---

၁။ ၁၉၆၆၊ မတစ၊ ၄၂၈
၂။ ၁၉၆၄၊ မတစ၊ ၄၉၈
၃။ ၁၉၆၆၊ မတစ၊ (အထူးအယူခံ)၁၁၆
၄။ ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၀၉
၁၉၅၄၊ မြန်မာနိုင်ငံစီရင်ထုံး(လွှတ်တော်)၂၈
၅။ ၁၉၆၆၊ မတစ၊ ၄၄၁

မြန်မာ စာအုပ်များ



ကာကွယ်ခုခံပိုင်ခွင့်ကို ပြစ်မှုကျူးလွန်နေခိုက် ကျူးလွန်ရန် ခြိမ်းခြောက်နေခိုက်တွင်သာ အသုံးပြုနိုင်သည်ဟု ဆိုသော်လည်း မိမိအား အန္တရာယ်ပြုရန် ခြိမ်းခြောက်ခြင်းခံနေရသ၍ အသုံးပြုနိုင်မည်ဖြစ်သည်။ အနီးအနား၌ လူများရှိနေသည်ဆိုသော အကြောင်းကြောင့် ကာကွယ်ခုခံပိုင်ခွင့်ကို မသုံးရဟု တားမြစ်ထားခြင်းမရှိ၊ အနီးအနားတွင် လူအများ ရှိပင်ရှိသော်ငြားလည်း ထိုသူတို့က ဝင်ရောက်ကူညီခြင်းမပြုဘဲ လက်ပိုက်ကြည့်နေပါက ကျူးကျော်စော်ကားခြင်း ခံရမည်ဖြစ်သည့်အလျောက် ကာကွယ်ခုခံပိုင်ခွင့်ကို ပိတ်ပင်ခြင်းမရှိ အသုံးပြုနိုင်သည်ဟု ဆိုလိုပေသည်။

ဤပုဒ်မအရ ပေးထားသည့်အခွင့်အရေးသည် ပုဒ်မ ၉၉ နှင့် ၁၀၀ တို့တွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များအတွင်း ကျရောက်ရန် လိုပေသည်။

(စ) ပစ္စည်းကာကွယ်ပိုင်ခွင့်။

မိမိ၏ ပစ္စည်းသာမက သူတစ်ပါး၏ပစ္စည်းကို ကျူးကျော်လာလျှင် ကျူးကျော်သူအား ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ ဤပုဒ်မ၌ ဖော်ပြထားသည့် ပြစ်မှုအမျိုးအစားတစ်ခုခုကို ကျူးလွန်လာလျှင်၊ ကျူးလွန်ရန် အားထုတ်ခြိမ်းခြောက် လာလျှင် ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုနိုင်သည်။ ဖော်ပြထားသည့်ပြစ်မှုအမျိုးအစားတစ်ခုခုမဟုတ်လျှင် ဤပုဒ်မအရ အကျိုးခံစားခွင့်မရှိ။

ပြစ်မှုဆိုင်ရာ အမှုများ၌ ပစ္စည်းကို မည်သူပိုင်ဆိုင်သည် ဆိုသော ပြဿနာကို စဉ်းစားရန်မလိုပေ။မည်သူသည် တရားသဖြင့် လက်ရှိ ဖြစ်သည်ဟုသာ စဉ်းစားရန်လိုသည်။ ပြစ်မှုဥပဒေမှာ ငြိမ်ဝပ်ပိပြားရေးကိုသာ အဓိကဦးတည်ချက်ပြုသဖြင့် တရားသဖြင့် လက်ရှိဖြစ်သူကိုသာ

မြန်မာ စာအုပ်များ



အကာအကွယ်ပေးခြင်းဖြစ်သည်။ ပစ္စည်းကို လက်ရှိမဟုတ်လျှင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ကာကွယ်ခုခံပိုင်ခွင့်မရှိပေ။ လက်ရှိဖြစ်သည် ဆိုရာ၌ ကျူးကျော်ဝင်ရောက်ပြီး မတရားလက်ရှိဖြစ်ခြင်းကို မဆိုလို။ ဥပမာ - လူတစ်ယောက်သည် ၎င်း၏ အိမ်တံခါးကို ဖွင့်၍ အပြင်သို့ ခေတ္တထွက်သွားခိုက်။ သူခိုးတစ်ယောက် အိမ်ထဲသို့ ဝင်နေသည်ဆိုပါစို့။ သူခိုးသည် အိမ်ကို လက်ရှိဖြစ်သော်လည်း တရားသဖြင့် လက်ရှိသူ မဟုတ်ပေ။ သို့ရာတွင် ကျူးကျော်သူက ပစ္စည်းအား လက်ရှိဖြစ်နေသည်ကို ပိုင်ရှင်က တစ်စုံတစ်ရာ ကန့်ကွက်တားမြစ်ခြင်း မရှိပါက ကျူးကျော်သူအနေဖြင့် တရားသဖြင့် လက်ရှိရသူအဖြစ် ဆိုက်ရောက်နိုင် သည်။ ထိုအခြေအနေကို ဆိုက်ရောက်လျှင်၊ ကျူးကျော်သူပင် ဖြစ်လင့်ကစား၊ ကာကွယ်ခုခံပိုင်ခွင့် ရမည်ဖြစ်သည်။ ပိုင်ရှင်သည် ထိုကျူးကျော်သူထံမှ ပစ္စည်းကို အကြမ်းနည်းဖြင့် ပြန်လည်ရယူခြင်း မပြုနိုင်။ ဥပဒေဘောင်အတွင်းမှသာ ပြန်လည်တောင်းဆိုရမည် ဖြစ်သည်။ အကြမ်းနည်းကို အသုံးပြုလျှင် ကျူးကျော်သူ၌ ကာကွယ်ခုခံပိုင်ခွင့် ရှိမည်ဖြစ်သည်။

ပစ္စည်းကို ကာကွယ်ခုခံရာတွင် ပုဒ်မ ၉၉နှင့် ၁၀၃တို့ရှိ ပြဋ္ဌာန်းချက်များနှင့်လည်း ညီညွတ်ရန် လိုသည်။ ၎င်းပုဒ်မ ၉၉အရ ဆိုပါက လိုသည်ထက်ပို၍ အန္တရာယ်မပြုနိုင်။ ပုဒ်မ ၁၀၃တွင် မည်သည့်အခါမျိုး၌သာ ကျူးကျော်သူအား သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

လက်နက်ကိုင်သူခိုးကို ပစ္စည်းရှင်က ဖမ်းရန် ဓားနှင့်ထိုးရာ သူခိုးက ၎င်းအား ဖမ်းဆီးခြင်း မပြုနိုင်အောင် ပြန်၍ ဓားနှင့်ထိုးခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း မကျရောက်ပေ[၁]။

၁။ တောက်မြန်မာပြည် ၁၃၆

မြန်မာ စာအုပ်များ



သို့ရာတွင် ပစ္စည်းကို ကျူးကျော်လာသူ အား သက်ဆိုင်ရာ အာဏာပိုင်ထံသို့ တိုင်တန်းချိန် မရသဖြင့် ဥပဒေကခွင့်ပြုထားသည့်အတိုင်း ခုခံကာကွယ်ခြင်း သည် ဤပုဒ်မအရ ပြစ်မှုမမြောက်ပါ။ ကြက်သူခိုးအား သေအောင် သတ်ခြင်းသည် ဤပုဒ်မအရ ခွင့်ပြုထားသည့် ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်ရာရောက်သည်။[၂]

ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်ရသည့် ပြစ်မှုများကို ဤပုဒ်မ၌ ဖော်ပြထားရာ ၎င်းတို့မှာ သူခိုး လုယက်မှုအကျိုးဖျက်ဆီးမှုနှင့် ပြစ်မှုမကင်းသည့် ကျော်နင်းမှုများ ဖြစ်သည်။ ယင်းဖော်ပြချက်သည် ပြည့်စုံသည့် ဖော်ပြချက်ဟု မဆိုနိုင်ပေ။ ခိုးမှုတွင် အိမ်ဖောက်ထွင်းပြီး ခိုးသည့် ခိုးမှု၊ လုယက်မှု၊ ခြေမှုများသည် အကျုံးမဝင်ဟု မဆိုပါချေ။ ခိုးမှုဆိုလျှင် ခိုးယူခြင်းနှင့် သက်ဆိုင်သည့် မည်သည့်အမှုမျိုးမဆို ပါဝင်သင့်သည်။ လုယက်မှု အကျိုးဖျက်ဆီးမှု ပြစ်မှုမကင်းသည့် ကျူးကျော်မှုများကိုလည်း အလားတူပင် အဓိပ္ပာယ် ကောက်ယူရမည် ဖြစ်သည်။

ပြစ်မှု ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုတွင် ကာကွယ်ခုခံပိုင်ခွင့် ရှိ မရှိဆိုသော ပြဿနာနှင့် ပတ်သက်၍ ဆုံးဖြတ်ရာ၌ အောက်ပါအချက် အလက်များကို စဉ်းစားသင့်ပေသည်။

၁။ တရားခံသည် ပစ္စည်း၏ ပိုင်ရှင်ဖြစ်သော်လည်း လက်ရှိ မဟုတ်က လက်ရောက်ရရှိကြောင်း ဥပဒေဘောင်အတွင်းမှ တောင်းဆိုရမည်၊ လက်ရှိမဟုတ်လျှင် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်မဆိုနိုင်၍ အကြမ်း နည်းဖြင့် ရယူခြင်း မပြုနိုင်။

---

၁။ တောက်မြန်မာပြည် ၂၀၉

၂။ ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး ၂၀၉

မြန်မာ စာအုပ်များ



၂။ တရားခံသည် ပစ္စည်းကို မူလလက်ရှိဖြစ်သော်လည်း တစ်ဖက်မှ ၎င်းအား လက်မဲ့ဖြစ်စေခဲ့ရာ ထိုသို့ လက်မဲ့ဖြစ်ရခြင်းကို သင့်တော်သည့် အချိန်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်တားမြစ်ခြင်း မရှိပါက အကြမ်းနည်းဖြင့် ပြန်လည်လက်ရောက်ရယူခြင်း မပြုနိုင်။ တရားရုံးအကူအညီဖြင့်သာ ရယူနိုင်မည် ဖြစ်သည်။

၃။ လက်ရှိဖြစ်ခဲ့ဖူးသူ တရားခံသည် ကျူးကျော်ကြောင်း သိလျှင် သိခြင်း မဆိုင်းမတွ ပြန်လည်လက်ရောက်ရယူရာ၌ အကြမ်းနည်းကို အသုံးပြုနိုင်သည် ဖြစ်သော်လည်း တစ်ဖက်မှ အချိန်ကြာမြင့်စွာ ပစ္စည်းကို ကျူးကျော်၍ အေးဆေးစွာ လက်ရှိဖြစ်နေပါမူ အကြမ်းဖက်ရန် အခွင့်အရေး မရှိ။

၄။ ပစ္စည်းကို သုံးစွဲရန် အခွင့်အရေးအား ထိခိုက်စေမည့် ကိစ္စတွင် သက်ဆိုင်ရာသို့ တိုင်ကြားနေခြင်းအားဖြင့် အချိန်ကြာညောင်းပြီး ထိခိုက်နစ်နာမှု ကြီးထွားလာရန် အကြောင်းရှိပါက အကြမ်းနည်းကို အသုံးပြုခွင့်ရှိမည် ဖြစ်သည်။

၅။ ကျူးကျော်မှု ပြုမည်ဟု သတင်းရပြီးနောက် သက်ဆိုင်ရာသို့ တားမြစ်ပေးရန် အချိန်ရရှိပါလျက် အကြောင်းကြားခြင်း မရှိလျှင် ကာကွယ် ခုခံပိုင်ခွင့်မရနိုင်။

၆။ ပစ္စည်းကို ကာကွယ်ခုခံသည့် သဘောမျိုးမဟုတ်ဘဲ နှစ်ဦးနှစ်ဘက် အားစမ်းသည့်အနေဖြင့် သဘောတူ ရိုက်ပုတ်သတ်ဖြတ်ခြင်း ဖြစ်ပါက မည်သူ့တွင်မှ ကာကွယ်ခုခံပိုင်ခွင့်မရှိ။

၇။ ပစ္စည်းတည်ရှိရာ၌မဟုတ်ဘဲ အခြားတစ်နေရာ၌ ဖြစ်ပါမူ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်အရ ပြုသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

၈။ ပစ္စည်းနှင့် စပ်လျဉ်း၍ စကားများဆဲရေးရာ၌ လက်မဲ့

မြန်မာ စာအုပ်များ



ဖြစ်သူက ပစ္စည်းကို လက်ရောက်ယူရန် အားထုတ်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုပါက လက်ရှိဖြစ်သူသည် အကြမ်းမဖက်နိုင်ပေ။[၁]

## ၂။ တစ်ဖက်မှ အဆိုပြုတင်ပြထားသည့်အချက် မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးခြင်း။

### (တ) ဖော်ထုတ်စစ်မေးရမည့် မေးကွက်များ၊

တရားလိုက မှန်ကြောင်း အခိုင်အမာပြောသော အကြောင်းအခြင်း အရာများကို ကွဲလွဲသော အကြောင်းခြင်းရာများ ပြသခြင်း ဖြင့် အကြောင်းခြင်းရာများအား ပြောင်းလဲစေရန် (သို့) တစ်ဖက်ကို တရားရုံးက ယုံကြည်မှု နည်းသွားစေရန် မေးမြန်းခြင်းသည် မခိုင်လုံကြောင်း နှင့် မမှန်ကန်ကြောင်း ပြန်လည်စစ်မေးခြင်း ဖြစ်သည်။

၁။ သက်သေက မြင်ခဲ့သည် ဆိုသောအရာကို မမြင်ခဲ့ကြောင်း ဖော်ထုတ်ရန်၊

၂။ သက်သေက ကြားခဲ့သည်ဆိုသောအရာကိုမကြားခဲ့ကြောင်း ဖော်ထုတ်ရန်၊

၃။ တစ်ဆင့်ကြားသဖြင့် ပြောဆိုနေကြောင်း ဖော်ထုတ်ရန်၊

၄။ သက်သေက ယေဘုယျစကားဖြင့် ပြောထားသည့်အချက်များ မမှန်ကြောင်း တိတိကျကျ ပြောနိုင်းသည့် နည်းဖြင့် ဖော်ထုတ်ရန်၊

၅။ သက်သေက တစ်စုံတစ်ရာ မှတ်မိသည် ပြောခြင်းသည် အမှတ်မှားပြီး ပြောခြင်းဖြစ်ကြောင်း ဖော်ထုတ်ရန်။

---

၁။ ဦးသက်ဖေ ၊ပြစ်မှုဆိုင်ရာဥပဒေ သိကောင်းစရာများ၊

မြန်မာ စာအုပ်များ



၆။ အဓိကစစ်မေးခြင်းတွင် သက်သေက တရားခံအတွက် အကျိုးရှိစွာ ထွက်ဆိုခဲ့သည့် အချက်ကို ထပ်မံထွက်ဆိုရန်။

၇။ သက်သေနှင့် အမှုသည် ဆွေမျိုးတော်စပ်မှု စီးပွားရေး ဩဇာလွှမ်းမိုးမှု ၊ လူမှုရေးအားနာမှုနှင့် အမှုကာလ အတွင်း အဆက်အသွယ်ရှိနေမှုများကို ဖော်ထုတ်ရန်။

၈။ သက်သေ၏ လက်ငင်းထွက်ဆိုချက်တွင် ယခင်ထွက်ဆို ချက်၌ မပါဘဲ ဖြည့်ထားချက်များ ပါနေသည်ဟုငှင်း၊ ကွဲလွဲနေသည်ဟုငှင်း၊ ဆန့်ကျင်နေသည်ဟုငှင်း ဖော်ထုတ် ရန်။

(ခ) ပိုင်းခြား၍ ချေဖျက်ခြင်း။

မောင်ဖြူကို မောင်နက်က ရိုက်သည်။ ထိုအဖြစ်အပျက်ကို မောင်နီ မြင်သည်ဟု ဆိုသည်။

မောင်နီသည် အချင်းဖြစ်ပွားမှု တစ်စုံတစ်ရာကို သိ၍ မှတ်သား ထားမှု ရှိရခြင်း (Observation)၊

သိခဲ့မှု မှတ်သားခဲ့မှုကို သတိရမှုရှိရခြင်း(Recollection)၊

သတိရသရွေ့ကို ရုံးရှေ့ထွက်ဆိုချက်ပေးခြင်း(Narration)၊

**Observation**

ပြန်လှန်စစ်မေးရာတွင် သက်သေ၏ စွမ်းအင်နှင့် မြင်သိမှုဆိုင်ရာ အခွင့်အလမ်းများကို စမ်းသပ်မေးမြန်းရသည်။ ထို့နောက် -

(၁) မြင်နိုင်စွမ်းအား မရှိကြောင်း၊

(၂) မြင်နိုင်မှုစွမ်းအား ချို့တဲ့ကြောင်း၊

(၃) အမြင်မှားယွင်းကြောင်း၊

(၄) ရှုထောင့်မပြည့်စုံကြောင်း၊

(၅) မြင်လိုက်သော အရာကို မှတ်သားနိုင်လောက်သော (သို့) တရားလိုက မည်သို့ ပြောဆိုကြောင်း၊ တရားခံက မည်သို့ ပြုမူပြောဆိုကြောင်း ခွဲခြားမှတ်မိနိုင်လောက်သော အခွင့် အလမ်းမရှိကြောင်း၊

(၆) မြင်လိုက်သော အရာကို ရှင်းလင်းစွာ သိမြင်နိုင်ရန် အချိန် မလုံလောက်ကြောင်း၊

(၇) အကွာအဝေး၊

(၈) အခြားအရာများ ကြားဝင်ရောက်လာခြင်း၊

(၉) လုံလောက်သော အလင်းရောင်မရှိခြင်း၊

(၁၀) သိမြင်ရန် အကြောင်းမရှိကြောင်း၊

စသည်တို့ကို ဖော်ထုတ်မေးမြန်းပြီး သိမြင်ခဲ့သည်ဆိုသော အချက် မခိုင်လုံကြောင်း ဖော်ထုတ်မေးမြန်းနိုင်သည်။

**Recollection**

သိမြင်ခဲ့သည့် အချက်အလက်များကို ပြန်ပြောပြရာတွင် ပြန်ပြော **သူ၏** မှတ်ဉာဏ်အရသာ သိခွင့်ရသည်။ ၎င်းမှတ်မိသမျှ အခြေခံ၍ ပြော ခြင်းဖြစ်သည်။ ထို့ကြောင့် -

(၁) အမှတ်မှားနိုင်သည်။

(၂) ဖြစ်ပျက်ပုံကို တင်ပြရာ၌ တင်ပြချက် မှားယွင်းနိုင်သည်။

မြန်မာ စာအုပ်များ



(၃) ဖြစ်ပျက်ခဲ့သည့် ကာလဒေသ များယွင်းနိုင်သည်။

စသည့်အချက်များကို ဖော်ထုတ်ပြီး အမှတ်မှားမှု ပေါ်အောင် မေးမြန်းနိုင်သည်။

**Narration**

သက်သေက မိမိသိမြင်ခဲ့သမျှကို ရုံးရှေ့တွင် ပြန်ပြောပြရာတွင် သတိရအောင် စဉ်းစားပြီးမှ ပြန်ပြောရခြင်း ဖြစ်၍ ထပ်တူမြင်သိခဲ့ရသည့် အတိုင်း မဟုတ်နိုင်ကြောင်း မေးမြန်းနိုင်သည်။

(ဂ) ဒွိဟသံသယဖြစ်စေမှု ။

တရားရုံးအနေနှင့် တစ်ဖက်စွပ်စွဲပြောကြားနေသည့် အချက်များ အပေါ် "မှန်မှ မှန်ပါလေစ" ဟူသော ဒွိဟသံသယ ဖြစ်ပွားစေရန် ဖြစ်သည်။

တရားခံသည် သံသယ၏ အကျိုးကို ခံစားထိုက်သည်။ တစ်ချိန် တည်းတွင် အမှုတွဲ၌ ပေါ်ပေါက်သော အထောက်အထား များကို ဆန်းစစ် ၍ တိကျသော အဆုံးအဖြတ်ပေးရန်မှာ တရားရုံး၏ တာဝန်ဖြစ်ရာ ၎င်းတာဝန် ကို ရှောင်ရန်အလို့ငှာ "သံသယအကျိုးဆိုသည့် ဆောင်ပုဒ်"ကို "ဖော်နည်းကား" အဖြစ်၊ အသုံးပြုရန် မဟုတ်၊ တရားခံအား အကျိုးခံစား ခွင့်ပြုသော ဒွိဟသံသယသည် လျော်ကန်သော သံသယဖြစ်သည်။[၁] တရားခံ အဖြစ် ကျူးကျော်ခြင်း ရှိမရှိ ကိစ္စနှင့် စပ်လျဉ်း၍ လျော်ကန်သော ဒွိဟ သံသယရှိနေလျှင် တရားခံအား အမှုမှ လွတ်ပစ်သင့်သည်။[၂] သက်သေခံ ချက်တွင် သံသယဖြစ်ပေါ်စေရန် အချက်အလက်များ ရှိပါက သံသယ၏ အကျိုးကို တရားခံအား ခံစားစေသင့်သည်။[၃]

၁။ ပီဗျေဘယ်လ်ဘီ - ၁၄၉

၂။ ရန်ကုန်တတွဲ -၁၄၊ ၆၆၆

၃။ ၁၉၆၆၊ ရုံးချုပ်၊ ၆၄၄

မြန်မာ စာအုပ်များ



တရားရုံးသည် ဥပဒေအရ ထင်ရှားနိုင်လုံခြင်းကို သက်သမကင်းမှုဖြင့် အစားမထိုးသင့်။[၁] သံသယအကျိုးဆိုသည့် စကားရပ်သည် ဆောင်ပုဒ်သဖွယ် မသုံးဘဲ အမှုတွင် ပေါ်ပေါက်သော အထောက်အထားတို့ကို ချိန်ဆ၍ အမှန်တရားတို့ကို ရှာဖွေရာ၌ အထောက်အကူဖြစ်စေသော လမ်းညွှန်ဇင်ရပ်မျှသာ ဖြစ်စေရန် လိုပေသည်။ သံသယနှင့် စိတ်တွင် ဖြစ်ပေါ်သည့် သံသယလည်း မဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယမျိုးကိုသာ ဆိုလိုပေလိမ့်မည်။[၂] သံသယအကျိုးကို တရားခံအား ပေးမည်ဟု ဆိုမည့်အစား ထင်ကြေးနှင့် အပြစ်မပေးသင့် နိုင်လုံသော အထောက်အထား ပြည့်စုံမှ အပြစ်ပေးရမည်ဟု ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်[၃]။

ကောက်ချက်နှစ်မျိုး ယူဆနိုင်သည့် ကိစ္စများတွင် တရားခံဘက်သို့ သက်ညှာသည့် ကောက်ယူချက်ကို လက်ခံခြင်းသည် မှုတသည်။[၄]

တရားခံပြု၍ ရရှိသော ဒဏ်ရာသည် ဖြစ်တတ်သော သဘောအရ သေစေလောက်သည့် နာကျင်မှု ဖြစ်ပါသလော၊ သို့တည်းမဟုတ် သေစေတန်ရာသည့် နာကျင်မှုဖြစ်ပါသလောဟု သံသယဖြစ်စရာ အကြောင်းပေါ်ပေါက်နေလျှင် တရားရုံးအား သံသယအကျိုးကို ခံစားခွင့်ပြုပြီး ပေးအပ်သော ပြစ်မှုအရသာ စီရင်ရသည်။[၅] အလားတူပင် တစ်ဦးထက်ပိုသော တရားခံများက တစ်ခုထက်ပိုသော ဒဏ်ရာများကို ရရှိစေခဲ့သည့် အမှုတွင် သေလောက်သော ဒဏ်ရာကို မည်သူ ပြုလုပ်ခဲ့သည်ဟု တထစ်ချ ယူဆခြင်း မပြုနိုင်ပေ။ တရားခံများအား သံသယအကျိုးခံစားခွင့်ပြုပြီး လက်နက်ကို လိုက်၍ ပုဒ်မ ၃၂၆ သို့မဟုတ် ၃၂၅ အရသာ အပြစ်ပေးသင့်သည်။[၆]

အလားတူပင် တစ်ဦးထက်ပိုသော တရားခံများက တစ်ခုထက်ပိုသော ဒဏ်ရာများကို ရရှိစေခဲ့သည့် အမှုတွင် သေလောက်သော ဒဏ်ရာကို မည်သူပြုလုပ်ခဲ့သည်ဟု တစ်ထစ်ချယူဆခြင်းမပြုနိုင်လျှင် တရားခံများအား သံသယအကျိုးခံစားခွင့် ပြုပြီး လက်နက်ကိုလိုက်၍ ပုဒ်မ ၃၂၆ သို့မဟုတ် ၃၂၅ အရသာ အပြစ်ပေးသင့်သည်။[၇]

၁။ ၁၉၆၆၊ ရုံးချုပ်၊ ၆၄၄
၂။ ရန်ကုန်အတွဲ ၇၊ ၈၂၁
၃။ ၁၉၆၇၊ မတစ၊ (အထူး)၁၂၉
၄။ ၁၉၆၉၊ မတစ(အထူး) ၃၂
၅။ ၁၉၇၀၊ မတစ(အထူး) ၆၆
၆။ ၁၉၆၀၊ မတစ(လွှတ်တော်) ၂၀၅
၇၊ ၁၉၆၄၊ မတစ၊ ၅၀၂
၁၉၆၅၊ မတစ၊ ၅၀၅
၁၉၆၅၊ မတစ၊ ၉၆၄

မြန်မာ စာအုပ်များ



လူသတ်မှု ကျူးလွန်ရာ၌ တင်ကူးကြံစွယ်ချက် ရှိမရှိဆိုသော အချက်တွင် သံသယဖြစ်စရာ အကြောင်းရှိက ယင်းသံသယအကျိုးကို တရားခံခံစားထိုက်သည်။[၁] အလားတူပင် ကာကွယ်ခုခံပိုင်ခွင့်အရ လူကို သေစေခြင်းဟုတ်မဟုတ် သံသယဖြစ်ပေါ်နေပါက တရားခံအား ဒွိဟသံသယအကျိုးကို ပေးထိုက်သည်။

## ၃။ မိမိတင်ပြသည့်အချက်ကို လက်ခံလာစေရန်၊

(က) ချိန်သားကိုက်မှု။

ပြန်လှန်စစ်မေးခြင်းပြုရာတွင် (တစ်ဖက်အဆိုပြုသကဲ့သို့ မဟုတ်ဘဲ မိမိတင်ပြသည့် အချက်သာ အမှန်ဖြစ်ကြောင်း လက်ခံလာစေရန်) အချက်ကို တင်ပြမည်ဆိုပါက (တစ်ဖက်မှ အဆိုပြု တင်ပြထားသည့်အချက်ကို အားနည်းပျက်ပြားသွားစေရန်)ဟူသော အချက်ကိုလည်း ဦးစွာမေးမြန်းချေဖျက်ရမည် ဖြစ်သည်။

တစ်ဖက်မှ အဆိုပြုတင်ပြထားသည့် အချက် အားနည်းပျက်ပြားခြင်း မရှိက (တစ်ဖက်မှ အဆိုပြုသကဲ့သို့ မဟုတ်ဘဲ မိမိတင်ပြသည့် အချက်အမှန်ဖြစ်ကြောင်း) တင်ပြမှုမှာ လက်ခံနိုင်ရန် ခဲယဉ်းနေမည်သာ ဖြစ်သည်။

ထို့ကြောင့် ပြန်လှန်စစ်မေးရာတွင် (တစ်ဖက်မှ အဆိုပြုတင်ပြထားသည့် အချက် အားနည်းပျက်ပြားသွားစေရန်) အချက်နှင့် (တစ်ဖက်အဆိုပြုသကဲ့သို့ မဟုတ်ဘဲ မိမိတင်ပြသည့်အချက်သာ အမှန်ဖြစ်ကြောင်း လက်ခံလာစေရန်) အချက်မှာ တစ်ခုနှင့် တစ်ခု ချိန်သားညီရန်လည်း လိုအပ်သည်။

အချို့သော ပြန်လှန်စစ်မေးခြင်းများတွင် တစ်ဖက်အဆိုပြုချက် အားနည်းပျက်ပြားသွားစေရန် တိုက်ခိုက်ချေဖျက်သည့် မေးခွန်းများသာ ပါဝင်ပြီး မိမိတင်ပြသည့် အချက်သာအမှန်ဖြစ်ကြောင်း ဖော်ပြချက်များ မပါသည်ကို တွေ့ရသည်။

---

၁။ ၁၉၆၄၊ မတစ၊ (စစ်ဖက်အယူခံ)၊ ၅၅၆ ၂။ ၁၉၆၅၊ မတစ၊ ၁၇၈

မြန်မာ စာအုပ်များ



အချို့သော ပြန်လှန်စစ်မေးခြင်းတွင်မူ မိမိတင်ပြသည့် အချက်သာ အမှန်ဖြစ်ကြောင်း ဖော်ပြချက်များသာ ပါပြီး၊ တစ်ဖက်အဆိုပြုချက် အားနည်းပျက်ပြားသွားစေရန် တိုက်ဆိုင်ချေဖျက်သည့် မေးခွန်းများ မပါသည်ကို တွေ့ရသည်။

**(ခ) ပြန်လှန်စစ်မေးခြင်းသည် တည်ဆောက်မှု လုပ်ရပ်လော၊ ဖြိုဖျက်မှု လုပ်ရပ်လော။**

တည်ဆောက်သည့်ကိစ္စနှင့် ဖြိုဖျက်သည့်ကိစ္စ မည်သည့်ပြုလုပ်မှု ခက်ခဲ၍ မည်သည့်ပြုလုပ်မှုက လွယ်ကူပါသနည်း။ တည်ဆောက်ရသည့် ကိစ္စက ခက်ခဲ၍ ဖြိုဖျက်ရသည့် ကိစ္စက လွယ်ကူသည်ဟုပင် ဆိုရမည် ဖြစ်သည်။

အစိက စစ်ဆေးမေးမြန်းခြင်းသည် တည်ဆောက်ရေးပိုင်း ဖြစ်သည်။ ဤသို့ဆိုက ပြန်လှန်စစ်မေးခြင်းမှာ ဖြိုဖျက်ရေးအပိုင်းဖြစ်သည်ဟု ယူဆစရာဖြစ်သည်။ ထိုသို့ ယူဆလျှင် လွန်စွာ မှားပေလိမ့်မည်။

အစိက စစ်ဆေးခြင်းသည် တည်ဆောက်ရေးအပိုင်းကို တာဝန်ယူ မေးမြန်းရသည်ဖြစ်၍ တာဝန်ကြီးသည်။ ခက်လည်း ခက်ခဲမှု ရှိသည်။ အဝေ အဖန် အပြောအဆို အဖျက်အဆီးများကြားက ဆောင်ရွက်ခြင်း ဖြစ်သည်။

ပြန်လှန်စစ်မေးခြင်းကို အဖျက်လုပ်ရပ်ဟု အချို့က အပေါ်ယံယူဆကြသည်။ ပြန်လှန်စစ်မေးခြင်းသည် ဖြိုဖျက်ရသည့် တာဝန်ဖြစ်သည်ဟု လွယ်လွယ်မှတ်ယူမည်ဆိုက အဖျက်လုပ်ရပ်သဘော ဆောင်နေမည်သာ ဖြစ်သည်။

အဆောက်အအုံတစ်ခုကို ဖြိုဖျက်ပါ။ သို့သော် ထိုဖြိုဖျက်၍ရသော အဆောက်အအုံမှ ပစ္စည်းများနှင့် တစ်ဖန်ပြန်၍ ဆောက်လုပ်နိုင်အောင် ဖြိုဖျက်ပါဟု သတ်မှတ်လိုက်သောအခါတွင်မူ အဆိုပါ ဖြိုဖျက်ရသည့် ကိစ္စသည် မည်မျှစည်းစနစ်ကျရမည်။ မည်မျှ သေသေသပ်သပ်ရှိရမည်။ မည်မျှ

မြန်မာ စာအုပ်များ



တာဝန်ကြီးသည် ဆိုသည်ကို ပို၍ သဘောပေါက်လာမည်သာ ဖြစ်သည်။ ပရမ်းပတာ၊ ရမ်းသန်းမှန်းသန်း တာဝန်မဲ့လုပ်ဆောင်၍ မရသည်ကို တွေ့ရပေမည်။

စင်စစ် ပြန်လှန်စစ်မေးခြင်းသည် အဆောက်အအုံတစ်ခုကို ဖြိုဖျက်ပြီး၊ ထိုဖြိုဖျက်၍ရသော အဆောက်အအုံမှ ပစ္စည်းများနှင့်ပင် တစ်ဖန်ပြန်၍ ဆောက်လုပ်နိုင်အောင် ဖြိုဖျက်ရသည့် လုပ်ဆောင်မှုမျိုးဖြစ်သည် ဆိုသည့် အချက်ကို အထူးသတိပြုသင့်လှပေသည်။

(ဂ) တရားခံ၏ ခုခံမှု လမ်းကြောင်းနှင့် ပြန်လှန်မေးခွန်း။

တစ်ဖက်လူ၏ သက်သေများကို အသုံးချပြီး မိမိအမှုကို သက်သေထူရန် ဖြစ်သည်။

ပြစ်မှုတွင် တရားခံသည် စွပ်စွဲသည့် ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ တရားလိုအပေါ်၌ ရှိသည် ဆိုခြင်းမှာ တရားရေးစီရင်ရေး အခြေခံမူတစ်ရပ် ဖြစ်သည်။ သို့ရာတွင် (တရားခံက ၎င်း၏ ခုခံကာကွယ်မှု လမ်းကြောင်းကို တင်ပြလိုလျှင် တရားလိုပြ သက်သေများကို စစ်ဆေးသည့်အချိန်ကပင်လျှင် ပြန်လှန်မေးခွန်း၌ မေးမြန်းခဲ့ရန် လိုသည်။) တရားလိုပြ သက်သေများ စစ်မေးသည့်အခါက ၎င်း၏ ခုခံမှုလမ်းကြောင်းကို မမေးခဲ့ဘဲ တရားခံဘက်က အစစ်ခံသည့်အခါမှ ခုခံချေပပါက အဆိုပါ ခုခံမှုသည် နောက်မှ လုပ်ကြံ၍ ခုခံသည်ဟု ယူဆရန် အကြောင်းရှိသည်။[၁] တရားခံတစ်ယောက်သည် ၎င်းပေးခဲ့သော ဖြောင့်ချက်ကို ရုံး၌ ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ဖြောင့်ချက်ကို ရဲက ဖြားယောင်းသည့်အတွက် ပေးရသည်ဟု အစစ်ခံလေသည်။ သို့သော် အမှုစစ်ဆေးသည့် အရာရှိ စစ်ဆေးစဉ်က ထိုအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မေးမြန်းထားခြင်း မရှိပေ။ ထို့ကြောင့် ယင်းခုခံမှုသည် နောက်မှ အကြံရ၍ ပြောဆိုခြင်း ဖြစ်သဖြင့် ရုံးက လက်မခံပေ။[၂]

၁ ၁၉၆၆၊ ရုံးချုပ်၊ ၁၉၂

၂။ ၁၉၆၉၊ ရုံးချုပ်၊ ၂၈

မြန်မာ စာအုပ်များ



After Thought မဖြစ်ရန် တရားလိုဘက် စစ်ဆေးစဉ် မိမိ၏ ခံမှုလမ်းကြောင်းကို ပြန်လှန်စစ်မေးမှု ပြုရမည်ဟုဆိုသော်လည်း ခြွင်းချက် အနေဖြင့် ခုခံမှုလမ်းကြောင်း မမေးခဲ့စေကာမူ တရားဥပဒေက ပေးထား သော အခွင့်အရေး မဆုံးရှုံးနိုင်သည်များလည်း ရှိသည်။

တရားခံသည် ကာကွယ်ခုခံပိုင်ခွင့်ကို ထုချေခြင်း မပြုစေကာမူ (သို့) အရိပ်အမြွက် ပြောဆိုခြင်း မရှိစေကာမူ အမှုတွဲ၌ ပေါ်ပေါက်သော အထောက်အထားများအရ ထိုအချက် ပေါ်ပေါက်လျှင် တရားရုံးက ထည့် သွင်းစဉ်းစားနိုင်သည်။[၁]

(ဃ) ခုခံမှုလမ်းကြောင်း အမျိုးမျိုး မေးနိုင် မမေးနိုင်။

တရားခံက "မသတ်ရပါ" ဟု ထုချေခွင့်ရှိသည့်အပြင် "တရားလို" ဘက်အထောက်အထားများအရ လူသတ်သည်ဆိုလျှင် ယင်းအထောက် အထားများအရပင် ခုခံကာကွယ်ပိုင်ခွင့်ရထိုက်ပါသည်ဟုလည်း ထုချေနိုင် သည်၊

အခင်းဖြစ်ပွားစဉ်က တရားခံသည် အခြားတစ်နေရာ၌ ရောက်နေ ကြောင်း တရားခံဘက်က ထုချေရာတွင် ထိုထုချေချက် မအောင်မြင်လျှင် သေသူအား ခုခံကာကွယ်သည့်အနေဖြင့် သတ်ဖြတ်ရခြင်း ဖြစ်ကြောင်း ထပ်ဆင့် တင်ပြနိုင်ခွင့်ရှိသေးသည်။ ထုချေချက် နှစ်ရပ်မှာ ရှေ့နောက်မညီ သဟဇာတ မဖြစ်ဟုဆိုကာ တစ်ရပ်ရပ်ကိုသာ ထုချေခွင့်ရှိသည်ဟု မဆိုရ။

---

၁။ ၁၉၅၈၊ မတစ(လွှတ်တော်) ၅၁၄

မြန်မာ စာအုပ်များ



အခင်းဖြစ်ပွားစဉ် အခြားတစ်နေရာရာ၌ ရောက်နေကြောင်း ထုချေချက်သာ တရားခံက တင်ပြခဲ့သော်ငြားလည်း တရားရုံးက အမှန်အားဖြင့် မည်သို့ဖြစ်ပျက်ခဲ့သည်ကို စိစစ်ရသည်။ ထုချေချက်အမှန်ကို စောစောပိုင်းက အစွမ်းကုန်တင်ပြရန်ပျက်ကွက်ခြင်းအတွက် တရားခံအားမနစ်နာစေရ။[၁]

တရားခံသည် မိမိအတွက် ထုချေချက် တစ်ရပ်ကို မိမိဘာသာ တင်ပြနိုင်သည်။ သို့သော် တရားခံ၏ အကျိုးဆောင်သည်လည်း အခြားထုချေချက် တစ်ရပ် တင်ပြခွင့်ရှိသည်။[၂]

---

၁။ ၁၉၄၀၊ ရန်ကုန်၊ ၁၀၉။

၂။ အေအိုင်အာရ်၊ ၁၉၃၆၊ ရန်ကုန် ၁

မြန်မာ စာအုပ်များ

# အခန်း (၂)
## ပြန်လှန်စစ်မေးခြင်း မပြုမီ ပြင်ဆင်မှုပြုထားရမည့် အချက်များ။

မည်သည့်အချက်များကို ကြိုတင်ပြင်ဆင်မှုပြုထားရမည်နည်း။

(၁) အမှုတွဲနှင့်တကွ စွဲဆိုထားသော အမှုအပေါ် လေ့ကျက်ခြင်း။

(၂) အမှုဖြစ်ပျက်ပုံ၊ ဆက်စပ်ယှက်နွယ်လျက်ရှိသော အရာများနှင့် မိမိအမှုသည်၏ အနေအထားကို လေ့ကျက်ခြင်း။

(၃) အမှုမှ လွတ်မြောက်ရေး သို့မဟုတ် သက်သာရာရရှိရေးအတွက် အကောင်းဆုံးဖြစ်မည့် ခုခံမှုလမ်းကြောင်းနှင့် အရန်ခုခံမှုလမ်းကြောင်းများ၊ တေးထားခြင်း၊ ပုံကြမ်းပြုထားခြင်း။

(၄) ခုခံမှုလမ်းကြောင်းအတွက် အရေးသာမည့် ဥပဒေအချက်အလက်များ၊ စီရင်ထုံး အဆိုအမိန့်များကို မှတ်သားထားခြင်း။

(၅) အမှုတွင် ပတ်သက်ဆက်စပ်လာမည့် ဘာသာရပ်ဆိုင်ရာတို့ကို ကြိုတင်လေ့လာတီးခေါက်ထားခြင်း။

### ၁။ အမှုတွဲနှင့်တကွ စွဲဆိုသော အမှုအပေါ် လေ့ကျက်ခြင်း။

### အမှုတွဲကို လေ့လာထားခြင်း။

ရှေ့နေသည် မိမိကိုင်တွယ်စစ်ဆေးရမည့် အမှု၏ အမှုတွဲကို အသေအချာလေ့လာထားဖို့ လိုသည်။ တရားရုံးများ လက်စွဲ စာပိုဒ် ၁၀၃၊ ပိုဒ်ခွဲ ၄ခုကို ကျင့်သုံး၍ တောင်းဆိုကြည့်ရှုနိုင်သည်။

မြန်မာ စာအုပ်များ



ထို့နောက် အောက်ပါအချက်များကို စုပေါင်းမှတ်သားထားရမည်။

(၁) အမှုဖြစ်ပွားသော နေ့ရက်နှင့်နာရီ၊
(၂) အခင်းဖြစ်ပွားသော နေရာနှင့် အခြေအနေ၊
(၃) ပထမသတင်းပေးတိုင်ချက်ရေးဖွင့်သော နေ့ရက်နှင့်နာရီ၊
(၄) အမှု၏ ပထမသတင်းပေးအမှတ်၊
(၅) တရားရုံးသို့ တရားစွဲတင်ပို့သောနေ့၊
(၆) အခင်းဖြစ်စဉ်က တရားခံမူးယစ်ခြင်း ရှိ မရှိ၊
(၇) တရားခံ၏ ပုံသဏ္ဌာန်နှင့် ပြစ်ချက်ဟောင်း ရှိမရှိ၊
(၈) တရားစွဲတင်ရာတွင် အချုပ်ဖြင့် တင်ပို့ခြင်း ဟုတ်မဟုတ်၊
(၉) တရားခံအား စတင်ဖမ်းဆီးခဲ့သည့် နေ့ရက်၊
(၁၀) တရားရုံး အမှုတွဲ အမှတ်၊
(၁၁) ရှာဖွေပုံစံရှိပါက ရှာဖွေပုံစံပြုလုပ်သည့်နေရာနှင့် ရက်စွဲ၊ ရှာဖွေသက်သေ၊' ပေးအပ်သောပုဂ္ဂိုလ်၊ သိမ်းဆည်းသူ အရာရှိ၊ ရှာဖွေတွေ့ရှိသည့် ပစ္စည်းအမျိုးအစား၊
(၁၂) ဆေးစာ ပါရှိပါက ဆေးရုံသို့ သွားရောက် ပြသသော နေရက်နှင့် အချိန်၊ လူနာမှ ဆရာဝန်သို့ပြောဆိုခဲ့သည့် အချက်၊ ဆရာဝန်၏ မှတ်ချက်၊ ဒဏ်ရာရသူဦးရေ၊
(၁၃) အမှုဖွင့်စဉ်က လက်ခံရေးဖွင့်သော ဂါတ်စာရေး၏အမည်၊
(၁၄) အမှုစစ် ရဲအရာရှိ၏ အမည်၊
(၁၅) သက်သေစာရင်းနှင့် အိမ်နီးချင်းသက်သေဦးရေ၊

မြန်မာ စာအုပ်များ



(၁၆) တရားစွဲတင်ပို့သည့် ဥပဒေပုဒ်မ၊

(၁၇) တရားခံအသီးသီး၏ အမည်၊ လိပ်စာနှင့်အသက်၊

(၁၈) အမှုတွင် တရားခံပြေး ပါမပါ၊

(၁၉) ပါရဂူတို့၏ ထင်မြင်ချက်များ၊

အမှုတွဲရှိ ဝိသေသလက္ခဏာတို့မှာ အချက်အလက်ပြည့်စုံမှန်ကန်စွာ ဖော်ထုတ်သည့် ကိစ္စအတွက် ဆောင်ကြဉ်းပေးသည်။ သက်ဆိုင်သော ဥပဒေကို ဖော်ထုတ်သည့် ကိစ္စအတွက်လည်း သယ်ပိုးပေးသည်။ လုပ်ထုံးလုပ်နည်း နည်းစနစ်ကျနမှုအတွက်လည်း ဖော်ဆောင်ပေးသည်။

အချက်အလက် ပြည့်စုံမှန်ကန်စွာ ဖော်ထုတ်သည့် ကိစ္စအတွက်လည်းကောင်း၊ သက်ဆိုင်သော ဥပဒေကို ဖော်ထုတ်သည့် ကိစ္စအတွက်လည်းကောင်း၊ လုပ်ထုံးလုပ်နည်း ကျနမှုအတွက်လည်းကောင်း ဖွဲ့စည်းအနားသတ်ပေးသော အရာများအဖြစ် တည်ရှိနေပေသည်။

ပကတိကျိုးကြောင်းဆက်တရားကို ယင်းဝိသေသလက္ခဏာများက ချိတ်ဆက်ပေးသည်။ ဖြစ်ရပ်မှုခင်း၏ အမှားအမှန်၊ အတိမ်အနက်၊ အလေးအပေါ့၊ အဖော့အဖိကို ကွင်းဆက်မပြတ် ခြေရာခံမိနိုင်ရန် တည်ရှိနေခြင်းလည်းဖြစ်သည်။

အမှုတွဲရှိ ဝိသေသလက္ခဏာရပ်များ အရေးပါကြောင်းကို ယင်းဝိသေသလက္ခဏာများအပေါ် လေ့လာကြည့်သောအခါတွင်မှ ပိုမိုသိရှိသဘောပေါက်ခွင့် ကြုံရပေမည်။

မိမိတရားခံတွင် ပြစ်ချက်ဟောင်းရှိ မရှိ၊ အမြဲပြစ်မှုကျူးလွန်လေ့ရှိသူဟုတ်မဟုတ်ဆိုသည်ကို ရဲစွဲချက်ပုံစံဇယားနှင့် တရားခံ ပုံသဏ္ဍာန်တို့တွင် ကြည့်ရှုထားရပေမည်။

အချုပ်ဖြင့် စွဲတင်ထားသော မိမိတရားခံကို ဖမ်းဆီးသည့် အချိန်

မြန်မာ စာအုပ်များ



မှအစပြု၍ ရမန်ကို မည်သည့်ကာလအထိယူသည်၊ မည်သည့်အချိန်ရောက်မှ တရားစွဲတင်ပို့သည် ဆိုသည်ကိုလည်း ကြည့်ရှုထားရပေမည်။

ရှာဖွေပုံစံတွင် ဖော်ပြရေးဖြည့်ထားသော ပထမသတင်းပေးနံပါတ်နှင့် အမှု၏ ပထမသတင်းပေးနံပါတ်တူ မတူ ဟူသောအချက်ကိုလည်းကောင်း၊ အခြားပါရဂူတို့၏ ထင်မြင်ချက်ပြန်ကြားလွှာတွင် ပါရှိသော ပထမသတင်းပေးနံပါတ်နှင့် အမှု၏ ပထမသတင်းပေးနံပါတ်တူ မတူ ကိုလည်းကောင်း၊ အလားတူပင် ဆေးစာတွင် ပါရှိသော ပထမသတင်းပေးနံပါတ်နှင့် အမှု၏ ပထမသတင်းပေးနံပါတ် တူမတူကိုလည်းကောင်း အမြဲကြည့်ရှုစစ်ဆေးရန် လိုအပ်ပေသည်။

ရှာဖွေပုံစံ၊ ဆေးစာနှင့် ပါရဂူတို့၏ ထင်မြင်ချက်အသီးသီးတွင် ပါရှိသော ပထမသတင်းပေးနံပါတ်သည် အမှု၏ ပထမသတင်းပေးနံပါတ်နှင့် တူညီခြင်းမရှိပါက ယင်းအချက်ကို ထောက်၍ ပြန်လှန်စစ်မေးမှု ပြုနိုင်လေသည်။

**ရှေ့နေ။** ယခုစစ်ဆေးနေတဲ့ အမှုရဲ့ ပထမသတင်းပေး နံပါတ်ဟာ ၂၂၅/၈၈ ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား၊

**အမှုစစ်အရာရှိ။** ဟုတ်ပါတယ်။

(သက်သေ)

**ရှေ့နေ။** ရှာဖွေပုံစံမှာ ဖော်ပြထားတဲ့ ပထမသတင်းပေးနံပါတ်ကတော့ ၂၁/၈၈ ဖြစ်တယ်ဆိုတာ တွေ့ပါသလား။

**သက်သေ။** ဟုတ်ကဲ့တွေ့ပါတယ်။

ဤမျှလောက်သာမေးမြန်ပြီး၊ ရှေ့နေက ဆက်မမေးတော့ဘဲ ရပ်ထားလိုက်သည်။ ထိုကဲ့သို့ ရှေ့နေမေးမြန်းခြင်းမှာ-

(တစ်မှုမှ သက်သေခံအထောက်အထားကို အခြားအမှုတွင် သုံးခြင်းသည် မကုစားနိုင်သော အမှားဖြစ်သည်)ဟူသော ၁၉၆၆၊ မြန်မာနိုင်ငံ

မြန်မာ စာအုပ်များ



စီရင်ထုံး၊ စာမျက်နှာ ၆၇၇ ပါ အချက်အလက်များကို ဖတ်ရှုမှတ်သားထား ခဲ့ဖူးသောကြောင့် ဖြစ်ပေသည်။

## ၂။ အမှုအဖြစ်အပျက်၊ ဆက်စပ်ယှက်နွယ်လျက်ရှိသော အရာများနှင့် မိမိအမှုသည်၏ အနေအထားကို လေ့ကျက်ခြင်း။

ထိုအချက်များကို လေ့လာထားခြင်း မရှိပါက ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက်ဖြစ်သော (တစ်ဖက်မှ အဆိုပြုတင်ပြထားသည့် အချက်ကို အားနည်းပျက်ပြားသွားစေရန်) အချက်နှင့် (တစ်ဖက်အဆိုပြုသကဲ့သို့ မဟုတ်ဘဲ မိမိတင်ပြသည့်အချက်သာ အမှန်ဖြစ်ကြောင်း လက်ခံလာစေရန်) အချက်တို့ကို မည်သို့မျှ ပုံဖော်မေးမြန်းနိုင်မည် မဟုတ်ပေ။

အမှုဖြစ်ပျက်ပုံ အကြောင်းခြင်းရာအပေါ် အသေးစိတ် မေးမြန်း မှတ်သားထားရမည့် သဘောဖြစ်သည်။

## ၃။ အမှုမှ လွတ်မြောက်ရေး (သို့မဟုတ်) သက်သာရာရရေးအတွက် အကောင်းဆုံးဖြစ်မည့် ခုခံမှုလမ်းကြောင်းနှင့် အရန်ခုခံမှု လမ်းကြောင်းများ တေးထားခြင်း၊ ပုံကြမ်းပြုထားခြင်း။

တရားခံက "မသတ်ပါ" ဟုထုချေခွင့်ရှိသည့်အပြင် "တရားလိုဘက်အထောက်အထားများအရ လူသတ်သည်ဟုဆိုလျှင် ယင်းအထောက်အထားများအရ ခုခံကာကွယ်ပိုင်ခွင့် ရထိုက်ပါသည်"ဟုလည်း ထုချေနိုင်သည်။[၁]

---

၁။ ၁၉၄၀။ရန်ကုန်၊ ၁၀၉

မြန်မာ စာအုပ်များ



ခိုးမှု သို့မဟုတ် ခိုးရာပါပစ္စည်း လက်ခံမှုတွင် တရားခံက သဘောရိုးဖြင့် ဝယ်ယူခဲ့ပါသည်ဟူ၍လည်းကောင်း၊ ထိုစဉ်က မိမိအခြားတစ်နေရာတွင် ရောက်ရှိနေပါသည်ဟု လည်းကောင်း ထုချေနိုင်သည်။

ထိုကဲ့သို့ ထုချေနိုင်ခွင့်ရှိသော်လည်း အကောင်းဆုံးခုခံမှုလမ်းကြောင်းကို ရွေးချယ်ရာ၌ သက်သေခံဥပဒေပုဒ်မ ၁၀၃အရ မိမိဘက်မှ သက်သေထင်ရှား ပြသနိုင်မည့် ထုချေချက်မျိုးသာ အလေးပေးသင့်ပေသည်။

ပုဒ်မ ၁၀၃သည် တစ်စုံတစ်ခုသော (Particular)အခြင်းအရာကို ထင်ရှား အောင်သက်သေပြရန် တာဝန်ကို သတ်မှတ်သည်။ ဤတာဝန်ကို တရားလို ဘက်မှ တရားခံအပြစ်ရှိကြောင်း ထင်ရှားအောင် သက်သေပြသည့်တာဝန်ကဲ့သို့ တစ်သမတ်တည်း တည်မြဲမနေဘဲသက်သေခံ အထောက်အထား များ တင်ပြလာသည့်နှင့်အမျှ တစ်ဘက်မှ တစ်ဘက်သို့ ကူးပြောင်းသည်။[၁]

ခိုးမှုသို့မဟုတ် ခိုးရာပါပစ္စည်း လက်ခံမှုတွင် တရားခံအပြစ်ရှိကြောင်းထင်ရှားအောင် အဓိက သက်သေပြရန် တာဝန်သည် တရားလိုဘက်သို့ကျရောက်သော်လည်း တရားခံက ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့် ဝယ်ယူခဲ့ပါသည်ဟု ထုချေလာလျှင်မူ ထိုအချက်ကို သက်သေပြရန် တာဝန်ရှိသည်။ ထို့အတူ တရားခံက မိမိသည်ပြစ်မှုကျူးလွန်သည်ဆိုသော အချိန်က အခြားတစ်နေရာ ရောက်နေပါသည်ဟူသော ထုချေချက်ကို ထင်ရှားအောင်သက်သေပြရမည်။

ပြစ်မှုများတွင် တရားခံသည် အပြစ်ရှိကြောင်း သက်သေထူရန်တာဝန်မှာ တရားလိုဘက်၌ အစဉ်တစိုက်ရှိသော်လည်း တရားခံက ၎င်း၏ ပြုမူချက်များ ပြစ်မှုဆိုင်ရာ ကင်းလွတ်ချက်တစ်ခုခု၌ အကျုံးဝင်ပါသည်ဟု ထုချေလာပါက ထိုထုချေချက်ကို ထင်ရှားအောင် ပြသရန် တာဝန်မှာ ၎င်းအပေါ်ကျရောက်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၀၅က ပြဋ္ဌာန်းထားသည်။[၂]

၁။ ၁၉၄၁၊ အလာဟာလတ် ၄၀၂ ၂။ ၁၉၆၆၊ မတစ၊ ၆၃၄

မြန်မာ စာအုပ်များ



သို့ဖြစ်ရာ ပြစ်မှုကျူးလွန်စဉ်က မိမိစိတ် ပေါ့သွပ်နေကြောင်း ထင်ရှားစွာပြသနိုင်ရန်မှာ အဓိကအားဖြင့် တရားခံ၏တာဝန်ဖြစ်သည်။[၁] ရူးသွပ်ကြောင်း ထုချေချက်ကို ထင်ရှားစွာပြသရန် တာဝန်သည် သက်သေခံတင်ပြရန် တာဝန်ရှုထောင့်မှသာမက ထုချေချက်ကို အထင်အရှား ပြဆိုရမည့် ရှုထောင့်အရလည်း တရားခံအပေါ် ကျရောက်သည်။[၂]

သက်သေပြရန်တာဝန်ဆိုသောစကားရပ်သည် အဓိပ္ပာယ်နှစ်မျိုးဆောင်သည်။ ၎င်းတို့မှာ စွဲဆိုသောအမှု ထင်ရှားအောင် သက်သေပြရမည့် တာဝန်(Burden of Establishing a Case) နှင့်သက်သေခံချက် တင်ပြရန်တာဝန်(Burden of Introduction Evidence) တို့ဖြစ်သည်။ အမှုကို ထင်ရှားအောင် တာဝန်သည် မှုခင်းအစမှ အဆုံးမှုလရှိသော နေရာတွင် ရှိသည်။ ရွေ့ပြောင်းခြင်းမရှိ။ သက်သေခံချက်တင်ပြရန် တာဝန်မှာမူ တစ်ဘက်ဘက်က သက်သေခံအထောက်အထားများ တင်ပြလာကြသည်နှင့် အမျှ အမှုသည် အသီးသီးအပေါ်သို့ တာဝန်ပြောင်းလဲ ကျရောက်သည်။ သက်သေခံဥပဒေပုဒ်မ ၁၀၁တွင် သက်သေပြရန် တာဝန်ဟူသော စကားရပ်ကို ပထမအဓိပ္ပာယ် သဘောသုံးထား၍ ပုဒ်မ ၁၀၅တွင် ဒုတိယသဘော သုံးထားသည်။[၃]

တရားခံဘက်သည် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များတွင် ပေါ်ပေါက်သော မည်သည့်အထောက်အထားမဆို အမှီသဟဲ ပြုနိုင်သည်။[၄]

---

၁။ ၁၉၆၂ မတစ၊ (ရုံးချုပ်) ၃၃၃

၂။ ၁၉၄၆၊ ရန်ကုန်၊ ၁၈၆

၃။ ရန်ကုန် အတွဲ - ၁၄၊ ၆၆၆

၄။ ၁၉၄၆၊ ရန်ကုန်၊ ၁၈၆

မြန်မာ စာအုပ်များ



## ၄။ ခုခံမှုလမ်းကြောင်းအတွက် အရေးသာမည့် ဥပဒေအချက်အလက်များ၊ စီရင်ထုံး အဆိုအမိန့်များကို မှတ်သားထားခြင်း။

ဥပဒေတစ်ရပ်ဖြင့် အရေးယူခြင်း ခံရသည်တွင် ရှေ့နေသည် အဆိုပါ ဥပဒေ၏ ဖော်ပြချက်ကို ဖတ်ရှုရုံဖြင့် ထိုဥပဒေပုဒ်မ၏ ဆိုလိုရင်းကို အပြည့်အစုံ သိရှိနိုင်မည် မဟုတ်ပေ။ ပုဒ်မ၏ ရည်ရွယ်ချက် အထောက်အထား၊ ကျင့်ထုံး၊ခြွင်းချက်၊ စီရင်ထုံး၊ အဆိုအမိန့် စသည်တို့ကို ဖတ်ရှုလေ့လာထားမှသာလျှင် အဆိုပါပုဒ်မ၏ ဆိုလိုရင်းကို သိနိုင်မည် ဖြစ်သည်။ ပုဒ်မ၏ ဆိုလိုရင်းအထိ သိမြင်မှု မရှိက ရှေ့နေသည် အမှုသည်၏ အကျိုးကို ထိထိမိမိ ဆောင်ရွက်နိုင်ဖွယ် ရှိမည် မဟုတ်ပေ။

အောက်တွင် ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၂၀ အမှုတစ်ခုမှ တရားလို၏ အဓိက စစ်ဆေးချက်နှင့် သက်သေခံ (က)တိုင်တန်းချက် သက်သေခံ(ခ) (ခြံနှင့် ဂိုဒေါင် အငှားကတိစာချုပ်) တို့ကို တွေ့မြင်ရမည် ဖြစ်သည်။ တရားခံရှေ့နေတစ်ဦးအနေဖြင့် မည်ကဲ့သို့ ပြန်လှန်စစ်မေးမှု ပြုမည်နည်း။ ဆန်းစစ်ကြည့်ပါက ရှေ့နေ၏ ပြန်လှန်စစ်မေးခြင်းသည် ယင်းပုဒ်မဆိုင်ရာ ဥပဒေအချက်အလက်များအပေါ် မည်မျှ ဖတ်ရှုကျေညက်ထားမှု ရှိသည် မရှိသည် ဆိုသည့် အပေါ် မူတည်နေမည်သာ ဖြစ်ပေသည်။

**အဓိကစစ်ချက်**

အချင်းဖြစ်နေ့ရက်ကို မမှတ်မိပါ။

ကိုတင်    မှ ကျွန်တော်အား လုပ်ငန်းအတွက် ခြံဝန်းနှင့် ဂိုဒေါင်ကို စပေါ်ငွေလေးသောင်းကျပ်ဖြင့် လစာတစ်လလျှင် ၁၀၀၀ကျပ်နှုန်း ငှားရမ်းရန်အတွက် သဘောတူခဲ့ကြပါသည်။ ကျွန်တော်မှ စပေါ်ငွေ လေးသောင်းကျပ်အနက် သုံးသောင်းကျပ် ကို စရန်အဖြစ် ထုတ်ပေးခဲ့ပါသည်။ ထို့နောက်ကျန်ငွေ တစ်သောင်းကျပ်ကို ပေးချေ၍ ခြံနှင့် ဂိုဒေါင်လက်ရောက်ရယူမည်နေ့၌ ကိုတင်    မှ ရှောင်တိမ်းနေပါသည်။

မြန်မာ စာအုပ်များ



သို့ဖြစ်၍ ခြံနှင့် ဂိုဒေါင်ငှားမည်ဟု လိမ်လည်ပြောဆိုကာ ငွေယူသွားသော ကိုတင် ကို အရေးယူပေးပါရန် တိုင်တန်းခြင်း ဖြစ်ပါသည်။ တိုင်စာကို သက်သေခံ(က)အဖြစ် တင်သွင်းရာ ရုံးတော်မှ လက်ခံသည်။ ခြံနှင့် ဂိုဒေါင်ငှားရမ်းစဉ်က ကတိစာချုပ်ကို ချုပ်ဆိုပြီး သက်သေလူကြီးလေးဦးရှေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်တွင် ငှားရမ်းသူ နေရာ၌ ရေးထိုးသော လက်မှတ်မှာ ကျွန်တော်၏ လက်မှတ်မှန်ပါသည်။ အဆိုပါ စာချုပ်ကို တင်သွင်းရာ သက်သေခံ (ခ) အဖြစ် ရုံးတော်မှ မှတ်သားလက်ခံသည်။

သက်သေခံ (က) တိုင်ချက်

တရားခံ ကိုတင် သည် ကျွန်တော့်အား ခြံဝင်းနှင့် ဂိုဒေါင်ကို လုပ်ငန်းဆောင်ရွက်ရန် စပေါ်ငွေလေးသောင်း၊ လစာ တစ်လလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းမည်ဟု ပြောဆိုပြီး စပေါ်ငွေအနက် စရန်ငွေ သုံးသောင်း ကျပ်ကို လက်ခံခဲ့ပါသည်။

ထို့နောက် ကျန်စပေါ်ငွေ တစ်သောင်းကျပ်အား လက်ခံရယူမည်ဖြစ်သော နေ့ရက်တွင် လက်ခံခြင်းရယူခြင်း မရှိဘဲ၊ ၄င်းနေထိုင်ရာ နေအိမ်သို့ သွားရာ မတွေ့ရပါ။ ရှောင်တိမ်းနေပါသည်။

သို့ပါ၍ ငွေသုံးသောင်းကျပ်အား လိမ်လည်သွားသူ ကိုတင် အား တရားဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားအပ်ပါသည်။

မောင်မောင်နိုင်

တရားလို

မြန်မာ စာအုပ်များ



## သက်သေခံ(ခ) ခြံမြေနှင့် ဂိုဒေါင်ငှား ကတိစာချုပ်

ရန်ကုန်မြို့၊ . . . . . . . . . . . . . မြို့နယ်၊ ခြံအမှတ်(    ). . . . လမ်း၏ ခြံမြေနှင့် ဂိုဒေါင်ကို ဦးတင်    က မောင်မောင်နိုင်သို့ စပေါ်ငွေ လေးသောင်းကျပ်၊ ငှားရမ်းခ တစ်လလျှင် ၁၀၀၀ကျပ်ဖြင့် ငှားရမ်းရာ ယနေ့ စာချုပ်ချုပ်ဆိုရာတွင် စပေါ်အနက် စရန်ငွေ သုံးသောင်းကျပ် ဦးတင် မှ ရယူထားပြီး တစ်လပြည့်မြောက်သောနေ့တွင် ကျန်စပေါ်ငွေ တစ်သောင်း ကျပ်ကို မောင်မောင်နိုင်မှ ပေးမည်ဖြစ်ကြောင်းနှင့် ထိုအခါ ခြံမြေနှင့် ဂိုဒေါင် ကို လက်ရောက်လွှဲပြောင်းမည်ဖြစ်ကြောင်း နှစ်ဦးသဘောတူစာချုပ်ပြုလုပ် ကြပါသည်။

ဦးတင် — မောင်မောင်နိုင်

အငှားထားသူ — ငှားရမ်းသူ

အသိသက်သေများ

၁။ ဦးတင်လှ

၂။ မောင်ဌေးဝင်း

၃။ ဦးစိုးပိုင်

၄။ ဦးအုန်းတင်

**ပြန်လှန်စစ်မေးချက်။**

(သင်မည်သို့ ပြန်လှန်စစ်မေးခြင်း ပြုမည်နည်း)။

**ပုဒ်မ ၄၂၀ ၏ အထောက်အထား**

(၁) တရားခံသည် တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း၊

(၂) ယင်းသို့ လှည့်ဖြားသဖြင့် ထိုသူက ပစ္စည်းတစ်စုံတစ်ရာကို သူတစ်ပါးအား ပေးအပ်ခဲ့ရခြင်း၊ သို့တည်းမဟုတ် ထိုသူအား အဖိုးတန်

မြန်မာ စာအုပ်များ



စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလဲနိုင်သည့် အရာဝတ္ထုကို ပြင်ဆင်ခဲ့ရခြင်း၊ ပြုခဲ့ရခြင်း၊ ဖျက်ဆီးခဲ့ရခြင်း။

(၃) မရိုးမဖြောင့်သော သဘောဖြင့် လှည့်ဖြားခြင်း။

## မရိုးမဖြောင့်ခြင်း

မတရားရယူစေရန် အကြံနှင့် ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံနှင့် ဖြစ်စေ၊ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ပြုလျှင် ထိုသူသည် "မရိုးမဖြောင့်" ပြုသည် မည်၏။[၁]

## လိမ်လည်လှည့်ဖြားခြင်း

မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော အကြံနှင့် ပြုလျှင် ထိုသူသည် "လိမ်လည်လှည့်ဖြား၍" ပြုသည် မည်၏။ထိုအကြံမျိုး မရှိလျှင် လိမ်လည် လှည့်ဖြား၍ ပြုသည်မမည်။[၂]

အထက်ပါ ပုဒ်မများကို ဖတ်ရှုလေ့လာသောအခါ တရားခံ၏ အပြုအမူသည် "မရိုးမဖြောင့်" ပြုမူမှု ဖြစ်ရမည် ဖြစ်ပြီး "လှည့်ဖြားလိုသော အကြံ" လည်း ရှိရပေမည်။

တစ်ဖန် "မရိုးမဖြောင့်" ဆိုသည့် သဘောနှင့် "လှည့်ဖြားလိုသော အကြံ" ရှိသည် မရှိသည်ကို မည်ကဲ့သို့ ခွဲခြားသိနိုင်မည်နည်း။ စီရင်ထုံး အဆိုအမိန့်များကို ဖတ်ရှုလေ့လာမှသာ ခွဲခွဲခြားခြား သဘောပေါက်ပေမည်။

မရိုးမဖြောင့်ခြင်းကို ပုဒ်မ ၂၄တွင် မတရားရယူရန် အကြံနှင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံနှင့်ဖြစ်စေ၊ ပြုခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ ပစ္စည်းကို သူတပါးထံမှ ရယူသည့် အချိန်တွင်ဖြစ်စေ၊ ရယူခြင်း မပြုမီအချိန်တွင် ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောရှိရန် လိုပေသည်။[၃]

---

၁။ ရာဇသတ်ကြီးပုဒ်မ ၂၄
၂။ ရာဇသတ်ကြီး ပုဒ်မ ၂၅
၃။ ၁၉၅၂ မြန်မာစီရင်ထုံး(လွှတ်တော်) ၁၁၄

မြန်မာ စာအုပ်များ



တရားခံက အနီးရှိ ချောင်းထဲတွင် စပါးလှေရှိသည်။ ထိုစပါးကို ရောင်းပါမည်ဟု ပြောကာ ငွေယူ၍ အော်ဒီမံ စာချုပ်ပေးခဲ့ပြီး ရှောင်တိမ်းသွားသည်။ ငွေယူစဉ်က စပါးလှေမရှိကြောင်း ပေါ်ပေါက်နေ၍ ငွေကို မရိုးမဖြောင့်သော သဘောဖြင့် လှည့်ဖြားယူပြီးကြောင်း ထင်ရှားသဖြင့် ဤပုဒ်မအရ ပြစ်မှု မြောက်သည်။[၁]

ပစ္စည်းသို့မဟုတ် ငွေကို ရယူစဉ်အချိန်က မရိုးမဖြောင့်သော သဘောမရှိလျှင် ပြစ်မှုကြောင်းအရ အရေးမယူနိုင်ချေ။ ပဋိညာဉ်ချိုးဖောက်သည့် အနေဖြင့် တရားမကြောင်းအရသာ အရေးယူနိုင်မည် ဖြစ်သည်။ မရိုးမဖြောင့်သော သဘောရှိသည် မရှိသည်ဆိုခြင်းမှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ ဆုံးဖြတ်ရမည် ဖြစ်သည်။ တရားခံသည် တရားလို၏ စပါးပွဲစားဖြစ်ပြီး ငွေယူသောအခါ အော်ဒီမံစာချုပ်ချုပ်ပေးကာ စပါးများကိုလည်း ပေးသွင်းလေ့ရှိသည်။ နောက်ဆုံး အကြိမ်တွင် ငွေ ၄၀၀၀ကျပ်ယူပြီး စပါးဖိုးငွေ ၈၀၀ကျပ်ဖိုးကိုသာ ပေးသွင်းခြင်းသည် ငွေယူစဉ်က မရိုးမဖြောင့်သော သဘောရှိသည်ဟု ယူဆရန် အကြောင်း မရှိပေ။[၂]

တရားခံက ၄င်းတွင် သစ်တန် ၃၀၀ရောင်းရန် ရှိသည်ဆိုပြီး စရန်ငွေ ယူပြီးနောက် သစ်ကို မပေးသွင်းနိုင်၍ ဤပုဒ်မအရ တရားစွဲဆိုရာ တရားခံသည် သစ်ကုန်သည်ကြီး တစ်ဦးဖြစ်ပြီး သစ်များများကို အမြဲရောင်းချနေသူဖြစ်၍ စရန်ငွေ ယူစဉ်က ပဋိညာဉ်ကို ဆောင်ရွက်ရန် လုံးဝရည်ရွယ်ခြင်း မရှိကြောင်း အထောက်အထားမရှိက အရေးယူနိုင်မည် မဟုတ်ပေ။[၃]

---

၁။ အတွဲ - ၆၊ အောက်မြန်မာပြည် စီရင်ထုံး ၃၈

၂။ အတွဲ - ၁၊ ရန်ကုန်၊ ၃၉၃

၃။ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၅၄

ပဋိညာဉ်ပျက်ကွက်မှုကြောင့် တရားမကြောင်းအရ အရေးယူ သင့်သော အမှုကို ပြစ်မှုကြောင်းအရ အရေးမယူနိုင်။ ငွေယူစဉ် လိမ်လည်ရန် အကြံရှိကြောင်း ပေါ်ပေါက်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀အရ ပြစ်မှုမြောက်မည် ဖြစ်သည်။[၁]

အိမ်နှင့်မြေကို ရောင်းချရာ၌ စရန်ငွေယူပြီးမှ အကြောင်းတစ်ခုခုကြောင့် ရောင်းချရန် ငြင်းဆိုခြင်းထက်လိမ်လည်လှည့်ဖြား၍ စရန်ငွေယူခြင်းဖြစ်သည် ဟု မဆိုနိုင်သဖြင့် ပုဒ်မ ၄၂၀နှင့် ငြိစွန်းခြင်း မရှိ။[၂]

**ဖော်ပြပါ အမှု၏ အဓိက စစ်ချက်ကို သုံးသပ်ခြင်း**

တရားလိုဘက်က သက်သေထူရမည်မှာ တရားခံသည် စရန်ငွေရယူစဉ်က လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် ရယူခဲ့သည်ဆိုသည့် အချက်ကို သက်သေထူရမည် ဖြစ်သည်။ မည်သည့် အချက်ဖြင့် သက်သေထူရမည်နည်း။ တရားခံသည် ခြံနှင့် ဂိုဒေါင်ကို ငှားရမ်းခ စရန်ယူစဉ်က ငှားရမ်းခ စရန်ယူခွင့်ရှိသူမဟုတ်ကြောင်း အချက်ဖြင့် သက်သေထူရမည် ဖြစ်သည်။ သို့သော် တရားလို၏ ထွက်ချက်၊ သက်သေခံချက်များက ယင်းအချက်ကို သက်သေထူခြင်း မရှိသည်ကို တွေ့ရသည်။

အကယ်၍ တရားခံသည် ငွေယူစဉ်က ငှားရမ်းပိုင်ခွင့်၊ စရန်ယူပိုင်ခွင့်ရှိသူ ဖြစ်ပါက လိမ်လည်လှည့်ဖြားလိုသော အကြံရှိသည်ဟူ၍ ဆိုနိုင်မည် မဟုတ်သကဲ့သို့ ပုဒ်မ ၄၂၀ဖြင့် အပြစ်ပေးနိုင်မည်လည်း မဟုတ်ပါ။

---

၁။ ၁၉၇၈၊ မြန်မာပြည်စီရင်ထုံး ၂၇

၂။ ၁၉၈၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၂

မြန်မာ စာအုပ်များ



ထို့ကြောင့် တရားခံက အမှုကို ချေပထုချေရာတွင် ခြံနှင့် ဂိုဒေါင်ကို ငှားရမ်းခစရန် ရယူစဉ်အခါက တရားခံသည် ငှားရမ်းပိုင်ခွင့်ရှိသူ၊ စရန်ငွေ ရယူပိုင်ခွင့်ရှိသူ ဖြစ်သည်ဆိုသည့် အချက်ကို မေးမြန်းဖော်ဆောင်ပေးလိုက်ခြင်းအားဖြင့် အမှုကို အနိုင်ရလိုက်နိုင်ပေသည်။ ထိုသို့ အနိုင်ရလိုက်နိုင်ခြင်းမှာ ဆိုင်ရာဥပဒေအချက်အလက်များ၊ **စီရင်ထုံး** အဆိုအမိန့်များ ကို ကျေညက်ထားခြင်း၏ အကျိုးဆက်ပေတည်း။

## ၅။ အမှုတွင် ပတ်သက်ဆက်စပ်လာမည့် ဘာသာရပ်ဆိုင်ရာတို့ကို ကြိုတင်လေ့လာတီးခေါက်ထားခြင်း။

သမဝါယမအမှုအခင်းတွင် လိုက်ပါဆောင်ရွက်မည် ဖြစ်သောရှေ့နေသည် သမဝါယမ ဆိုင်ရာ လုပ်ထုံးလုပ်နည်းမှစ၍ ယင်းလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို တီးခေါက်လေ့လာထားဖို့ လိုသည်။

ကျွမ်းကျင်သော သက်သေအား စစ်ဆေးမည်ဆိုပါက ၎င်းတို့နှင့်သက်ဆိုင်သော ဘာသာရပ်ကို တီးမိခေါက်မိရှိထားဖို့ လေ့လာထားဖို့ လိုအပ်သည်။

အမှုအခင်းတစ်ရပ်သည် စက်ပစ္စည်းတစ်ရပ်အပေါ် မူတည်၍ ဖြစ်ပွားသော အမှုဖြစ်ပါက ယင်းစက်ဆိုင်ရာတို့ကို လေ့လာထားဖို့လိုသည်။

ဆိုင်ရာဘာသာရပ်များကို လေ့လာသိရှိထားမှ ယင်းဘာသာရပ်နှင့်စပ်လျဉ်း၍ ပြန်လှန်မေးခွန်းထုတ်နိုင်မည်ဖြစ်သည်။ ထိုသို့အလေ့အလာမရှိဘဲ ပြန်လှန်မေးခွန်းများ ထုတ်မည်ဆိုက မေးခွန်းထုတ်သူ ရှေ့နေသည် တရားခွင်လူပုံအလယ်တွင် သနားစရာကောင်းသည့် သတ္တဝါ တစ်ကောင်အဖြစ်သို့ ရောက်ရှိသွားလိမ့်မည် ဖြစ်သည်။

မြန်မာ စာအုပ်များ

## အခန်း (၃)

## မေးခွန်းတည်ဆောက်ပုံနှင့် မေးခွန်းပရိယာယ်အကြောင်း

### ၁။ ဥပနာပဥ္စကပုစ္ဆာ

ဥပနာ။ တစ်ဖက်သား၏ စကားကို မိမိရရ ကိုင်ထားခြင်း။ ၁

အနုလောမပါပနာ။ ဥပနာစကားကို ထောက်ဆ၍ ဒုတိယစကားရပ် မသင့်လျော်ကြောင်း အပြစ်တင်ခြင်း။

အနုလောမရောပနာ။ ရှေ့စကားနှင့် နောက်စကားဆန့်ကျင့်မှုကို အပြစ်တင်ခြင်း။

ပဋိလောမပါပနာ။ ဒုတိယစကားရပ်ကို ထောက်ဆ၍၊ ပထမစကားရပ် မသင့်လျော်ကြောင်း အပြစ်တင်ကန့်ကွက်ခြင်း။

ပဋိလောမရောပနာ။ ရှေ့စကားနှင့် နောက်စကား ဆန့်ကျင်မှုကို အပြစ်တင်ခြင်း။

**စကားအစိတ်အပိုင်း ၅-ခုစလုံးပါသော မေးမြန်းခြင်း**

မေး။ အခင်းဖြစ်စဉ်က အခင်းဖြစ်နေရာမှာ မရှိဘူး မဟုတ်လား။

မြန်မာ စာအုပ်များ



ဖြေ။ ဟုတ်ကဲ့ မရှိပါဘူး၊

မေး။ ဒါဖြင့် အခင်းဖြစ်ပွားပုံကို ကိုယ်တိုင် မသိဘူး မဟုတ်လား၊

ဖြေ။ သိပါတယ်၊

မေး။ အခင်းဖြစ်ပွားစဉ်က မရှိပါဘဲနဲ့ ကိုယ်တိုင်သိတယ်လို ဖြေဆိုနေခြင်းဟာ သက်သက်မဲ့ လိမ်လည်ထွက်ဆိုတာပဲ မဟုတ်လား။

## ၂။ မေးခွန်းထုတ်ခြင်း။

ပြန်လှန်စစ်မေးခြင်း ပြုရာတွင် မည်သည့် မေးခွန်းမှ အစပြု၍ မေးရမည်ကို အခက်အခဲရှိနေမည်ဆိုပါက အထက်ဖော်ပြပါ ဌာပနာပဉ္စက ပုစ္ဆာမေးနည်းကို အခြေပြု၍ (ဌာပနာ) စကားတစ်ခုခုရအောင် မေးခွန်းထုတ်ရန် ဖြစ်သည်။ ထို့နောက် (အနုလောမ ပါပနာ၊ အနုလောမရောပနာ၊ ပဋိလောမပါပနာ) စကားများ ဖော်ထုတ်ရယူ၍ နောက်ဆုံးတွင် (ပဋိလောမရောပနာ) ဖြစ်အောင် မေးမြန်းရမည်။

ဌာပနာပဉ္စကပုစ္ဆာမေးနည်းကို တဖြည်းဖြည်း ဉာဏ်ရှိသလို ချဲ့ထွင်အသုံးပြုတတ်ဖို့ ဖြစ်သည်။ အကန့်များ ကန့်ခြင်း၊ မေးခွန်းကစားခြင်းများဖြင့် မေးတတ်လာနိုင်ရန် လေ့ကျင့်ယူရမည် ဖြစ်သည်။

မြန်မာ စာအုပ်များ



မေး။ တရားခံ ရိုက်တာကို ခင်ဗျားက မြင်တယ်လို့ ဆိုတယ် ဒီလိုဆို မေးပါရစေ၊

ဖြေ။ မေးပါ၊

မေး။ တရားခံဟာ၊ ဘယ်သန်လား၊ ညာသန်လား၊

ဖြေ။ ဒါတော့ ကျွန်တော်မသိဘူး၊

မေး။ ဒါဆိုရင် တရားခံရိုက်တယ်ဆိုတာ ညာဘက်နဲ့လား၊ ဘယ်ဘက်နဲ့ လား၊

ဖြေ။ ကျွန်တော် သတိမထားမိဘူး၊

မေး။ အဲဒီအချိန်က တရားခံဝတ်ထားတဲ့ အင်္ကျီအရောင်ကို ပြောပြပါ၊

ဖြေ။ မသိပါဘူး၊

မေး။ အရိုက်ခံရတယ်ဆိုတဲ့လူ ဝတ်ထားတဲ့ အင်္ကျီအရောင်ကိုကော ပြောနိုင်ပါသလား၊

ဖြေ။ ကျွန်တော် သတိမထားမိပါဘူး၊

မေး။ တရားခံဟာ လက်ပတ်နာရီကို ဘယ်ဘက်မှာ ပတ်ထားသလား၊ ညာဘက်မှာ ပတ်ထားသလား၊

ဖြေ။ ဒါကို ကျွန်တော်မသိပါဘူး၊

မေး။ ဒီလိုဆို တရားခံ နာရီပတ်ထားတယ်၊ မပတ်ထားဘူးဆိုတာကိုကော သိပါသလား၊

မြန်မာ စာအုပ်များ



ဖြေ။ ဒါလဲ ကျွန်တော် မသိပါဘူး၊

ဌာပနာစကားတစ်ရပ်ကို အနုလောမပါပနာဖြစ်အောင် မေးခြင်း ဖြစ်သည်။

မေး။ အခင်းဖြစ်စဉ်က ခင်ဗျားရှိနေပြီး အခင်းဖြစ်ပျက်ပုံကို ခင်ဗျား မြင်တွေ့တယ်လို့ သက်သေတစ်ဦးက အဆိုပြုထားပါတယ်၊ ခင်ဗျားက မမြင်မတွေ့ရပါဘူးလို့ ဆိုပါတယ်၊ ဒါကြောင့် မေးပါရစေ၊ မြင်တွေ့တယ်လို့ ထွက်ဆိုတဲ့အချက်က မှန်သလား၊ မမြင်မတွေ့ ဘူးဆိုတဲ့ အချက်က မှန်သလား၊

ဖြေ။ မမြင်မတွေ့ဘူးဆိုတဲ့ အချက်က မှန်ပါတယ်။

မေး။ ဒါဖြင့် မြင်တွေ့တယ်ဆိုတဲ့ အချက်ကကော မှန်သလား၊ မှားသလား၊

ဖြေ။ မှားတယ်၊

အနုလောမ ရောပနာစကားကို ထောက်၍ ပဋိလောမပါပနာဖြစ် အောင် မေးခြင်း ဖြစ်သည်။

မေး။ ခင်ဗျားရောက်တဲ့အချိန်မှာ သေသူကို ဒဏ်ရာနဲ့တွေ့ရတယ်လို့ ခင်ဗျားထွက်ဆိုထားတယ်၊

ဖြေ။ ဟုတ်ပါတယ်၊

မေး။ သေသူ ရရှိတဲ့ ဒဏ်ရာနဲ့ ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းရတယ် ဆိုတာ ခင်ဗျားမပြောနိုင်ဘူးပေါ့၊

ဖြေ။ မပြောနိုင်ပါဘူး၊

မြန်မာ စာအုပ်များ



မေး။ သူ့ဟာသူ မတော်တဆရရှိတဲ့ ဒဏ်ရာမဖြစ်နိုင်ဘူးလို့လဲ ခင်ဗျား မပြောနိုင်ဘူး၊

ဖြေ။ မပြောနိုင်ပါဘူး၊

မေး။ တရားခံပြုလုပ်လို့ ရရှိတဲ့ ဒဏ်ရာပါလို့လဲ ခင်ဗျားမပြောနိုင်ဘူး၊

ဖြေ။ မပြောနိုင်ပါဘူး၊

ဌာပနာစကားတစ်ရပ်ကို အနုလောမရောပနာဖြစ်အောင် မေးသွားခြင်းဖြစ်သည်။

နေ့ ၁၂နာရီ အချိန်

မေး။ ထမင်းစားပြီးပြီလား၊

ဖြေ။ မစားရသေးပါဘူး၊

မေး။ မနေ့က ဈေးသွားသေးလား၊

ဖြေ။ သွားပါတယ်၊

မေး။ မနေ့က ဘာဟင်းနဲ့ ထမင်းစားသလဲ၊

ဖြေ။ ကြက်သားဟင်းနဲ့ စားပါတယ်၊

မေး။ ဒီကနေ့ကော ဘာဟင်းနဲ့ စားသလဲ၊

ဖြေ။ ပုစွန်ဟင်းနဲ့ စားပါတယ်

မြန်မာ စာအုပ်များ



မေး။ ဒါဖြင့် စောစောပိုင်း မေးတုန်းက ထမင်းမစားရသေး ဘူးလို့ ဆိုတာ မှားတာပေါ့။

ဥာပနာစကားတစ်ရပ်ကို ချေဖျက်ရန်အတွက် နောက်ထပ်ပေါ်လာသော ပဋိလောမပါပနာ သဲလွန်စ စကားကို နင်း၍ ပဋိလောမရောပနာဖြစ်အောင် မေးမြန်းခြင်း ဖြစ်သည်။

ပြန်လှန်စစ်မေးခြင်းတွင် နိမိတ်ပြမေးခွန်းများ မေးခွင့်ရသည့် အခွင့်အရေးရှိထားသဖြင့် နိမိတ် ပြမေးခွန်းကို ထိထိရောက်ရောက် သုံးစွဲသင့်သည်။ သို့ဖြစ်လေရာမိမိဘက်မှပြန်လှန်စစ်မေးစရာအချက်အလက်လုံလုံ လောက်လောက် ရှိထားဖို့လိုသည်။ အဓိက စစ်မေးရာတွင် မပါသေးသည့် အချက်များ၊ သဲလွန်စများကို သိမြင်တတ်ဖို့လိုသည်။ သက်သေမသိသောသဲလွန်စကိုကိုင်နိုင်လျှင်သက်သေအပေါ်မိမိက အနိုင်ယူနိုင်မည်ဖြစ်သည်။

သဲလွန်စများကို အမှုစစ်ဆေးခြင်းမပြုမီ ရယူထားနိုင်သကဲ့သို့ ပြန်လှန်စစ်မေးချိန်တွင်လည်း သဲလွန်စ ကောက်ယူနိုင်ပေသည်။ ရှေ့နေသက်ရင့်ကျက်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးနေချိန်အတွင်း သဲလွန်စ ကောက်နိုင်သည့် ပညာများ ရလာကြသည်သာ ဖြစ် သည်။

## ၃။ မေးခွန်းမေးနည်းများ။

(၁) ခေါင်းညိတ် ခေါင်းခါတစ်ခုခုကိုသာ ဖြေဆိုလို၍ မေးမည်ဆိုက မေးခွန်းပုံစံသည် "လား" နှင့် အဆုံးသတ်၍ မေးနိုင်သည်။

ထမင်းစားပြီး ပြီလား၊
ပဲခူးကို သွားဖြစ်သလား၊
ကိုယ်တိုင်မြင်တွေ့ခဲ့တာလား၊

မြန်မာ စာအုပ်များ



(၂) ခေါင်းညိတ် ခေါင်းခါတစ်ခုခုကို ဖြေဆို၍ မရနိုင်အောင် မေးမည်ဆိုပါက မေးခွန်းပုံစံသည် "သလဲ"နှင့် အဆုံးသတ်၍ မေးနိုင်သည်။

ဘာမှာလိုက်သေးသလဲ၊
မနေ့က ဘယ်သွားနေသလဲ၊
ခြံဘယ်လောက်ကျယ်သလဲ

(၃) မိမိဖြေစေလိုသည့် ကိစ္စကို ရေလာမြောင်းပေးမေးသော နိမိတ်ပြ မေးခွန်း။

ထမင်းစားခဲ့တယ် မဟုတ်လား၊
ပဲခူး မသွားဖြစ်ဘူးဆိုတာ မဟုတ်ဘူး မဟုတ်လား၊
ခင်ဗျားကိုယ်တိုင် မြင်ခဲ့တာ မဟုတ်ဘူး မဟုတ်လား၊

**တစ်နည်းမေးမြန်းခြင်း အကြောင်းငါးပါး**

၁။ **မသိ၍ မေးခြင်း**

ထမင်းစားခဲ့သလား၊
ဘာလုပ်နေသလဲ၊
အလုပ်အကိုင် ဟန်ကျရဲ့လား၊

၂။ **သိထားသည်နှင့် တူ မတူ သိလို၍ မေးခြင်း**

စာမေးပွဲမှာ အင်္ဂလိပ်စာ ဂုဏ်ထူးရတယ်ဆိုတာ ဟုတ်သလား။

မြန်မာ စာအုပ်များ



ဈေးထဲဝင်ပြီး မုန့်ဟင်းခါး စားခဲ့သေးတယ်ဆို၊
မော်လမြိုင်ရထား ဆိုက်သွားပြီဆိုတာ ဟုတ်သလား။

၃။ မိမိအယူအဆကို သံသယဖြစ်၍ မေးခြင်း။

ဒီအတိုင်းဆိုရန်ကုန်ကို ညနေ ၅ နာရီထိုးလို့မှ ရောက်ပါ့မလား၊ တစ်ရာတစ်ဆယ့်ငါးရက်တိတိ ရေမသောက်အစာမစားဘဲ နေနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

၄။ မိမိနှင့်သဘောတူဖြစ်အောင်မေးခြင်း။

မိဘတိုင်းသားသမီးကို ချစ်တယ်ဆိုတာ ယုံသလား၊ ကမ္ဘာကြီးဟာ ပြားမနေဘူး ဆိုတာကိုတော့ လက်ခံတယ်မဟုတ်လား၊

၅။ မိမိက ပြန်ဖြေချင်၍ မေးခြင်း။

မင်းအပြင်သွားနေတုန်း ဘယ်သူလာသွားတယ် ထင်သလဲ လိမ္မော်သီး ၁၀လုံးကို ဘယ်လောက်ပေးဝယ်ခဲ့ရတယ် မှတ်သလဲ၊

၄။ မေးခွန်းပရိယာယ်ပုံဆောင်များ။
အကျိုးအကြောင်းပြမေးခြင်း။

မေး။ တစ်စုံတစ်ယောက်သော ယောက်ျားသည်ပျားရည်အိုး တစ်ရာကို ယူဆောင်လာပြီး ပျားရည်ကန်တွင် ထိုပျားရည်တို့ကို လောင်းထည့်ထား၏။ထို့နောက် လူတစ်ယောက်၏ ခံတွင်းကို သေချာစွာ ပိတ်ပြီး ထိုပျားရည် ကန်တွင်းသို့

မြန်မာ စာအုပ်များ



ချလျှင် ထိုသူသည်ပျားရည်၏ အရသာကို သိပါမည်လော၊

ဖြေ။ ထိုသူ၏ ပါးစပ်ကို ပိတ်ထား၍ မသိနိုင်ပါ၊

မျက်မြင်ကို မေးခြင်း၊

မေး။ စက်ဝိုင်း၏ အစွန်းအပိုင်းအခြား ရှိပါသလော၊

ဖြေ။ မရှိပါ။

ထပ်တူလိုက်မှုကို မေးခြင်း၊

မေး။ ရှေ့မှ လှည်းတစ်စီးသွား၏။ နောက်လှည်းသည် ဘယ်လမ်းဖြင့် သွားမည်နည်း၊

ဖြေ။ ရှေ့က လှည်းသွားသော လမ်းသို့ပင် လိုက်ပါလိမ့်မည်၊

မေး။ လှည်းနှစ်စီးသည် အချင်းချင်းတိုင်ပင်ညှန်ကြား၍ ရှေ့နောက်အစဉ်အတိုင်း သွားကြခြင်းလော၊

ဖြေ။ မဟုတ်ပါ။ လေ့လာသည့် အဖြစ်ကြောင့် သွားကြ၏။

ဖသဿစသည်ကို ခွဲခြားမေးခြင်း၊

မေး။ ဆားကို ချိန်ခွင်ဖြင့် ချိန်နိုင်ပါ၏လော၊

ဖြေ။ ချိန်နိုင်ပါ၏၊

မေး။ ဆား၏ ငန်သောအရသာသက်သက်ကို ချိန်ခွင်ဖြင့် ချိန်နိုင်ပါသလော၊

ဖြေ။ မချိန်နိုင်ပါ၊

မြန်မာ စာအုပ်များ



မေး။ ဆားကို မျက်စိဖြင့် မြင်နိုင်ပါမည်လော၊

ဖြေ။ မြင်နိုင်ပါသည်၊

မေး။ ဆား၏ အရသာကို မျက်စိဖြင့် သိနိုင်ပါမည်လော၊

ဖြေ။ မသိနိုင်ပါ။ လျှာမြင့်သာ သိနိုင်ပါသည်။

**မရှိဟုပြောသည်ကို မေးခြင်း။**

မေး။ တောက်နေသော မီးပုံကြီးငြိမ်းသွားသောအခါ ထိုမီးလျှံဘယ်မှာရှိ၏ဟု ပြောပြနိုင်ပါမည်လော၊

ဖြေ။ မပြောနိုင်ပါ၊

မေး။ ထိုသို့ မပြောနိုင်ကာမျှဖြင့် မီးတောက်မီးလျှံမဖြစ်ခဲ့ဟု ပြောမည်လော၊

ဖြေ။ မပြောနိုင်ပါ။

**မှန်းဆမရသည်ကို မေးခြင်း။**

မင်းကြီး။ ကံတို့သည် ဤနေရာ၊ ဤနေရာမှာ တည်ရှိကုန်၏ဟု ပြောနိုင်ပါမည်လော၊

ရှင်။ မပြောနိုင်ပါ၊

ကြီး။ အဘယ်ကြောင့်နည်း၊

ရှင်။ အသီးမသီးသော သစ်ပင်တွင် အသီးတို့သည် ဤနေရာ၊ ဤနေရာမှာ တည်ရှိကုန်၏ဟု ပြောနိုင်ပါမည်လော၊

မြန်မာ စာအုပ်များ



ကြီး။ မပြောနိုင်ပါ၊

ရှင်။ ထို့အတူပင် ဖြစ်၏။

**မှန်းဆရသည်ကို မေးခြင်း၊**

မေး။ လယ်သမားသည် မျိုးစေ့ကို မြေ၌ စိုက်ပျိုးကြဲချ၏။ မိုးလေဝသ မှန်ကန်ပါသော် စပါးဖြစ်လိမ့်ဟု သိပါမည်လော၊

ဖြေ။ သိနိုင်ပါ၏။

**နှိုင်းယှဉ်၍ မေးခြင်း၊**

မေး။ မိဘသေ၍ ငိုကြွေးသူနှင့် တရားကို ခင်မင်သဖြင့် ငိုကြွေးသူ၏ မျက်ရည်တို့တွင် ဘယ်သူ့မျက်ရည်က ရာဂငြိမ်းအေးကြောင်း "ဆေး" ဖြစ်ပါသနည်း။

ဖြေ။ တစ်ယောက်၏ မျက်ရည်မှာ ရာဂ၊ ဒေါသ၊ မောဟတို့ဖြင့် ညစ်နွမ်း၏၊ ပူလောင်၏၊ တစ်ယောက်၏ မျက်ရည်မှာ နှစ်သက်ခြင်း၊ ဝမ်းသာခြင်းဖြင့် အညစ်အကြေး ကင်း၏။ သီတာရေသို့ အေးမြ၏။ အေးမြသော မျက်ရည်သည် ရာဂငြိမ်းအေးကြောင်း "ဆေး"ကောင်းဖြစ်၏။

**တူညီမှုကို မေးခြင်း၊**

မေး။ ဉာဏ်ဖြစ်သူအား ပညာဖြစ်ပါသလော၊

ဖြေ။ ဖြစ်၏

မြန်မာ စာအုပ်များ



မေး။ ဉာဏ်သည်ပင် ပညာဖြစ်သလော၊

ဖြေ။ ဖြစ်၏၊

**အခါအခွင့်ကျရောက်မှုကို မေးခြင်း။**

ကြီး။ ဗုဒ္ဓသည် အလုံးစုံ အကုန်အစင် သိမြင်ပါ၏လော၊

ရှင်။ သိမြင်၏။

ကြီး။ သို့ဖြစ်ပါလျှင် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို အဘယ်ကြောင့် အစဉ်အားဖြင့် ပညတ်တော်မူပါသနည်း။ ကြိုတင်ပညတ်ထားသင့်သည် မဟုတ်လော၊

ရှင်။ ဆေးသမားသည် သူနာကို ဆေးတိုက်ရန် အခါ အခွင့်ရောက်မှ သူနာကိုဆေးတိုက်သလော၊ သို့မဟုတ် အခါအခွင့် မရောက်မီ ဆေးတိုက်သလော၊

ကြီး။ အခါအခွင့်ရောက်မှ တိုက်ပါ၏။

ရှင်။ ဤနည်းတူစွာ ဗုဒ္ဓသည် သိက္ခာပုဒ်ပညတ်ရန် အချိန်အခါ ရောက်မှသာ သာဝကတို့အား သိက္ခာပုဒ်ပညတ်၏။ အချိန်အခါ မရောက်မီ ပညတ်တော်မမူပါ။

**ပုံသေကားချပ် တစ်ထစ်ချမှတ်ယူမှုကိုမေးခြင်း။**

မင်းကြီး။ ဗုဒ္ဓသည်မဟာပုရိသတို့၏လက္ခဏာကြီး ၃၂ပါးလက္ခဏာ ငယ်၈၀ တို့နှင့် ပြည့်စုံ၏။ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းရှိ၏။ တစ်လံမျှလောက် အရောင်တော်ရှိ၏ ဆိုသည်မှာ မှန်ပါသလော၊

မြန်မာ စာအုပ်များ



ရှင်။ မှန်ပေ၏။

ကြီး။ ဗုဒ္ဓ၏ မယ်တော်၊ ခမည်းတော်တို့လဲ ထိုသို့ပင်လော၊

ရှင်။ ထိုသို့မဟုတ်ပါ၊

ကြီး။ သို့ဖြစ်လျှင် ဗုဒ္ဓသည် ထိုသို့ မဖြစ်နိုင်ပါ။ အကြောင်းမူကား သားသမီးသည် အမေနှင့်သော်လည်းကောင်း၊ အဖေနှင့်သော်လည်းကောင်းတူရသည်ဖြစ်၏။

ရှင်။ ကြာသည် အဘယ်မှာ ပေါက်သနည်း၊

ကြီး။ ညွန်မှာပေါက်၏။

ရှင်။ ကြာသည် ညွန်နှင့်အဆင်း၊ အနံ့ ရသာအားဖြင့်တူသလော။

ကြီး။ မတူပါ၊

ရှင်။ သို့မဟုတ် ရေနှင့်တူသလော၊

ကြီး။ မတူပါ၊

ရှင်။ ထို့အတူ ဗုဒ္ဓသည် ခမည်းတော်၊ မယ်တော်တို့နှင့်မတူချေ၊ မဟာပုရိသဖြစ်၏။

**တစ်ဆက်တည်းဖြစ်ကြောင်း မေးခြင်း။**

မေး။ တစ်စုံတစ်ယောက်သည် ညဦးယံက မီးထွန်းထား၏။ ထိုမီးသည် တစ်ညလုံးပင် ထွန်းလင်းတောက်ပနေရာ ညဦးယံမီးသည် တခြားလော၊ သန်းခေါင်ယံမီးသည် တခြားလော၊ မိုးသောက်ယံမီးသည် တခြားလော့၊

ဖြေ။ မဟုတ်ပါ၊ ထိုညဉ့်ဦးယံမီးကိုသာ အမှီပြု၍ တစ်ညလုံး ထွန်းလင်းနေပါ၏။

**ထင်ရှားစွာ မနေသည့် သဘာဝကို မေးခြင်း**

ကြီး။ ပညာသည် ဘယ်အရပ်၌ ထင်ရှားစွာ နေပါသနည်း၊

ရှင်။ ပညာသည် ဘယ်အရပ်မှာမှ ထင်ရှားစွာမနေ၊

ကြီး။ သို့ဖြစ်လျှင် ပညာမရှိသလော၊

ရှင်။ လေသည် ဘယ်အရပ်၌ ထင်ရှားစွာနေသနည်း၊

ကြီး။ အဘယ်အရပ်မှာမှ ထင်ရှားမနေပါ၊

ရှင်။ သို့ဖြစ်လျှင် လေသည် မရှိသလော၊

**သတိရခြင်းကို မေးခြင်း။**

ကြီး။ ကြာမြင့်စွာက ပြုပြီးသောအရာကို အဘယ်တရားဖြင့် အောက်မေ့နိုင်ပါသနည်း၊

ရှင်။ သတိတရားဖြင့် အောက်မေ့နိုင်၏။

ကြီး။ စိတ်ဖြင့်သာ အောက်မေ့နိုင်သည် မဟုတ်ပါလော၊

ရှင်။ တစ်ခုခုကိုပြုပြီး မေ့လျော့နေသည်ကို မှတ်မိဖူးပါသလော၊

ကြီး။ မှတ်မိပါ၏။

ရှင်။ သင်မေ့လျော့စဉ်အခါက စိတ်မရှိသလော၊

မြန်မာ စာအုပ်များ



ကြီး။ မဟုတ်ပါ။ ထိုအခါက သတိမဖြစ်ပါ၊

ရှင်။ သို့ဖြစ်ပါလျက် သင်သည် စိတ်ဖြင့်သာ အောက်မေ့နိုင်သည် ဟု အဘယ်ကြောင့် ဆိုဘိသနည်း။

ဥပမာဆောင်မေးခြင်း

မင်းကြီး။ ရဟန်းတို့သည် မိမိကိုယ်ကို ချစ်သလော၊

ရှင်။ မချစ်ကြ၊

ကြီး။ သို့ပါလျက် အဘယ်ကြောင့် မိမိကိုယ်ကို မိမိ ခင်မင်မြတ်နိုး ကုန်သနည်း၊

ရှင်။ မဟာရာဇ တစ်ခါတစ်ရံစစ်ပွဲတွင် သင့်အား မြားထိမှန်ဖူး သလော၊

ကြီး။ ထိမှန်ဖူးပါသည်၊

ရှင်။ မြားဒဏ်ရာကို လိမ်းဆေးဖြင့် လိမ်းမည်။ သို့မဟုတ် ဆီလူး၍ နူးညံ့သောအဝတ်ဖြင့် စည်း၍ ထားသည်မဟုတ်လော၊

ကြီး။ ဆိုသည့်အတိုင်းမှန်ပါ၏။

ရှင်။ မဟာရာဇ အသို့နည်း၊ သင်သည် အနာကို ချစ်၍လော၊

ကြီး။ ဘန္တေ မဟုတ်ပါ၊ စင်စစ်အသားနုတက်စေရန်၊ အနာကျက်စေ ရန်ဖြစ်၏။

မြန်မာ စာအုပ်များ



ရှင်။ မဟာရာဇထို့အတူရဟန်းတို့သည် မိမိကိုယ်ကိုမချစ်ကြပါ။ စင်စစ်သော်ကား မြတ်သောသာသနာကို ချီးမြှောက်ရန် ကိုယ်ကို ဆောင်ကုန်၏။

ရွှေးနှုတ်မေးခြင်း။

မေး။ သင်၏ ရုပ်သည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မေး။ သင်၏ ခံစားမှုတို့သည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မေး။ သင်၏ အမှတ်သညာသည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မေး။ သင်၏ သင်္ခါရသည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မေး။ သင်၏ ဝိညာဉ်သည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မေး။ သို့မဟုတ်လျှင် ရုပ်စသည်တို့မှအခြားတစ်ပါးသည် နာဂသေနလော၊

ဖြေ။ မဟုတ်ပါ၊

မြန်မာ စာအုပ်များ



မေး။ နာဂသေနသည် ခေါ်ဝေါ်သော သဒ္ဒါမျှလော၊
ဖြေ။ မဟုတ်ပါ၊

## တစ်သီးတစ်ခြားဖြစ်ကြောင်း မေးမြန်းခြင်း

မေး။ ပဋိသန္ဓေမနေသောသူ(ရဟန္တာ)သည် တစ်စုံတစ်ရာသော ဒုက္ခဝေဒနာကို ခံစားရပါသေးသလော၊

ဖြေ။ အချို့ဝေဒနာကိုခံစားနေရ၍ အချို့သော ဝေဒနာကိုမခံစားရပါ၊

မေး။ အဘယ်ဝေဒနာကို ခံစားရ၍ အဘယ်ဝေဒနာကို မခံစားရပါ သနည်း။

ဖြေ။ ကိုယ်၌ဖြစ်သော ဝေဒနာကို ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ၊

မေး။ အဘယ်ကြောင့်ပါနည်း၊

ဖြေ။ ကိုယ်၌ဆင်းရဲဝေဒနာဖြစ်ပေါ်ရန်အကြောင်း အထောက် အပံ့မကင်းသောကြောင့်ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာကို ခံစားရ၏။စိတ်၌ဆင်းရဲဝေဒနာဖြစ်ပေါ်ရန် အကြောင်းအထောက်အပံ့ကင်းသောကြောင့်စိတ်၌ဖြစ် သောဆင်းရဲဝေဒနာမခံစားရခြင်းဖြစ်၏။ မြတ်စွာဘုရား သည်ပဋိသန္ဓေနေရသူသည် ကာယိကဝေဒနာကိုသာ ခံစား၏ စေတသိကဝေဒနာကို မခံစားဟု ဟောကြား တော်မူ၏။

## အချင်းချင်းနားလည်မှုကို အခြေပြု၍ မေးခြင်း။

မင်းကြီး။ ဘန္တေငါသည် သင်နှင့် ပညာရှိတို့၏ နည်းဖြင့် ဆွေးနွေး ပါမည်၊ အရှင်သည် ငါ့အားကျောင်းစောင့်တစ်ဦး ကဲ့သို့သဘောထားပြီး၊ ဆွေးနွေးပါလော့၊ ယခု ငါမေး ပါမည်။

မြန်မာ စာအုပ်များ



ရှင်။ မေးလော့ မဟာရာဇာ၊
ကြီး။ မေးပြီးပါပြီ ဘန္တေ၊
ရှင်။ ငါဖြေပြီးပြီ မဟာရာဇာ၊
ကြီး။ သင်ဘာကို ဖြေသနည်း။
ရှင်။ သင်ဘာကို မေးသနည်း။

ဝိရောဓိဖြစ်စဉ်ကို မေးခြင်း။

မင်းကြီး။ ဘန္တေ၊ သုခဝေဒနာသည် ကုသိုလ်ဖြစ်ပါမူ ဒုက္ခ မဖြစ်ပေရာ၊ အကယ်၍ ဒုက္ခဖြစ်ပါမူ အကုသိုလ်မဖြစ်ပေရာ ကုသိုလ်သည် ဒုက္ခ မဖြစ်သင့်၊

ရှင်။ မဟာရာဇ၊ လူတစ်ယောက်သည် လက်တစ်ဖက်တွင် ရဲရဲတောက် သံတွေခဲကို ကိုင်ထားပြီး အခြား လက်တစ်ဖက်တွင် အေးသော ဆီးနှင်းခဲကို ကိုင်ထား၏။ ထိုအပူနှင့် အအေးနှစ်ခုလုံး လောင်မြိုက်ကုန် သလော၊

ကြီး။ ဘန္တေ၊ ဟုတ်ပါ၏။
ရှင်။ အသို့နည်း၊ မဟာရာဇ နှစ်ခုလုံး အပူချည်းလော၊
ကြီး။ မဟုတ်ပါ၊ ဘန္တေ၊
ရှင်။ သို့မဟုတ် အအေးချည်းလော၊
ကြီး။ မဟုတ်ပါ၊ ဘန္တေ၊

ရှင်။ မဟာရာဇ၊ သံတွေခဲလောင်မြိုက်ခဲ့မူ ထိုနှစ်မျိုးလုံး အပူချည်း မဟုတ်ချေ။ ဆီးနှင်းခဲ လောင်မြိုက်ခဲ့မူ ထိုနှစ်မျိုးလုံး အအေးချည်း မဟုတ်ချေ။ ယင်းတို့ အပူချည်းမဟုတ်သောကြောင့် သံတွေခဲလောင်မြိုက်

မြန်မာ စာအုပ်များ



သည် မဖြစ်ပေရာ၊ အအေးချည်းလည်း မဟုတ်သော ကြောင့် ဆီးနှင်းခဲလောင်မြိုက်သည် မဖြစ်ပေရာ၊ သို့ဖြစ်ပါလျက် ထိုနှစ်ပါးလုံး အဘယ်ကြောင့် လောင်ကုန်သနည်း။ ထိုနှစ်ခုစုံသည် အပူချည်းလည်း မဟုတ်၊ အအေးချည်းလည်း မဟုတ်၊ တစ်ခုပူ၍ တစ်ခုအေး၏။ သို့ရာတွင် နှစ်ပါးလုံး လောင်မြိုက်၏။ ထို့ကြောင့် အပူအအေး လောင်ခြင်း၊ မဖြစ်သင့်သည် မဟုတ်လော။

**အချိန်ကာလအလျောက် ပြုအပ်သည်ကို မေးခြင်း။**

မင်းကြီး။ သင်တို့သည် ဝဋ်ဆင်းရဲချုပ်ရန်၊ နောက်ထပ်ဝဋ်ဆင်းရဲမဖြစ်စေရန် ရည်သန်ပြီး ရဟန်းပြု၏ဟု ဆိုခဲ့သည် မဟုတ်လော၊

ရှင်။ မှန်၏။

ကြီး သင်တို့သည် အခွင့်မရောက်မီ ကြိုတင်၍ လုံ့လပြုသဖြင့် ဘယ်အကျိုးရှိမည်နည်း၊

ရှင်။ အခွင့်မရောက်မီ ကြိုတင်လုံ့လပြု၍ လိုအပ်သော အမှုကိစ္စပြီး မြောက်နိုင်၏။

ကြီး။ ဥပမာပြပါဦး၊

ရှင်။ သင်သည် ရေသောက်ချင်သော အခါရောက်မှ ရေတွင်းရေကန် တူးစေမည်လော၊

ကြီး။ မဟုတ်ပါ၊

မြန်မာ စာအုပ်များ



ရှင်။ သင်သည် ဆာလောင်သောအခါကျမှ လယ်ကို ထွန်ယက်ပြီး စပါးစိုက်ပျိုးစေမည်လော၊

ကြီး။ မဟုတ်ပါ၊

ရှင်။ သင်သည် စစ်တိုက်ရန် အခွင့်ကြုံသောအခါကျမှ ကျုံးမြောင်းကို တူးစေမည်လော၊ တံတိုင်း တံခါး မုခ်ပြအိုးတို့ကို ပြုလုပ်စေသလော၊ ရိက္ခာသိုမှီသလော၊ ထိုအခါရောက်မှ ဆင်စီး၊ မြင်းစီး၊ ရထားစီး၊ လေးပစ်၊ ဓားခုတ်၊ လှံထိုးအတတ်ကို သင်စေသလော၊

ကြီး။ မဟုတ်ပါ၊

ရှင်။ ဤနည်းတူစွာ အခါရောက်မှ လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စမပြီးနိုင်၊ လုံ့လကို ကြိုတင်ပြုအပ်၏။

**အပြုအမူ၏ အထုအထည်ကို မေးခြင်း။**

မင်းကြီး။ သင်တို့ပြောကြ၏"ပကတိမီးထက်၊ ငရဲမီးက အဆပေါင်းများစွာပို၍ ပူလောင်၏၊ ပကတိမီးသည် ကျောက်ခဲကလေးတစ်လုံးကို တစ်နေ့လုံး လောင်ကျွမ်းသော်လည်း ကျေညက်မည်မဟုတ်ချေ၊ ငရဲမီးသည် အိမ်လောက်ရှိသော ကျောက်တုံးကြီးကိုပင်

မြန်မာ စာအုပ်များ



တစ်ခဏချင်း လောင်ကျွမ်းကျေညက်နိုင်၏။ ဤသို့ ဆိုလျှင် ငရဲကျသော သတ္တဝါတို့သည် ထောင်ပေါင်း များစွာသော နှစ်တို့ ပတ်လုံး ငရဲမီးလောင်ကျွမ်းသော် လည်း ကျေညက်ခြင်း မရှိဟု ဆို၏။ မည်သို့နည်း၊ ထိုစကားကို ကျွန်ုပ်မယုံကြည်၊

ရှင်။ မကန်းမ၊ မိကျောင်းမ၊ လိပ်မ၊ ဒေါင်းမ၊ ခိုမတို့သည် ကျောက်ခဲ၊ ကျောက်စရစ်ခဲကို စားမျိုကြသည် မဟုတ်လော၊

ကြီး။ စားမျိုကြ၏။

ရှင်။ ထိုကျောက်ခဲတို့သည် ထိုမကန်းမ၊ စသူတို့၏ ဝမ်းသို့ ရောက်သောအခါ ကြေညက်ကုန်သည် မဟုတ်လော၊

ကြီး။ ကြေညက်ကုန်ပါ၏။

ရှင်။ အဘယ်ကြောင့်နည်း၊

ကြီး။ ပြုခဲ့သော ကံကြောင့် ထင်ပါ၏။

ရှင်။ ထို့အတူ ပြုခဲ့သော ကံကြောင့် ငရဲသတ္တဝါတို့ ငရဲ၌ မလောင်ကျွမ်းကြခြင်း ဖြစ်၏။

မြန်မာ စာအုပ်များ

## အခန်း (၄)

## ပြန်လှန်စစ်မေးခြင်း။

### ပြန်လှန်စစ်မေးရာတွင် မေးခွင့် ကန့်သတ်ထားသော မေးခွန်းများ။

**သက်သေခံ ဥပဒေပုဒ်မ ၅၆။** တရားဥပဒေအရ ဂရုပြုနိုင်သည် ကို ထင်ရှားအောင် မပြုရ။

ဥပမာ - ရွှေပြောင်းနိုင်တဲ့ ပစ္စည်းခိုးမှုခိုးမှုမြောက်တယ် ဆိုတာ သိသလား။

ချွန်ထက်တဲ့အရာနဲ့ အပြင်းအထန် ဒဏ်ရာရရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ဖြစ်တယ်ဆိုတာ သိသလား။

(ဥပဒေအချက်အလက်များဖြစ်၍ မေးခွင့်မရ၊ သက်သေသည် ဥပဒေ တတ်ကမ်းသူ ဖြစ်မှ မေးနိုင်သည်)

**သက်သေခံ ဥပဒေပုဒ်မ ၁၂၂။** လက်ထပ်ပေါင်းသင်းနေစဉ်လင်မယား တစ်ဦးနှင့်တစ်ဦး ပြောဆိုသည့် စကား တစ်စုံတစ်ရာကို ဖော်ထုတ်ပြောဆိုရန် အနိုင်အထက် အတင်းအကျပ် မပြုလုပ်ရ။

လင်မယားအချင်းချင်း ဖြစ်ပွားသော အမှုများ (သို့) မှုပြစ်တစ်စုံတစ်ရာနှင့် လင်ကသော်လည်းကောင်း၊ မယားကသော်လည်းကောင်း၊ တစ်ဦးကို တစ်ဦး စွဲဆိုသည့် အမှုများနှင့် မသက်ဆိုင်ပေ။

**သက်သေခံဥပဒေပုဒ်မ ၁၂၃။** နိုင်ငံရေးရာ သက်သေခံချက်။

နိုင်ငံရေးရာနှင့် ပတ်သက်၍ အစိုးရက ထုတ်ပြန်ကြေညာ ခြင်း မပြုရသေးသော မှတ်တမ်းမှတ်ချက်များမှ ရရှိသည့် သက်သေခံချက်တစ်စုံတစ်ရာကို ဆိုင်ရာဌာန အကြီးအကဲ၏ အမိန့်မှတစ်ပါး မည်သူ့ထံသို့ ပေးခွင့်မရှိ။ ၎င်းအကြီးအကဲသင့်သည်ဟု ထင်မြင်ယူဆချက်အရ ဤသို့သော အခွင့်မျိုးကို ပေးမည် (သို့မဟုတ်) မပေးဘဲနေရမည်။

မြန်မာ စာအုပ်များ



နိုင်ငံ၏ လျှို့ဝှက်ချက်အနေဖြင့် မသိသင့် မသိထိုက်သည်များရှိလျှင် သက်သေခံချက်အဖြစ် တရားရုံး လူသိရှင်ကြား မဖြစ်စေရန် တားမြစ်ထားသည့် သဘောမျိုး ဖြစ်သည်။

သက်သေခံဥပဒေပုဒ်မ ၁၂၄။ အစိုးရ ရာထူးအလျောက် ပြောကြားချက်များ။

မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ၄င်းအား ရာထူးတာဝန် ဝတ္တရားအလျောက် ပြောကြားသည့် လျှို့ဝှက်အပ်သော စကားများကို တရားရုံး၌ ထုတ်ဖော်ပြောဆိုလျှင် အများပြည်သူ အကျိုးကို ထိခိုက်ယုတ်လျော့ မည်ဟု ထင်မြင်ပါက ၄င်းစကားမျိုးကို ထုတ်ဖော်ပြောဆိုရန် အတင်းအကျပ် မပြုလုပ်ရ။

သက်သေခံဥပဒေ ပုဒ်မ ၁၂၅။ ပြစ်မှုကျူးလွန်ကြောင်း သတင်းများ။

(၁) မည်သည့် ရာဇဝတ်တရားသူကြီး (သို့) ရဲအမှုထမ်းကိုမျှ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း သတင်းကို မည်သူ့ထံမှ ရရှိသည်ကို ပြောဆိုစေရန် အတင်းအကျပ် မပြုလုပ်ရ။

(၂) အစိုးရအခွန် ယုတ်လျော့ထိခိုက်စေရန် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း သတင်းကို မည်သူ့ထံမှ ရရှိသည်နှင့် ပတ်သက်၍ မည်သည့်အခွန်အရာရှိကိုမှ အတင်းအကျပ် မပြုရ။

သက်သေခံဥပဒေပုဒ်မ ၁၂၆။ ရှေ့နေများနှင့် အမှုသည်တို့ အချင်းချင်း ပြောကြားသည့် စကားများ။

ရှေ့နေအသီးသီးတို့သည် -

(၁) အမှုသည်များ၏ အမှုကို လိုက်ပါဆောင်ရွက်နေဆဲအခါ မည်ကဲ့သို့ ဆောင်ရွက်ရန် ၄င်းအမှုသည်ကိုယ်တိုင်က ဖြစ်စေ၊ ၄င်းတို့အတွက်ဖြစ်စေ၊ ပြောကြားသည့် စကား

မြန်မာ စာအုပ်များ



တစ်စုံတစ်ရာမှစ၍၊

(၂) အမှုဆောင်ရွက်ဆဲအတွင်း သိရှိရသော စာချုပ်စာတမ်းပါ အချက်အလက် စည်းကမ်းချက်၊

(၃) သို့မဟုတ် ဆောင်ရွက်ဆဲ ဆောင်ရွက်ရန်အတွက် အမှုသည်များသို့ မိမိတို့က သင်ကြားညွှန်ပြသည့် အချက်များတို့ကို ထုတ်ဖော်ပြောဆိုရန် ၎င်းအမှုသည်တို့က သဘော မတူခဲ့လျှင် မည်သည့် ရှေ့နေကိုမှ ထုတ်ဖော်ပြောဆိုခွင့် မပြုရ။

သို့သော် အောက်ပါအချက်အလက်များကိုမူ ထုတ်ဖော်ပြောဆိုရသည်။

(၁) မတရားသော အကြံအစည် တစ်စုံတစ်ရာကို အထောက်အပံ့ရစေခြင်းငှာ ပြောဆိုသည့် အချက်၊

(၂) ရှေ့နေက အမှုကို စတင်ဆောင်ရွက်ရသည့် နောက်တွင် တစ်စုံတစ်ခုသော ပြစ်မှုကျူးလွန်ကြောင်း လိမ်လည်ကြောင်းကို ရှေ့နေအဖြစ် ဆောင်ရွက်နေဆဲတွင် ထင်ရှားသိသာရသည့် အခြင်းအရာများ။

သက်သေခံ ဥပဒေပုဒ်မ ၁၃၉။ စာချုပ်တင်ပြရုံ ဆင့်ခေါ်ခံရသူကို ပြန်လှန်စစ်မေးခြင်း ပြုခွင့်မရ။

အမှတ်အသား စာချုပ်စာတမ်းတစ်ခုကို တင်ပြရန် ဆင့်ခေါ်ခံရသူသည် ၎င်းအမှတ်အသားကို တင်ပြရုံမျှဖြင့် သက်သေဟု မဆိုနိုင်။ ၎င်းအား သက်သေအဖြစ် ဆင့်ခေါ်ခြင်း မဟုတ်က ၎င်းအား ပြန်လှန်စစ်မေးခွင့်လည်း မရှိပေ။ ၎င်းအား ပြန်လှန်စစ်မေးလိုလျှင် သက်သေအဖြစ် ထပ်မံဆင့်ခေါ်လာရောက်မှ ပြန်လှန်စစ်မေးခွင့် ရှိသည်။

သက်သေခံဥပဒေပုဒ်မ ၁၄၉။ သင့်လျော်သော အကြောင်း ယုတ္တိမရှိလျှင် မေးခွင့်မရသည့် မေးခွန်းများ၊

မြန်မာ စာအုပ်များ



သက်သေခံ ဥပဒေပုဒ်မ ၁၄၈တွင် ရည်ညွှန်းပါရှိသော မေးခွန်း တစ်စုံတစ်ရာကို မေးသူက ၎င်း၏ မေးခွန်းတွင် စွပ်စွဲသည့် အချက်၌ အခြေ အမြစ်ကောင်းစွာ ရှိကြောင်း ထင်မြင်ရန် သင့်လျော်သည့် အကြောင်း ယုတ္တိမရှိလျှင် မေးသင့်သည် မဟုတ်ပေ။

(၁) သက်သေအကြောင်းကို မည်သို့မျှ မသိဘဲလျက် ဓားပြ ဟုတ်မဟုတ် ရမ်းဆ၍ မေးပါက ဤသို့ မေးခြင်းမှာ သင့်လျော်သော အကြောင်း မဟုတ်ပေ။

(၂) သက်သေအကြောင်းကို မည်သို့မျှ မသိသော်လည်း ၎င်း၏ အလုပ်အကိုင်အခြေအနေ၊ ၎င်း၏ အသက်မွေး မှုတို့ကို မေးရာ ၎င်းက ကျေနပ်အောင် မဖြေဘဲရှိနေပါ က ၎င်းအချက်မှာ သက်သေကို ဓားပြတစ်ဦးဟုတ်မဟုတ် မေးရန် သင့်လျော်သည့် အကြောင်းဖြစ်သည်။

(သင့်လျော်သည့်အကြောင်း ယုတ္တိမရှိဘဲလျက် မေးခွန်းကို မေးသည့် အမှုတွင် တရားရုံးက ၎င်းအမှုများ အကြောင်းကို တရားရုံးချုပ်ကို ဖြစ်စေ၊ ၎င်းရှေ့နေတို့ အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် အုပ်ချုပ်သူ အာဏာ ပိုင် ဖြစ်စေ၊ အစီရင်ခံပိုင်ခွင့် ရှိသည်။ (သက်သေခံ ဥပဒေပုဒ်မ ၁၅၀)

ရှေ့နေများအနေဖြင့် သက်သေခံဥပဒေပုဒ်မ ၁၄၉အရ တရားရုံး တွင် သက်သေများအကြောင်း ယုတ္တိမရှိသည့် မေးခွန်းများကို မေးခွင့် မရကြောင်း သတ်မှတ်ထားသည်ကို သတိပြုရန် လိုသည်။ ဤသတ်မှတ် ချက်ကို ဆန့်ကျင်၍ အကြောင်းယုတ္တိမရှိသော မေးခွန်းများကို မေးမိလျှင် တရားရုံးသည် ၎င်းအကြောင်းကို တရားရုံးချုပ် (သို့) ၎င်းရှေ့နေအပေါ် အာဏာပိုင်သူထံသို့ အစီရင်ခံစာ ပေးပို့ခြင်း ခံရနိုင်သည်။

သက်သေခံဥပဒေပုဒ်မ ၁၅၁။ မတင့်တယ်မလျောက်ပတ် အသရေ ယုတ်စေသည့် မေးခွန်းများ။

(၁) မတင့်တယ်မလျောက်ပတ် (သို့) အသရေ ယုတ်စေသည် ဟု တရားရုံးက ထင်မြင်သည့် မေးခွန်း (သို့)

မြန်မာ စာအုပ်များ



(၂) စစ်ချက်တစ်စုံတစ်ရာသည် တရားရုံးက သိလိုသည့် အချက်များနှင့် အနည်းငယ်မျှ သက်ဆိုင်သော်လည်း အငြင်းထွက် အခြင်းအရာနှင့် ဖြစ်စေ၊ အငြင်းထွက်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် ချင့်ချိန်ရသည့် အကြောင်းအရာများ နှင့် ဖြစ်စေ၊ မသက်ဆိုင်သည့် မေးခွန်းများကို မမေးစေရန် တရားရုံးက တားမြစ်ခွင့် ရှိသည်။

သက်သေခံဥပဒေပုဒ်မ ၁၅၂။ မလေးမခန့် ပြုလိုသည့် အကြံနှင့် မေးခြင်း။

(၁) မလေးမခန့် ပြုလိုသော ဆန္ဒနှင့် မေးသည်ဟု တရားရုံးက ထင်မြင်သော မေးခွန်း။

(၂) မေးသင့်သည့် မေးခွန်းဖြစ်သော်လည်း အကြောင်းမဲ့ ထိခိုက်သည့် မေးခွန်းမျိုးဖြစ်သည်ဟု တရားရုံးက ထင်မြင်သည့် မေးခွန်းတို့ကို မမေးစေရ၊ တားမြစ်ရမည်။

## ၂။ ပြန်လှန်စစ်မေးရာတွင် အထူးအခွင့်အရေး ပေးထားသော အချက်။

သက်သေခံ ဥပဒေပုဒ် ၁၄၆။ ပြန်လှန်စစ်မေးရာတွင် တရားနှင့် အညီမေးခွန်းများ သက်သေတစ်စုံ တစ်ဦးကို ပြန်လှန်စစ်မေးသည့်အခါ တွင် အထက်ပါ ပြဋ္ဌာန်းချက်များအရ မေးခွန်းများအပြင် အောက်ပါမေးခွန်း များကိုလည်း မေးခွင့်ရသည်။

(၁) ၎င်းသက်သေသည် ဖြောင့်မှန်သည် မမှန်သည်ကို သိသာအောင် စုံစမ်းသည့် မေးခွန်းများ။

မြန်မာ စာအုပ်များ



(၂) ၄င်းသက်သေသည် မည်သူဖြစ်သည်၊ မည်သို့သော အခြေအနေရှိသည်များကို ထင်ရှားစေရန် မေးခွန်းများ။

(၃) မေးသည့်မေးခွန်းကို ဖြေဆိုလျှင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ သက်သေအပေါ် ရာဇဝတ်မှုဖြစ်သင့်ရန်သော်လည်းကောင်း၊ လျော်ဒဏ်ခံစေရန်သော်လည်းကောင်း၊ ပစ္စည်းသိမ်းယူခြင်းဒဏ်ခံရန်သော်လည်းကောင်း၊ အကြောင်းရှိသော် ၄င်းသက်သေ၏ ဂုဏ်သရေကိုရှုတ်ချ၍ ယုံလောက်သူ ဟုတ်မဟုတ် ထင်ရှားစေရန် မေးခွန်းများတို့ ဖြစ်သည်။

(ဤပုဒ်မ၏ အပိုဒ်မ ၃ မှာ အထူးအရေးကြီးသော အချက်ဖြစ်၍ စစ်ဆေးမေးမြန်းရာ၌ မေးသင့် မမေးသင့် ချင့်ချိန်ရန် လိုပေသည်။ သက်သေတစ်ဦးသည် ယုံကြည်ထိုက် မယုံကြည်ထိုက်ကို ထင်ရှားပေါ်လွင်စေရန် မည်သည့်မေးခွန်းများကို မည်သည့်အဆင့်အထိ မေးနိုင်ကြောင်း သတ်မှတ်ခြင်း ပင်ဖြစ်သည်)

မေးခွန်းများက ဖော်ညွှန်းသော စွပ်စွဲချက် မှန်ခဲ့လျှင် သက်သေထွက်ဆိုသောအကြောင်းအရာနှင့် စပ်လျဉ်း၍ သက်သေအပေါ် ယုံကြည်မှုကို အလေးအနက် ထိခိုက်စေနိုင် မနိုင် သုံးသပ်ရသည်။ သို့ဖြစ်ရာ ကားတိုက်မှုတွင် ဒဏ်ရာရသော မိန်းမအား ပြည့်တန်ဆာ ဟုတ်မဟုတ် မေးရန် မဟုတ်၊ သို့သော် မုဒိမ်းမှုများတွင် မုဒိမ်းကျင့်ခံရသည်ဆိုသော မိန်းမအား တရားခံနှင့် သာမက အခြားသူများနှင့်လည်း အကျင့်စာရိတ္တ လျော့ရဲကြောင်း ညွှန်ပြသည့် ဆက်ဆံမှုများ ရှိခဲ့ဖူးခြင်း ရှိ မရှိ ပြန်လှန်မေးမြန်းနိုင်သည်။

မေးခွန်းများက ဖော်ညွှန်းသော စွပ်စွဲချက်၏ အရေးပါမှုနှင့် သက်သေ၏ ထွက်ချက် အရာရောက်မှုတို့သည် မိုးမြေပမာ ကွာဟမှု ရှိနေလျှင် ယင်းမေးခွန်းမျိုးကို မေးရန် မဟုတ်၊ သို့ဖြစ်ရာ ဆရာဝန်တစ်ဦးအား ၄င်းကုသသော လူနာရရှိသည့် ဒဏ်ရာနှင့် ပတ်သက်၍ စစ်ဆေးရာတွင်

မြန်မာ စာအုပ်များ



၄င်းအား အသရေဖျက်မှုနှင့် တရားစွဲဆိုဖူးခြင်း ရှိ မရှိ မေးရန် မသင့်။

## ၃။ သက်သေခံဥပဒေအရ မဖြေမနေရ မေးမြန်းနိုင်သော မေးခွန်းများ

သက်သေခံဥပဒေပုဒ်မ ၁၃၂။ မေးခွန်းကို ဖြေခြင်းကြောင့် ရာဇဝတ်မှု ရောက်သည်ထင်၍ မဖြေဘဲ နေ၍ မရခြင်း။

တရားမမှုတွင် ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ၊ အငြင်းထွက် အခြင်းအရာနှင့် သက်ဆိုင်သည့် အကြောင်းအရာ တစ်စုံတစ်ရာနှင့် ပတ်သက်၍ မေးခွန်းကို သက်သေတစ်ဦးက ဖြေဆိုလျှင် ဤအဖြေကြောင့် ၄င်းအပေါ်သို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊

(၁) ရာဇဝတ်မှု၊

(၂) လျော်ကြေးငွေဒဏ်များ ပေးဆောင်ရမည်၊

(၃) ပစ္စည်းသိမ်းယူခြင်း ဒဏ်ခံရမည်ဟူသည့် အကြောင်းများ ရှိခြင်းကြောင့် ၄င်းသက်သေက မေးခွန်းကို မဖြေဘဲ နေပိုင်ခွင့်မရှိ။

**သက်သေခံဥပဒေပုဒ်မ ၁၄၇။ မည်သည့်အခါ သက်သေကို ဖြေစေရန် အတင်းအကျပ် ပြုနိုင်ခြင်း။**

မေးခွန်းများသည် အမှုနှင့် စပ်ဆိုင်နေလျှင် သက်သေသည် ပုဒ်မ ၁၃၂ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြေဆိုရန် အတင်းအကျပ် ပြုနိုင်သည်။

(မည်သည့်အခါ မေးခွန်းကို မေးရမည်၊ မည်သည့်အခါ သက်သေကို ဖြေစေရန် အတင်းအကျပ် ပြုရမည်တို့ကို တရားရုံးက ဆုံးဖြတ်ရခြင်း (သက်သေခံဥပဒေ ပုဒ်မ ၁၄၈)

## အခန်း (၅)

## ပြန်လှန်စစ်မေးရာတွင် ကျင့်သုံးရမည့် နည်းပညာများ။

ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက် ၃ ရပ်ကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ-

(၁) ဥပဒေအခွင့်အရေးဆိုင်ရာများကို ဖော်ထုတ်၍တရားခံအတွက် အကျိုးရှိမှုများရယူရန်၊

(၂) တစ်ဘက်မှ အဆိုပြုတင်ပြထားသည့်အချက် မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးရန်၊

(၃) တစ်ဘက်အဆိုပြုသကဲ့သို့ မဟုတ်ဘဲ မိမိတင်ပြသည့် အချက်ကို လက်ခံလာစေရန်၊

အဆိုပါဦးတည်ချက်(၃)ရပ်အနက် ဦးတည်ချက်(၁)ကိုလုပ်ဆောင်နိုင်ရန် 'တစ်စုံတစ်ရာနိုင်ကွက်' ရရှိဖို့လိုသည်။ယင်းတစ်စုံတစ်ရာ နိုင်ကွက်ဖြင့် ရှေ့နေက တိုက်ဆိုင်စစ်မေးရသည်။ တိုက်ဆိုင်စစ်မေးနည်းသည် လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဦးတည်ချက်(၂)ကို လုပ်ဆောင်နိုင်ရန် 'ပျော့ကွက်' ကိုနှိုက်တတ်ဖို့လိုသည်။ 'ပျော့ကွက်' ဟာကွက် အားနည်းချက်ပေါ်အောင်လည်း မွှေနှောက်ရယူရသည်၊ အခြေဖျက်ပစ်ရသည်။ မွှေနှောက်စစ်မေးနည်း အခြေဖျက်စစ်ဆေးနည်းသည် လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဦးတည်ချက် (၃) ကို ဖော်ဆောင်နိုင်ရန် လိုအပ်မှုကို ဖြည့်ဆည်းပြဖို့ဖြစ်သည်။လိုအပ်မှုကို ဖြည့်ဆည်းပြရာတွင် ယုံကြည်လက်ခံနိုင်ရန်

မြန်မာ စာအုပ်များ



ဆောင်ရွက်ရသည်။ ဆွယ်မေးနည်းသည်ယင်းလိုအပ်ချက်နှင့်အညီ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ဦးတည်ချက် (၁) အတွက် တိုက်ဆိုင်စစ်မေးနည်းကို ကျင့်သုံးရသည်။ ဦးတည်ချက် (၂) အတွက် မွှေနှောက်စစ်မေးနည်း၊ အခြေဖျက်စစ်မေးနည်းကို ကျင့်သုံးရသည်။ ဦးတည်ချက် (၃) အတွက် ဆွယ်မေးနည်းကို ကျင့်သုံးရသည်ဟူ၍ ပုံသေမှတ်ယူလိုက မှတ်ယူနိုင်၏။ ထို့အပြင် ဦးတည်ချက်တစ်ခုအတွက် အခြားစစ်မေးနည်းများကိုလည်း အသုံးပြုနိုင်သည်ကို လုပ်သက်ရလာသည်နှင့်အမျှ သဘောပေါက်လာမည်ဖြစ်သည်။

## ၁။ တိုက်ဆိုင်စစ်မေးနည်း။

ဤနည်းမှာ ထိရောက်သောနည်းဖြစ်ပြီး ဤနည်းဖြင့် မေးမြန်းမည်ဆိုက အမှုအပေါ်ကျေညက်ထားရမည်၊ အထောက်အထားများ ရှာဖွေစုဆောင်းထားရမည်၊ အမှုတွဲကို ကြိုတင်လေ့လာထားရမည်။

**သံမဏိစည်းမျဉ်းများ**

(က) တိုက်ဆိုင်စစ်မေးရမည့်အချက်သည် ထိုသူနှင့်သာ သက်ဆိုင်ရပါမည်။

(ခ) မေးခွန်းများဖြင့် သက်သေအား ထွက်ပေါက်မရှိအောင် အုတ်တစ်လွှာချင်းစီဘိသကဲ့သို့ မေးခွန်းများဖြင့် တံတိုင်းခတ်၍ မေးမြန်းသွားရမည်။

(ဂ) မေးသောမေးခွန်းသည် ယုတ္တိရှိရမည်လည်းဖြစ်ပြီး၊ ဆင်ခြေတက်၍ မရနိုင်သော အချက်ဖြစ်ရမည်။

(ဃ) သက်သေကို အပိုင်ချုပ်ကိုင်နိုင်မည့် အထောက်အထားအချက်အလက်များ ရှာဖွေရယူထားရမည်။ ယင်းအထောက်ထားဖြင့် သက်သေအား တိုက်ဆိုင်မေးမြန်းရမည်။

မြန်မာ စာအုပ်များ



တိုက်ဆိုင်စစ်ဆေးရမည့်အချက်သည် ထိုသူနှင့်သာသက်ဆိုင်ရမည်ဟူသောအချက်မှာ တိုင်ချက်နှင့် တိုက်ဆိုင်စစ်ဆေးလိုက တရားလိုနှင့်သာ တိုက်ဆိုင်စစ်ဆေးရမည်။ ရှာဖွေပုံစံနှင့် တိုက်ဆိုင်စစ်ဆေးလိုက ရှာဖွေသက်သေရှာဖွေသိမ်းဆည်းသူ ရဲအရာရှိနှင့်သာ တိုက်ဆိုင်စစ်ဆေးရမည်။ တရားရုံးတင်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍၊ တိုက်ဆိုင်စစ်ဆေးလိုက အမှုစစ်ရဲအရာရှိနှင့်သာ တိုက်ဆိုင်စစ်ဆေးရမည် စသည်ဖြင့် ဆိုလိုခြင်းဖြစ်သည်။

တိုက်ဆိုင်စစ်မေးနည်းကို ကျင့်သုံးနေခြင်းမှာ ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက် အပိုင်း (၁)ဖြစ်သည့် 'ဥပဒေအခွင့်အရေးဆိုင်ရာများဖော်ထုတ်၍ အမှုသည်အကျိုးဖြစ်မှုကို ရယူရန်'ဟူသော အပိုင်းကိုအထောက်အကူဖြစ်စေခြင်းငှာ မေးမြန်းနေခြင်းဖြစ်သည်ဟု သဘောပေါက်ထားသင့်သည်။

## ၂။ မွှေနှောက်စစ်မေးနည်း။

မေးခွန်းမေးရာတွင်သိလို၍ စူးစမ်းမေးမြန်းသော မေးခွန်းပုံစံနှင့် မိမိလိုချင်သည့်အချက်ကို တိုက်ရိုက်မေးမြန်းသော မေးခွန်းပုံစံ ဟူ၍ရှိသည်။

မွှေနှောက်စစ်မေးနည်းမှာ သိလို၍စူးစမ်းမေးမြန်းသောမေးခွန်းပုံစံဖြစ်သည်။

**သံမဏိစည်းမျဉ်းများ၊**

(က) အမှု၏အဓိကအပိုင်းကို လုံးဝ သွေးတိုးစမ်း မမေးသင့်ဆိုသည့်အချက်ပင်ဖြစ်သည်။

အဓိကအစိတ်အပိုင်း ဆိုသည်မှာ လူသတ်မှုဆိုပါက သတ်ခြင်း အပိုင်းကို ဆိုလိုသည်။ ခိုးမှု၏ အဓိကအစိတ်အပိုင်းမှာ ခိုးခြင်းအပိုင်းဖြစ်သည်။

ဆဲမှု၏ အဓိကအပိုင်းမှာ ဆဲပုံဆဲနည်းဖြစ်သည်။ လိမ်လည်မှု၏ အဓိကအစိတ်အပိုင်းမှာ လိမ်ပုံလိမ်နည်းဖြစ်သည်။

မြန်မာ စာအုပ်များ



ပြန်လှန်းစစ်မေးရာတွင် တရားခံရှေ့နေက-

'ကဲပြောစမ်းပါဦး၊ ဘယ်လို သတ်တာတုံး'

'ဘယ်လိုဘယ်ပုံ ခိုးတယ်ဆိုတာ ရှင်းပြစမ်းပါဦး'

'ဘယ်လို ဆဲလို့လဲ'

'ခင်ဗျားကို ဘယ်လိုပြော လိမ်သွားလို့လဲ'

ဆိုသည့် မေးခွန်းမျိုးမေးမိပါက မြွေတွင်းထဲ လက်နှိုက်သည့်အဖြစ်မျိုးကြုံဖို့သာရှိသည်။

ရှေ့နေက ကိုယ့်တရားခံကို ကြိုးကွင်းစွပ်သည့် မေးခွန်းအမျိုးအစားမျိုးဖြစ်သည်။

(ခ) အကယ်၍ ယင်းအဓိကအပိုင်းကို ပုံဖော်မေးမည်ဆိုပါကခုခံမှုလမ်းကြောင်းသည် အလီဘိုင်ပြသည့် အချက်ဖြစ်လျှင် (သို့မဟုတ်) အဓိကအပိုင်းနှင့်စပ်လျဉ်း၍ အသာရထားသော ခိုင်မာသည့်အထောက်အထားရှိထားပြီးဖြစ်မှသာ မေးသင့်သည်။

ဥပမာ- တရားခံက 'မလုပ်နဲ့ မလုပ်နဲ့'ဟု သေသူအား တရားခံကလှမ်းတားနေသည့်ကြားက သေသူသည် ဓားဖြင့် တရားခံအားအတင်းပိုင်းခုတ်လာရာ တရားခံက အနီးရှိဓားမြှောင်ဖြင့် အချိန်မီပြန်လည်ခုခံလိုက်ရသည်ဟူသော မိမိအတွက် အသာရထားသည့်မြင်ကွင်းမျိုးဆိုပါက "ကဲ ဘယ်လိုဖြစ်တာလဲ၊ရှင်းပြစမ်းပါဦး"ဟူသော မေးခွန်းမျိုးမေးမြန်းခြင်းမှာ အဓိပ္ပာယ်ရှိပေသည်။ ထိုကဲ့သို့ မိမိအတွက် အသာရထားသော ခိုင်မာသည့်အထောက်အထား များရှိထားမှသာ-

'ကဲ ပြောစမ်းပါဦး'

'ရှင်းစမ်းပါဦး'

မြန်မာ စာအုပ်များ



'ဘယ်လိုဖြစ်တာလဲ'

ဟူသော မေးခွန်းမျိုး မေးမြန်းရန် အခြေအနေရှိကြောင်း သတိထားသင့်သည်။

(ဂ) အဓိကအပိုင်း မဟုတ်သည့် အခြား အပိုင်းများနှင့် စပ်လျဉ်းသရွေ့ကိုမူ မွှေနှောက်မေးမြန်းနိုင်သည်။

ဥပမာ- 'အနီးအနားမှာ လူဘယ်နှစ်ယောက် ရှိသလဲ'

'အခင်းဖြစ်နေရာနှင့် ဓာတ်တိုင်နီးသလား'

'အချိန်ဘယ်လောက်ရှိပြီလဲ'

'ဘာလုံချည် ဝတ်ထားသလဲ'

'အင်္ကျီ ဘာရောင်လဲ'

ထိုကဲ့သို့မေးမြန်းခြင်းမှာ မြုပ်နေသော သဲလွန်စများကို ဖော်ထုတ်ရန် အလို့ငှာ မေးခြင်းဖြစ်သည်။

## ၃။ အခြေဖျက်စစ်မေးနည်း။

**သံမဏိစည်းမျဉ်းများ။**

(က) သက်သေ၏ နောက်ကြောင်းကို လေ့လာ သိရှိထားရမည်၊

(ခ) သက်သေနှင့် ၎င်း၏အမှုသည် ဆက်စပ်ပုံ၊

ဆွေမျိုးတော်မှု၊

စီးပွားရေးဩဇာလွှမ်းမှု၊

လူမှုရေးအားနာမှု၊

မြန်မာ စာအုပ်များ



(ဂ) အမှုစစ်ဆေးနေစဉ် ကာလအတွင်း အမှုသည်နှင့် သက်သေအဆက်အသွယ်ရှိမှုကို ဖော်ထုတ်မေးခြင်း

[သက်သေခံဥပဒေ ပုဒ်မ ၁၄၆ နှင့် ၁၅၅ တို့ကိုအသုံးပြုမေးမြန်းနိုင်သည်။]

မွေနှောက်စစ်မေးနည်းနှင့် အခြေဖျက်စစ်မေးနည်းကို ကျင့်သုံးနေခြင်းမှာ ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက်အပိုင်း (၂) ဖြစ်သည်။

'တစ်ဘက်မှအဆိုပြုထားသည့် အချက်မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးရန်' ဟူသော အပိုင်းကို အထောက်အကူပြုစေခြင်းငှာ မေးနေခြင်းဖြစ်သည်ဟု သဘောပေါက်ထားသင့်သည်။

## ၄။ ဆွယ်မေးစစ်မေးနည်း။

**သံမဏိစည်းမျဉ်းများ။**

(က) ဆန္ဒခြင်းတူသော အချက်မှ စတင်မေးမြန်းပါ။

(ခ) သက်သေနှင့် ဆန့်ကျင်သည့် အနေအထားမျိုးဖြင့် မေးခြင်းကိုရှောင်ပါ။

(ဂ) အငြင်းမထွက်သော မေးခွန်းမျိုးကို အတတ်နိုင်ဆုံးရွေး၍ မေးပါ။

(ဃ) တရားခံအတွက် အကျိုးရှိမည့် ယေဘုယျ မေးခွန်းပုံစံများဖြင့် ချိန်ထိုးမေးမြန်းပါ။

ဆွယ်မေးစစ်မေးနည်းကို ကျင့်သုံးနေခြင်းမှာ ပြန်လှန်စစ်မေးခြင်း၏ ဦးတည်ချက် အပိုင်း(၃)ဖြစ်သည်။ မိမိတင်ပြသည့် အချက်ကိုလက်ခံလာစေရန် ဟူသော အပိုင်းကို အထောက်အကူပြုစေခြင်းငှာ မေးနေခြင်းဖြစ်သည်ဟု သဘောပေါက်ထားသင့်သည်။

မြန်မာ စာအုပ်များ



၅။ ပြန်လှန်စစ်မေးခြင်း တစ်ရပ်အပေါ် သရုပ်ခွဲခြင်း။

တိုက်ဆိုင်စစ်မေးနည်း၊

မွှေနှောက်စစ်မေးနည်း၊

အခြေဖျက်စစ်မေးနည်း နှင့်

ဆွယ်မေးစစ်မေးနည်းများကို သူ့အပိုင်းနှင့်သူကန့်၍ မေးမြန်းသွားသော ပြန်လှန်စစ်မေးခြင်း တစ်ရပ်ကို အောက်တွင် ဖော်ပြအပ်ပါသည်။

ပြန်လှန်စစ်မေးနည်း၏ ဦးတည်ချက်(၃)ရပ်စလုံး ပါဝင်နေပြီး ပြန်လှန်စစ်မေးခြင်း၏ အချက်အချာ ဖြစ်သော အကြောင်းခြင်းရာ ပြဿနာနှင့် ဥပဒေပြဿနာများကိုပါ ကိုင်တွယ် မေးမြန်းထားသည်ကို တွေ့နိုင်သည်။

**အဓိကစစ်မေးချက်၊**

နေ့ရက် အတိအကျတော့ မမှတ်မိတော့ပါ။ လွန်ခဲ့သော တစ်လကျော်ခန့်ကဖြစ်မည် ထင်ပါသည်။ သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ အကူအညီတောင်းသဖြင့် ပစ္စည်းရှာရန် သက်သေအဖြစ်လိုက်ပါသွားခဲ့သည်။ ဈေးတန်းရောက်သည့်အခါ လူငယ်နှစ်ဦးကို တွေ့ရှိ၍ ရှာဖွေဖမ်းဆီးပါသည်။ ၄င်းတို့မှ ပစ်လိုက်သော ဘူးတစ်ဘူးကို၄င်းတို့ ဈေးဆိုင်အောက်ဘက်မှ ကောက်ယူ သိမ်းဆည်းပြီး ရဲစခန်းသို့ခေါ်လာပါသည်။ ရဲစခန်းတွင် ရှာဖွေပုံစံ ပြုလုပ်ပါသည်။ ပစ္စည်းကိုပြသပါသည်။ ဘူးအတွင်းမှ ဆေးထိုးအပ်ကိုတွေ့ရှိ၍ ကောက်ယူသိမ်းဆည်းခဲ့သော ပစ္စည်းဖြစ်သည်မှာ မှန်ကန်သောကြောင့် ရှာဖွေပုံစံတွင် အသိသက်သေအဖြစ် ကျွန်တော်မှ လက်မှတ် ရေးထိုးပါသည်။ သက်သေ အမှတ်စဉ်(၁)နေရာ၌ ရေးထိုးထားသော လက်မှတ်မှာ ကျွန်တော်၏ လက်မှတ် မှန်ကန်ပါသည်။

**ပြန်လှန်စစ်မေးချက်၊**

မေး။ ပစ္စည်းရှာဖို့ အကူအညီတောင်းတော့ ခင်ဗျား ဘယ်မှာ

မြန်မာ စာအုပ်များ



ရှိနေသလဲ၊

သက်သေ။ ရဲစခန်းမှာပဲ ရှိနေပါတယ်၊

ရှေ့နေ။ ရဲစခန်းမှာ ဘာဖြစ်လို့ရှိနေတာလဲ၊

သက်သေ။ အခြားကိစ္စတစ်ရပ်အတွက် ရောက်နေတာပါ။

ရှေ့နေ။ ဘယ်ကိုသွားရှာရမယ်၊ ဘာသွားရှာမယ်လို့ကော ရဲက ပြောသေးသလား၊

သက်သေ။ သတင်းအရ ရှာစရာရှိလို့လိုက်ခဲ့ပါလို့ပဲ ပြောပါတယ်၊

ရှေ့နေ။ စခန်းကထွက်တော့ ခင်ဗျားတို့ စုစုပေါင်း ဘယ်နှစ်ယောက်လဲ၊

သက်သေ။ ငါးယောက်ပါ။

ရှေ့နေ။ အဲဒီငါးယောက်ထဲမှာ ရဲဘယ်နှစ်ယောက်ပါသလဲ၊

သက်သေ။ ဒုရဲအုပ် အပါအဝင် ရဲလေးယောက် ပါပါတယ်၊

ရှေ့နေ။ စျေးတန်းရောက်တော့ ကားပေါ်က ခင်ဗျားအရင်ဆင်းသလား၊ ရဲတွေက အရင်ဆင်းသလား၊

သက်သေ။ ရဲတွေက အရင် ဆင်းသွားကြပါတယ်၊

ရှေ့နေ။ ရုံးရှေ့မှာရှိတဲ့ တရားခံနှစ်ယောက်ကို ခင်ဗျား ပထမဦးဆုံး တွေ့လိုက်တဲ့အချိန်က သူတို့နှစ်ဦးဟာ ရဲတွေဖမ်းထားပြီး ဖြစ်နေပြီ မဟုတ်လား၊

သက်သေ။ ဟုတ်ပါတယ်၊

ရှေ့နေ။ လက်ထိပ်ခတ်ထားပြီးပြီလား၊

သက်သေ။ ဒါတော့ သတိမထားမိဘူး၊

မြန်မာ စာအုပ်များ



ရွှေနေ။ သတိမထားမိဘူးဆိုတဲ့ သဘောက သူတို့ရဲ့လက်တွေကို အသေအချာ မကြည့်မိဘူး ဆိုတဲ့သဘောလား၊

သက်သေ။ ဟုတ်ပါတယ်၊

အထက်ပါမေးမြန်းပုံမှာ မွှေနှောက်စစ်မေးနည်းအရ မေးမြန်းပုံဖြစ်သည်။

ရွှေနေ။ သက်သေခံ အဖြစ် သိမ်းဆည်းခဲ့တဲ့ ဘူးကိုခင်ဗျား ပထမဦးဆုံး မျက်စိနဲ့တွေ့တဲ့နေရာကတော့ ဆိုင်တစ်ဆိုင်ရဲ့အောက်မှာ တွေ့ရတာမဟုတ်လား၊

သက်သေ။ ဟုတ်ပါတယ်၊ တရားခံတွေ ပစ်ထားလိုက်တဲ့ နေရာမှာတွေ့တာပါ၊

ရွှေနေ။ တရားခံတွေ ပစ်လိုက်တယ်လို့ ခင်ဗျား ထွက်ဆိုနေပေမယ့် ပစ်လိုက်တာတော့ ခင်ဗျား မမြင်ဘူး မဟုတ်လား၊

သက်သေ။ သူတို့ပဲ ပစ်လိုက်တဲ့ဥစ္စာပဲ၊

ရွှေနေ။ မေးတာကိုသာဖြေပါ။ ခင်ဗျား စောစောကထွက်ထားတာရှိပါတယ်။ တရားခံတွေကို ပထမဆုံးတွေ့တဲ့အချိန်က ရဲတွေ ဖမ်းထားပြီးပြီလို့လဲထွက်ထားတယ်၊ သူတို့ရဲ့လက်တွေကိုလဲ အသေအချာ မကြည့်မိဘူးလို့လဲ ထွက်ထားတယ်။ ဒါကြောင့် ပစ်လိုက်တယ်ဆိုတာ ခင်ဗျားမသိနိုင်သလိုမြင်လဲမမြင်ခဲ့ဘူး မဟုတ်လား၊

သက်သေ။ ဟုတ်ပါတယ်၊

ရွှေနေ။ ဆိုင်ခန်းအောက်က ဘူးကို ဘယ်သူကောက်ယူသလဲ၊

သက်သေ။ ရဲတစ်ယောက် ကောက်ယူပါတယ်၊

မြန်မာ စာအုပ်များ



ရွှေ့နေ။ အဲဒီအချိန်က ရှာဖွေသက်သေ ခင်ဗျားတစ်ဦးပဲ ပါတယ် မဟုတ်လား၊

သက်သေ။ စခန်းရောက်တော့ နောက်တစ်ယောက် ပါပါတယ်၊

ရွှေ့နေ။ အဲဒီ နောက်တစ်ယောက်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ရဲစခန်းက ထွက်တဲ့အချိန်၊ ဟိုရောက်လို့ ဖမ်းဆီးတဲ့အချိန်အထိ ခင်ဗျားတို့နဲ့အတူ မပါဘူးမဟုတ်လား၊

သက်သေ။ မပါပါဘူး၊

ရွှေ့နေ။ ရှာဖွေပုံစံကို ရဲစခန်းမှာ ပြုလုပ်လက်မှတ်ရေးထိုးတယ်လို့ ခင်ဗျားပြောတယ်၊ ဒီလိုဆို ရှာဖွေတွေ့ရှိတဲ့နေရာမှာ ပြုလုပ်တာတော့မဟုတ်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား။

သက်သေ။ မှန်ပါတယ်၊

ရွှေ့နေ။ သက်သေခံ ရှာဖွေပုံစံမှာ တရားခံတွေ လွှင့်ပစ်လိုက်တဲ့ ဆေးထိုးပိုက်ကို သိမ်းဆည်းတယ်လို့ဖော်ပြထားတာတွေ့ရတယ်။ တရားခံတွေ လွှင့်ပစ်တယ်ဆိုတဲ့ ကိစ္စခင်ဗျား ကိုယ်တိုင် တွေ့ခဲ့လို့ မဟုတ်ဘဲ ရဲတွေပြောပြလို့ ဟုတ်မယ်ထင်ပြီး လက်မှတ်ထိုးခဲ့တာ မဟုတ်လား၊

သက်သေ။ မှန်ပါတယ်၊

ရွှေ့နေ။ သိမ်းဆည်းတဲ့ပစ္စည်းဟာ ဆေးထိုးပိုက်ဖြစ်တယ်လို့ ရှာဖွေပုံစံမှာ ဖော်ပြထားပေမယ့် ဈေးတန်းမှာ ရဲတွေသိမ်းဆည်းခဲ့တာကတော့ ဘူးတစ်ဘူးပဲ မဟုတ်လား၊

သက်သေ။ ဘူးထဲမှာ ဆေးထိုးပိုက်ပါပါတယ်၊

ရွှေ့နေ။ ဆေးထိုးပိုက်ကို ခင်ဗျား ပထမဆုံး တွေ့ရတာရဲစခန်းရောက်မှ တွေ့ရတာ မဟုတ်လား၊

မြန်မာ စာအုပ်များ



သက်သေ။ စခန်းရောက်တော့ ဘူးကို ဖွင့်ပြပါတယ်။ ဘူးထဲမှာ ဆေးထိုးပိုက်တွေ့ရပါတယ်၊

ရှေ့နေ။ ဒါပေမယ့် ဈေးတန်းမှာတုန်းက ဘူးကိုဖွင့်မပြခဲ့သလို ခင်ဗျားကလဲ ဖွင့်မပြခိုင်းခဲ့ဘူး မဟုတ်လား၊

သက်သေ။ မှန်ပါတယ်၊

ရှေ့နေ။ ဒါကြောင့် ရှာဖွေယူလာစဉ်က အဲဒီဘူးထဲမှာ ဆေးထိုးပိုက်ပါတယ် မပါဘူးဆိုတာ ခင်ဗျား မပြောနိုင်ဘူးမဟုတ်လား၊

သက်သေ။ ဟုတ်ပါတယ်၊

အထက်ပါမေးမြန်းသွားပုံမှာ တိုက်ဆိုင် စစ်မေးနည်းအရ စစ်မေးသွားပုံဖြစ်သည်။

ရှေ့နေ။ ပစ္စည်းကိုရှာဖွေသိမ်းဆည်းတုန်းက တရားခံတွေက သူတို့ ပစ္စည်း မဟုတ်တဲ့အကြောင်း၊ မပစ်ရကြောင်း ငြင်းဆိုခဲ့ကြတယ် မဟုတ်လား၊

သက်သေ။ ငြင်းပါတယ်၊

ရှေ့နေ။ သူတို့ဟာ ညီအစ်ကိုဖြစ်ပြီး ဈေးတန်းမှာ ဆိုင်နဲ့ကန္နားနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေထိုင်ကြတဲ့ ကလေးတွေဖြစ်တယ်ဆိုတာ သိပါသလား၊

သက်သေ။ ဒါတော့ မသိဘူး၊

ရှေ့နေ။ ဆိုင်နဲ့ဈေးရောင်းတာတော့ တွေ့ခဲ့တယ် မဟုတ်လား၊

သက်သေ။ တွေ့ခဲ့ပါတယ်၊

ရှေ့နေ။ အခင်းဖြစ်နေရာဟာ ဈေးတန်း ဖြစ်တဲ့အတွက် အများ

သူငါ သွားလာတဲ့နေရာ ဖြစ်တယ်ဆိုတာ ဟုတ်ပါတယ် နော်၊

သက်သေ။ ဟုတ်ပါတယ်၊

ရှေ့နေ။ ဈေးတန်းမှာ ဈေးရောင်းဈေးဝယ်သူအချို့လဲ ရှိနေကြတာပဲ မဟုတ်လား၊

သက်သေ။ ရှိနေပါတယ်၊

ရှေ့နေ။ ဆိုင်တန်းရဲ့ အခင်းအောက်မှာ မြေကြီးပဲရှိတယ် ဘာအကာအရံမှ မရှိဘူး၊

သက်သေ။ ဟုတ်ပါတယ်၊

ရှေ့နေ။ ဒီဆိုင်တန်းရဲ့အောက် မြေကြီးပေါ်မှာ စက္ကူစုတ်တွေ အမှိုက်တွေလဲ ရှိနေတယ်မဟုတ်လား၊

သက်သေ။ ရှိပါတယ်၊

ရှေ့နေ။ ဟိုကပစ် ဒီကပစ် ပစ္စည်းတွေ ရောက်နေတတ်တယ် မဟုတ်လား၊

သက်သေ။ ဟုတ်ပါတယ်၊

ရှေ့နေ။ တွေ့ခဲ့တယ်ဆိုတဲ့ဘူးဟာ တရားခံတွေရဲ့ ဆိုင်ခန်းအောက်ကို ဘယ်ပုံဘယ်နည်း ရောက်နေတယ် ဘယ်တုန်းကရောက်နေတယ်ဆိုတာတော့ မပြောနိုင်ဘူး မဟုတ်လား။

သက်သေ။ မပြောနိုင်ပါဘူး။

ရှေ့နေ။ တစ်စုံတစ်ဦးက အဲဒီအောက်ကို လာရောက်ပစ်သွားခဲ့တာလဲ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူးမဟုတ်လား၊

သက်သေ။ မပြောနိုင်ပါဘူး၊

မြန်မာ စာအုပ်များ



ရွှေနေ။ တရားခံတွေကို ဆေးဝါးသုံးစွဲမှုရှိမရှိ ဆေးစစ်ဆေးမှုပြု လုပ်ရာမှာ ဆေးအောင်ခဲ့တယ်ဆိုတာ သိပါသလား၊

သက်သေ။ မသိပါဘူး၊

ရွှေနေ။ သူတို့ရဲခန္ဓာကိုယ်မှာ ဆေးထိုးထားတဲ့ လက္ခဏာတစ်စုံ တစ်ရာ မတွေ့ခဲ့ဘူးဆိုတာ သိသလား၊

သက်သေ။ မသိပါ၊

အထက်ပါစစ်မေးသွားပုံမှာ ဆွယ်မေးနည်းအရ စစ်မေးသွား ပုံဖြစ်သည်။

ရွှေနေ။ ရှာဖွေသက်သေအဖြစ် ဘယ်နှစ်ခါ လိုက်ဖူးပါသလဲ၊

သက်သေ။ သုံးလေးငါးခါ လိုက်ဖူးပါတယ်၊


ရွှေနေ။ ခင်ဗျားဟာ စခန်းကရှာဖွေမှုပြုတိုင်း ရဲက ခေါ်နေကျ ဖြစ်တဲ့သက်သေတစ်ဦး ဖြစ်တယ်ဆိုရင် ဘာပြောမလဲ၊

သက်သေ။ ငြင်းပါတယ်၊ မဟုတ်ပါဘူး၊

အထက်ပါစစ်မေးသွားပုံမှာ အခြေဖျက်နည်းအရ တိုက်ဆိုင်စစ်မေး သွားပုံဖြစ်သည်။

**၆။ နည်းပညာဆိုင်ရာ ပုံစံများ။**


**တိုက်ဆိုင်စစ်မေးနည်း ပုံစံ၊**



မြန်မာ စာအုပ်များ




**မွှေနှောက်စစ်မေးနည်း ပုံစံ**





စွပ်စွဲချက်မှန်ကန်မှုမရှိကြောင်း၊ အမြီးအမောက်မတည့်ကြောင်း၊ ရှေ့တစ်မျိုးနောက်တစ်မျိုး ထွက်ဆိုနေခြင်းဖြစ်ကြောင်း ဖော်ထုတ်မေးမြန်းပုံဖြစ်သည်။

**အခြေဖျက်စစ်မေးနည်းပုံစံ။**




သက်သေ၏အားနည်းချက်ကို ရယူထားကာ ၎င်းမမှန်ထွက်ဆိုနေသည့် အရာများ ပိုပို ကဲကဲ ထွက်ဆိုစေရန် တွန်းမေးသွားပြီး နောက်ဆုံးတွင်မှ သက်သေ၏အားနည်းချက်ကို ဖွင့်သုံး၍ မေးမြန်းသော နည်းဖြစ်သည်။

**ဆွယ်မေးနည်းပုံစံ။**



မြန်မာ စာအုပ်များ



မိမိလိုရာအတွင်းသို့ ဝင်ရောက်လာရန် တဖြည်းဖြည်း မေးမြန်းသွားသော နည်းဖြစ်သည်။

## ၇။ ဆွယ်မေးနည်းပြ နမူနာပုံစံ၊

တရားခံရှေ့နေ။ တရားခံဟာ ကိုယ့်ကြမ္မာကိုယ်ငင်တာပဲ၊ မုဒိမ်းမှုဆိုတာ တစ်ကြိမ်ကျူးလွန်ရင် ၁၀ နှစ် အသာလေးဆိုတာ ဒင်းသတိမ ထားမိ ဘူးထင်ပါရဲ့၊ ငါ့ညီမကို အပေါ်ထပ်အခန်းမှာ ကျင့်ကြံတယ်ဆိုတော့ ထောင်ဒဏ် ၁၀ နှစ် အသာလေးပဲပေါ့။ ဒါနဲ့ နေပါဦး အပြင်က ရောက်လာကြပြီးတဲ့နောက် အောက်ထပ်တံခါးဝနားမှာတုန်းကလဲငါ့ညီမကို တစ်ကြိမ်ကျင့်ကြံခဲ့သေးတယ်မဟုတ်လား

တရားလို။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်

တရားခံရှေ့နေ။ အေးဒီအတွက်လဲ ၁၀ နှစ်ပဲ၊ နောက်တစ်ခါအပေါ်ထပ်အခန်းကို တက်တဲ့လှေကားပေါ်မှာလဲ တစ်ကြိမ်ကျင့်ကြံခဲ့သေးတယ် မဟုတ်လား

တရားလို။ ဟုတ်ပါတယ်ရှင်

တရားခံရှေ့နေ။ တော်တော်မိုက်တဲ့ကောင်၊ ဒီအတွက်လဲ ၁၀ နှစ် အသာလေးပဲ၊ ပြီးတော့ အပေါ်ထပ်အခန်းထဲ မရောက်မီ လှေကားထိပ်မှာလဲ ငါ့ညီမကိုနောက်ထပ် တစ်ကြိမ် ကျင့်ကြံခဲ့သေးတာပဲ မဟုတ်လား

တရားလို။ ဟုတ်တာပါပဲရှင်

တရားခံရှေ့နေ။ အောက်ထပ်တံခါးဝနားမှာ တစ်ကြိမ်၊ လှေကားပေါ်မှာတစ်ကြိမ်၊ အပေါ်ထပ် လှေကားထိပ်မှာ

တစ်ကြိမ်၊ အပေါ်ထပ် အခန်းထဲမှာ တစ်ကြိမ်၊ ဒီလို အကြိမ်ကြိမ် တရားခံပြုကျင့်တာဟာ ငါ့ညီမ သဘောတူခွင့်ပြုတဲ့ အခြေအနေပေးခဲ့လို့သာ ပြုနိုင်ခဲ့တာဆိုတာကို ငါ့ညီမ သတိထားမိရဲ့လား

**၈။ အခြေဖျက်နည်းပြ နမူနာပုံစံ၊**

တရားခံရှေ့နေ။ အပြင်က ရောက်လာကြပြီးတဲ့နောက် အောက်ထပ် တံခါးဝနားအရောက်မှာ တရားခံက ငါ့ညီမကို တစ်ကြိမ် ကျင့်ကြံခဲ့တယ် မဟုတ်လား။

တရားလို။ ဟုတ်ပါတယ်။

တရားခံရှေ့နေ။ အပေါ်ထပ်လှေကားထိပ်မှာလဲ တစ်ခါကျင့်ကြံသေးတာပဲ မဟုတ်လား။

တရားလို။ ဟုတ်ပါတယ်ရှင်။

တရားခံရှေ့နေ။ နောက်ဆုံးအပေါ်ထပ်အခန်းထဲမှာ တရားခံက ကျင့်ကြံနေတုန်း အဒေါ်ဖြစ်သူ ရောက်ရှိလာပြီး တွေ့မြင်သွားခဲ့တာ မဟုတ်လား။

တရားလို။ ဟုတ်ပါတယ်။

တရားခံရှေ့နေ။ အဒေါ်ကိုမြင်တော့ ငါ့ညီမက တရားခံကျင့်ကြံတဲ့ အကြောင်း ပြောတယ်မဟုတ်လား။

တရားလို။ ပြောပါတယ်။

တရားခံရှေ့နေ။ တရားခံ ကျင့်ကြံတဲ့အကြောင်း ပြောပြတာ အဒေါ် တွေ့သွားလို့ ပြောဖြစ်တာဆိုရင် ငြင်းမလား။

မြန်မာ စာအုပ်များ



## မွေးနောက် စစ်ဆေးနည်းပြ နမူနာပုံစံ

တရားခံရှေ့နေ။ အခင်းဖြစ်စဉ်ကမီးလင်းနေလား၊မီးမှောင်နေလား။

တရားလို။ မီးလင်းနေပါတယ်။

တရားခံရှေ့နေ။ အဲဒီလျှပ်စစ်မီးလင်းအောင် ဘယ်သူမီးခလုတ် ဖွင့်ထားတာလဲ။

တရားလို။ ကျွန်မ မမှတ်မိဘူး။

တရားခံရှေ့နေ။ အဲဒီအခန်းထဲက မီးခလုတ်ကို ဖွင့်နိုင်တဲ့လူကတော့ နှစ်ယောက်ပဲရှိတယ်၊ ငါ့ညီမနဲ့ တရားခံဟုတ်တယ် မဟုတ်လား။

တရားလို။ ဟုတ်ပါတယ်။

တရားခံရှေ့နေ။ အခန်းတံခါး ပိတ်ထားသလား၊ ဖွင့်ထားသလား။

တရားလို။ စေ့ရုံစေ့ထားပါတယ်။

တရားခံရှေ့နေ။ တရားခံက ငါ့ညီမကို ကျင့်ကြံနေတုန်း အဒေါ် ရောက်လာပြီး တွေ့သွားတော့ ငါ့ညီမ ဘယ်လို ဖြစ်သွားသလဲ၊ ဘယ်လို ခံစားလိုက်ရသလဲ။

တရားလို။ ကျွန်မ အရမ်း အရှက်ဖြစ်ရပါတယ်။

တရားခံရှေ့နေ။ အဲဒီအချိန်ကငါ့ညီမ ကိုယ်မှာ အဝတ်အစားရှိ သလား။

တရားလို။ အကျီတော့ ရှိပါတယ်။

တရားခံရှေ့နေ။ ဒါဖြင့်မီးလဲလင်းနေတယ်၊ တံခါးပိတ်မထားဘဲ စေ့ရုံသာ စေ့ထားတာကိုလဲသိနေတယ်၊ ကိုယ်မှာ ထဘီကျွတ်လဲကျွတ်နေတယ်၊ အဲဒီအချိန်က အရှက်

မြန်မာ စာအုပ်များ



မဖြစ်သေးဘဲ အဒေါ် ရောက်လာပြီး အဒေါ်မြင် သွားမှ အရှက်ဖြစ်တယ်ဆိုတဲ့သဘောပေါ့။

## တိုက်ဆိုင်စစ်မေးနည်းပြနမူနာပုံစံ။

တရားခံရှေ့နေ။ တရားခံ ပြုကျင့်တယ်ဆိုတဲ့ အချိန်က ရုန်းကန်သေးလား။

တရားလို။ ကျွန်မ လက်နှစ်ဖက်ကို ချုပ်ထားလို့ ရုန်းမရဘူး။

တရားခံရှေ့နေ။ ဒါဖြင့် ခြေနဲ့ကော ကန်ကျောက်သေးသလား။

တရားလို။ ခြေနှစ်ဖက်စလုံးကို လက်နဲ့ချုပ်ထားလို့ ရုန်းမရပါဘူး။

တရားခံရှေ့နေ။ ဒါဖြင့် ပြုကျင့်တယ်လို့ ပြောတဲ့အချိန်က တရားခံက ငါ့ညီမ လက်နှစ်ဖက်စလုံးကို သူ့လက်နဲ့ချုပ်ထားသလို ငါ့ညီမ ခြေထောက် နှစ်ဖက်စလုံးကို သူ့လက်နဲ့ ချုပ်ထားတယ်ဆိုတဲ့ သဘောလား။

တရားလို။ မှန်ပါတယ်။

တရားခံရှေ့နေ။ ငါ့ညီမရဲ့ လက်နှစ်ဖက်စလုံးကို သူ့လက်တစ်ဖက်နဲ့ချုပ်ထားပြီး ငါ့ညီမရဲ့ခြေထောက်နှစ်ဖက်စလုံးကိုလဲ သူ့အခြားလက်တစ်ဖက်နဲ့ ချုပ်ထားတယ်ဆိုရင် တရားခံဟာ ငုတ်တုတ် ထိုင်ရုံကလွဲပြီးအခြားကာယကံမြောက် မတရား ပြုကျင့်နိုင်စရာအကြောင်းမရှိဘူးဆိုတာ သတိထားမိပါသလား။

## အခန်း(၆)

## ပြန်လှန်စစ်မေးရမည့် အချက်အချာများ။

### ၁။ အကြောင်းခြင်းအရာ ပြဿနာ(Question of Fact)

မှုပြစ်တစ်ခုတွင်ပါဝင်သော အကြောင်းခြင်းရာမှာ-

ကတ္တား - ပြုသူ၊

ကံ - အပြုခံရသူ၊

ဝါစက - ပြုခြင်းကိစ္စ၊

အကြောင်းအရာ သုံးခုဖြစ်သည်။

ပြုသူက - ပြုခြင်းဟုတ်မဟုတ်၊

အပြုခံရသူ - အမှန်တကယ်အပြုခံရသည် ဟုတ်မဟုတ်၊

ပြုခြင်းကိစ္စ - အမှန်တကယ်ဖြစ်ခဲ့ခြင်း ဟုတ်မဟုတ်၊

ပြဿနာပေါ်သည်ဖြစ်ခြင်းကြောင့် ယင်းကို အကြောင်းအရာ ပြဿနာဟူ၍ခေါ်ခြင်းဖြစ်သည်။

ပြစ်မှုတိုင်းတွင်(ကတ္တား၊ ကံ၊ ဝါစက) ပြုသူ၊ အပြုခံရသူနှင့် ပြုခြင်းကိစ္စ အကြောင်းအရာ သုံးခုစလုံး ပါဝင်ကြသည်တော့ မဟုတ်ပေ။ အချို့မှုပြစ်များတွင် (ကတ္တား၊ ဝါစက) ပြုသူနှင့် ပြုခြင်းကိစ္စအကြောင်းအရာ နှစ်ခုသာ ပါဝင်သော မှုပြစ်များလည်းရှိပေသည်။

ဥပမာ-လောင်းကစားမှု၊ ဘိန်းဖြုထိုးမှု။

အကြောင်းခြင်းရာသုံးခု ပါဝင်သောမှုပြစ်တွင် ယင်းအကြောင်းအရာ သုံးခုအနက် တစ်ခုခုပြဿနာရှိရုံဖြင့် အကြောင်းခြင်းရာ ပြဿနာပေါ်

မြန်မာ စာအုပ်များ



ပေါက်ပါသည်။ အကြောင်းအရာနှစ်ခု ပါဝင်သော မှုဖြစ်တွင်ယင်းအကြောင်းအရာ နှစ်ခုအနက် တစ်ခုခု ပြဿနာရှိက အကြောင်းခြင်းရာ ပြဿနာ ပေါ်ပေါက်ပါသည်။

အကြောင်းခြင်းရာ ပြဿနာ ဆိုသည်မှာ-

(၁) ပြုသူကပြုခြင်း ဟုတ်မဟုတ်ဆိုသည့် ပြဿနာတစ်ရပ်၊

(၂) အပြုခံရသူ အမှန်တကယ် အပြုခံရသည် ဟုတ်မဟုတ် ဆိုသည့် ပြဿနာ တစ်ရပ်၊

(၃) ပြုခြင်းကိစ္စအမှန်တကယ်ဖြစ်ခဲ့ခြင်း ဟုတ်မဟုတ် ဆိုသည့် ပြဿနာတစ်ရပ်၊

အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ကတ္တား၊ ကံ၊ ဝါစက သုံးခုစလုံး ပါဝင်ရသော ပြစ်မှုမျိုးတွင် တရားလိုဘက်အနေနှင့် ယင်းကတ္တား၊ ကံ၊ ဝါစက သုံးခုစလုံး ပေါ်လွင်အောင်၊ ပီပြင်အောင် ပုံဖော်ပြရပေသည်။ ယင်းသည်ပင် တရားလိုဘက်မှ သက်သေပြရမည့် တာဝန်ဖြစ်သည်။

မားထိုးမှု တစ်မှုတွင်

မောင်ဖြူက

မောင်နီကို

ဓားဖြင့်ထိုးသည်။

ဆိုသည့်အချက်ကို သက်သေထူရမည့်တာဝန်မှာ တရားလိုဘက် တာဝန်ဖြစ်သည်။

တရားခံဘက်အနေနှင့် ခုခံကာကွယ်ပြောဆိုရာ၌

မောင်ဖြူက

မောင်နီကို

မြန်မာ စာအုပ်များ



ဓားဖြင့်ထိုးသည်။

ဟူသော အချက်ကို မငြင်းပေ။ သို့သော် ၎င်းအနေဖြင့် ထိုသို့ပြုလုပ်ခြင်းမှာ ကာကွယ်ခုခံပိုင်ခွင့်အရ ထိုးခြင်းဖြစ်ပါသည် ဟူ၍ ထုချေ၏။

ထိုအခါ

မောင်ဖြူ - ပြုသူ

မောင်နီ - အပြုခံရသူ

ဓားဖြင့်ထိုးသည်- ပြုခြင်းကိစ္စ

ယင်းအကြောင်းအရာ သုံးခုအပေါ် ငြင်းဆိုခြင်းမရှိဘဲ ဥပဒေအခွင့်အရေးအရ လုပ်ရကြောင်း ပြောဆို ထုချေလာသည်ဖြစ်သောကြောင့် အကြောင်းခြင်းရာ ပြဿနာ ပေါ်ပေါက်ခြင်း မရှိတော့ပေ။

ဓားဖြင့်ထိုးသည် ဆိုသည့် ပြုခြင်းကိစ္စနှင့် စပ်လျဉ်း၍သာ ပြုခွင့်ရှိမရှိ ဥပဒေပြဿနာဘက် ရောက်ရှိလာသည်။ ထို့ကြောင့် ဥပဒေပြဿနာဟူ၍ပေါ်ပေါက်လာခြင်း ဖြစ်သည်။

**အကြောင်းအရာ ပြဿနာကို ထုချေခြင်း။**

ကတ္တားပိုင်း

မောင်ဖြူ - ပြုသူ

တရားလိုဘက်က(ကတ္တားပိုင်း) မောင်ဖြူ ပြုကြောင်း စွပ်စွဲမှုပြုလာသည်။

ထိုအကြောင်းအရာကို မောင်ဖြူက ဝန်ခံမည်လော။ သို့မဟုတ် ငြင်းဆိုမည်လော။

ကတ္တားပိုင်းတွင် ပြုသူအဖြစ်ကို ဝန်ခံပြီး အခြား ကံ၊ ဝါစကပိုင်းကို ငြင်းဆိုမည်လော။

မြန်မာ စာအုပ်များ



အကယ်၍ ကတ္တားပိုင်းကိုပင် ငြင်းဆိုမည်ဆိုပါက ငြင်းဆိုရုံသက်သက်ပဲလော။ အကြောင်းပြ ငြင်းဆိုပါဦးမည်လော။ ကံ၊ ဝါစကပိုင်းဘက်တွင်လည်း အားနည်းဖွယ် ရှိပါက ကတ္တားပိုင်းတွင် အကြောင်းပြငြင်းဆိုထားမှု လိုအပ်ပေမည်။

- မောင်ဖြူ မပြု
- အမှန်တကယ်ပြုသူမှာ မောင်နက်ဖြစ်သည် (သို့မဟုတ်)
- မောင်ဖြူအား မှားယွင်း စွပ်စွဲ ပြောဆိုခြင်းသာ ဖြစ်သည် (သို့မဟုတ်)
- ထိုစဉ်က မောင်ဖြူ ထိုနေရာတွင်မရှိ

ဆိုသည့် အကြောင်းခြင်းရာ တစ်ရပ်ရပ်ကို ခုခံချေပရဖွယ် ရှိသည်။

ပြန်လှန်စစ်မေးသောအခါ-

- မောင်ဖြူ မပြုကြောင်း
- အမှန်တကယ်ပြုသူမှာ မောင်နက်သာဖြစ်ကြောင်း
- မောင်ဖြူအား မှားယွင်းစွပ်စွဲ ပြောဆိုခြင်းသာဖြစ်ကြောင်း
- ထိုစဉ်က မောင်ဖြူ ထိုနေရာတွင် မရှိကြောင်း

စသည်တို့ကို ဖော်ထုတ် စစ်ဆေး မေးမြန်းခြင်း ပြုလုပ်နိုင်ပေသည်။

မောင်ဖြူ မပြု

(ပြစ်မှုမကျူးလွန်ကြောင်း ထုချေချက်)

အမှန်တကယ်ပြုသူမှာ မောင်နက်ဖြစ်သည်။

(အကြောင်းပြထုချေချက်)

မြန်မာ စာအုပ်များ



မောင်ဖြူအား မှားယွင်း စွပ်စွဲခြင်းသာဖြစ်သည်။

(တရားလိုက မှားယွင်း စွပ်စွဲခြင်းဖြစ်ကြောင်း ထုချေချက်)

ထိုစဉ်က မောင်ဖြူ ထိုနေရာတွင် မရှိ

(အလီဘိုင်ပြ ထုချေချက်)

အကြောင်းခြင်းရာ အချက်အချာ ဒေါက်တိုင်ကြီး သုံးတိုင်အနက် ကတ္တားပိုင်း ဒေါက်တိုင်ကြီး တစ်တိုင်ကို ဖြိုဖျက် အစားထိုးခြင်းဖြစ်သည်။

ကံပိုင်း

မောင်ဖြူ - ဓားထိုးခံရသည်

ကံပိုင်းတွင် မောင်ဖြူ ဓားထိုးခံရသည်ဟု တရားလိုဘက်က အဆို ပြုထားပြန်သည်ဖြစ်ရာ ယင်းအဆိုပြုထားချက်ကို တရားခံက ငြင်းမည်လော၊ ဤအချက်အပေါ် အငြင်းပွားစရာမရှိဟု ဆိုမည်လော။

ကတ္တားပိုင်း၊ ဝါစကပိုင်းတွင် ငြင်းဆန်ခုခံမည်ဆိုပါက ဤကံအပိုင်း ကို အငြင်းပွားရန် လိုမည်မဟုတ်ဟု ယူဆလိုက ယူဆနိုင်ခွင့် ရှိပေသည်။ သို့သော် ကတ္တားပိုင်း၊ ဝါစကပိုင်းတွင် ငြင်းဆန်ခုခံရန် အားနည်းနေမည် ဆိုပါက ဤကံအပိုင်းတွင် ငြင်းရန်လိုအပ်ပေမည်။

မောင်ဖြူ ဓားထိုးခံရသည် မဟုတ်

မတော်တဆ ထိခိုက်ခြင်းဖြစ်သည်။ (သို့မဟုတ်)

မောင်ဖြူဘာသာ မောင်ဖြူ ပြုမိခြင်းဖြစ်သည်။

ဖော်ပြပါအကြောင်းအရာ တစ်ရပ်ရပ်ကို ခုခံချေပရဖွယ်ရှိ၏။

ပြန်လှန်စစ်မေးသောအခါ-

မောင်ဖြူ ဓားထိုးခံရသည်ဆိုသည်မှာ မဟုတ်ကြောင်း မတော်တ

မြန်မာ စာအုပ်များ



ဆ ထိခိုက်မိခြင်းဖြစ်ကြောင်း

မောင်ဖြူဘာသာမောင်ဖြူ ပြုလုပ်မိ၍ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း စသည်တို့ကို ဖော်ထုတ် စစ်ဆေးမေးမြန်းခြင်း ပြုလုပ်နိုင်ပေသည်။

အကြောင်းခြင်းရာ အချက်အချာ ဒေါက်တိုင်ကြီးသုံးတိုင်အနက် ကံအပိုင်း ဒေါက်တိုင်ကြီးတစ်တိုင်ကို ဖြိုဖျက် အစားထိုးခြင်းဖြစ်သည်။

ဝါစကပိုင်း

ဓားဖြင့်ထိုးသည်

ဝါစကပိုင်းတွင် ဓားဖြင့်ထိုးသည်ဟူသော အဆိုပြုချက်ကို တရားခံ ငြင်းမည်လော၊ ဤအချက်အပေါ် ငြင်းစရာမရှိဟု ဆိုမည်လော။

ကတ္တားပိုင်း၊ ကံအပိုင်းတွင် ငြင်းဆန်ခုခံမည်ဆိုပါက ဝါစကပိုင်း ကိုအငြင်းပွားရန် လိုမည်မဟုတ်ဟု ယူဆလိုက ယူဆနိုင်ခွင့် ရှိပေသည်။

သို့တည်းမဟုတ် ကတ္တား၊ ကံ၊ ဝါစက အပိုင်း သုံးပိုင်းစလုံးကို ငြင်းဆန်လိုကလည်း ငြင်းဆန်ခုခံခွင့်ရှိပေသည်။

ဓားဖြင့်ထိုးခြင်းမဟုတ်

တုတ်တွင် ရိုက်ထားသော သံငုတ်နှင့် ခိုက်မိခြင်း ဖြစ်သည်ဟူ၍ ငြင်းဆန်လိုက ငြင်းဆန်နိုင်၏။

ပြန်လှန်စစ်မေးသောအခါ-

ဓားဖြင့်ထိုးခြင်း မဟုတ်ကြောင်း

တုတ်တွင် ရိုက်ထားသော သံငုတ်နှင့် ခိုက်မိခြင်းဖြစ်ကြောင်း စသည် ဖြင့် ဖော်ထုတ် စစ်ဆေးမေးမြန်းခြင်းပြုလုပ်နိုင်ပေသည်။

အကြောင်းခြင်းရာ အချက်အချာ ဒေါက်တိုင်ကြီး သုံးတိုင်အနက် ဝါစကပိုင်းဒေါက်တိုင်ကြီး တစ်တိုင်ကို ဖြိုဖျက် အစားထိုးခြင်းဖြစ်သည်။

မြန်မာ စာအုပ်များ



## ၂။ ဥပဒေပြဿနာ (Question of Law)၊

ကတ္တား၊ ကံ၊ ဝါစက သုံးခုစလုံး ပါဝင်အပ်သော ပြစ်မှု တစ်စုံတစ်ရာတွင် ပြုသူ၊ အပြုခံရသူနှင့် ပြုခြင်းကိစ္စ ပေါ်ပေါက်သည့်အပြင် ယင်းပြုခြင်းကိစ္စရပ်သည် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးတဝင်ရှိလာပါက ပြစ်မှုတစ်ရပ်အဖြစ်သို့ ရောက်ရှိလာလေသည်။

မောင်ဖြူ က

မောင်နီ ကို

ဓားဖြင့်ထိုးသည် ဟူသော အကြောင်းခြင်းရာများပေါ်ပေါက်လာသောကြောင့် 'ဓားထိုးမှု' ဟူ၍ ဖြစ်ပေါ်လာရလေသည်။

ဓားထိုးမှုကိုပင် ဥပဒေက အဆင့်ဆင့် ခွဲခြား သတ်မှတ်ပေးထားသည်ကို တွေ့ရသည်။

- ဘေးဖြင့်စေတတ်သော လက်နက်ဖြင့် သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် နာကျင်စေမှု၊

  (ရာဇသတ် ပုဒ်မ ၃၂၄)

- ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် သို့တည်းမဟုတ်နည်းဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု ၊

  (ရာဇသတ် ပုဒ်မ ၃၂၆)

- သာမန်နာကျင်စေမှုကိုဖြစ်စေလျှင် (၃၂၄)၊ အပြင်းအထန်နာကျင်စေမှုကို ဖြစ်စေလျှင် (၃၂၆)၊ လူသေသည် အထိဖြစ်စေလျှင် (၃၀၂) စသည်ဖြင့် ပိုင်ခြား ပေးထားပေသည်။

- ဖော်ပြပါ ဓားထိုးမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ဖြင့် တရားစွဲစစ်ဆေးရာ တရားခံ၏ ပြုမူမှုသည် အဆိုပါ ပုဒ်မပါ

ဖြစ်မှုအင်္ဂါရပ်များနှင့် အငြိအစွန်းရှိကြောင်း ထွက်ဆိုနိုင်အား ရှိဖို့လိုသည်။

- တရားလိုအနေဖြင့် အပြင်းအထန် နာကျင်မှု ဖြစ်ခဲ့ရကြောင်း နှင့် ထိုသို့ဖြစ်ခဲ့ရခြင်းမှာ တရားခံ၏ မိမိအလိုအလျောက်ပြုမူ မှုကြောင့် ဖြစ်ရကြောင်းတို့ကို သက်သေထူဖို့ လိုအပ်ပေသည်။
- တစ်နည်းဆိုသော် ဆေးစာတွင် အပြင်းအထန် နာကျင်မှုရှိ ကြောင်း ပေါ်ပေါက်ရမည်ဖြစ်ပြီး ယင်းကို ထောက်ခံသည့် အ ချက်လည်းရှိရပေမည်။ ရာဇသတ်ကြီးပုဒ်မ ၃၉ တွင်ဖွင့်ဆိုရှင်း လင်းထားသော 'မိမိ အလိုအလျောက် ပြုခြင်း' ဆိုသည့် အဓိပ္ပာယ် ဖွင့်ဆိုမှုနှင့်လည်း အကျုံးဝင်ကြောင်း သက်သေထူ နိုင်ရမည်ဖြစ်သည်။
- တရားခံဘက်က ဥပဒေပြဿနာကို ထုချေနိုင်ရန်အတွက် အပြင်းအထန် နာကျင်မှုဖြစ်သည် ဆိုသည့် အချက်နှင့် မိမိအ လိုအလျောက် ပြုသည်ဆိုသည့် အချက်များ မဖြစ်ပေါ်မတည် ရှိကြောင်းကို စစ်ဆေးမှုပြုထားခဲ့ဖို့ လိုအပ်ပေသည်။
- ထိုအားထုတ်မှုမှာ ရှေ့နေ၏ ကိုယ်ပိုင် အားထုတ်မှု ဖြစ်ပြီး အတွင်းအားထုတ်မှုဟုဆိုရမည့် ဉာဏ်ကျက်စားရာ ဖြန့်ကျက် မှုဖြစ်သည်။ ယင်းအတွင်းအားထုတ်မှု အားကောင်းလာသည် နှင့်အမျှ ဥပဒေ၏ အရင်းအမြစ်များကို လက်ကုန် နှိုက်ယူလာ နိုင်မည်ဖြစ်သည်။

တော်လည်း တော်၍ အောင်လည်းအောင်မြင်သော ရှေ့နေများ တွင် ယင်းအရည်အချင်းများရှိနေကြသည်သာ ဖြစ်သည်။

ပမာဏ

ရှေ့နေတစ်ယောက်၏ အတွင်းအားထုတ်မှုပမာဏ မည်မျှရှိသည်

မြန်မာ စာအုပ်များ



မရှိသည် ဆိုသည်ကို သူ၏ နောက်ဆုံး လျှောက်လဲချက်တွင် မျက်ဝါးထင်ထင် တွေ့မြင်ကြမြဲဖြစ်သည်။

အတွင်းအားထုတ်မှုမဲ့သော ရှေ့နေ၏လျှောက်လဲချက်သည် သက်ဝင်မှုမရှိသည်ကို တွေ့ရပေမည်။ အတွင်းအားထုတ်မှု နည်းပါးသော ရှေ့နေ၏လျှောက်လဲချက်သည် ဆားမပါသကဲ့သို့ ပေါ့တော့တော့ရှိသည်။ အတွင်းအားထုတ်မှုများပါသော လျှောက်လဲချက်တွင်မူကား လေးနက်၍ သက်ဝင်လှုပ်ရှားမှုရှိနေသည်ကို တွေ့ရပေသည်။

ဥပဒေပြဿနာ အဖြေရှာခြင်းမှာ ရှေ့နေ၏ ဉာဏ်အရာဖြစ်ပေသည်။ ရှေ့နေ၏ဉာဏ်ကြီးမှု၊ ဉာဏ်ကျယ်မှု၊ စူးရှထက်မြက်မှုနှင့် တဝင်တစားရှိမှုကို ရည်ညွှန်းလေသည်။

ဥပဒေပြဿနာကို အမှုမပြီးမီ ဖော်ထုတ်ခြင်းမပြုဘဲ အပြီးသတ်လျှောက်လဲချက် တင်သွင်းသောအခါတွင်မှ ရှေ့နေက ဇာတ်ပေါင်းခန်းလုပ်ပြသည့်သဘောဖြစ်သည်။

ယင်းဇာတ်ပေါင်းခန်းကို ရှေ့နေက ဖော်ဆောင်နိုင်ရန်အတွက် ပြန်လှန်စစ်မေးစဉ်ကပင် ကြောင်လက်သည်းဝှက်ပြုကာ မိမိလိုချင်သော အချက်အလက်များကို ကျားကုတ်ကျားခဲ မေးမြန်းထားခဲ့ရမည်ဟူသော အချက်ကို အောင်မြင်သော ရှေ့နေ ဖြစ်ချင်သူတိုင်း သတိချပ်သင့်ပေသည်။

**ဒေါ်ရှင်အမှု**

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ ဖြင့် တရားစွဲဆိုသော အမှုတစ်မှုကို သာဓကအားဖြင့် တင်ပြလိုပေသည်။ အမှုဖြစ်ပုံမှာ ဒေါ်ရှင်ဟူသော အမျိုးသမီးက ငှင်းကြွေးပေးထားသော အိမ်ချင်းကပ်လျက်နေသူ ဒေါ်သန်းကို အတိုးလာမပေးသဖြင့် ခေါ်ပြောရာမှ ကတောက်ကဆဖြစ်ကြပြီး ဒေါ်သန်းက နေအိမ်ပေါ် ရမ်းရမ်းကားကားပြုမူခဲ့သည့်အတွက် ဖော်ပြပါပုဒ်မဖြင့် တရားစွဲဆိုခဲ့သောအမှု ဖြစ်လေသည်။

နေအိမ်ပေါ်တွင် မျက်မြင်သက်သေ နှစ်ယောက် ရှိသကဲ့သို့လမ်းမှ တွေ့မြင်သည်ဆိုသော သက်သေတစ်ဦးလည်းရှိနေသည်။ ဒေါ်သန်းက အိမ်ဧည့်ခန်းရှိ စားပွဲကုလားထိုင်များကို တွန်းလှဲပစ်သည်ဆိုသည့်အချက်၊ ဆေးလိပ်ခွက်ဖြင့် ဒေါ်ရှင်ကိုလှမ်းပေါက်သည်ဆိုသည့်အချက်များ ပေါ်လွင်သည်။ သို့သော် ဒေါ်ရှင်ကို ထိခိုက်မိခြင်းတော့မရှိ။

အဆိုပါအမှု၏ တရားလိုကို စစ်ဆေးသောအခါ တရားခံအကျိုးဆောင်က အောက်ပါ မေးခွန်း တစ်ခွန်းတည်းကိုသာ မေးမြန်းခဲ့ပေသည်။

ရှေ့နေ။ ဒေါ်ရှင်ရဲ့ အိမ်ပေါ်ကို ဒေါ်သန်းရောက်လာတာကတော့ ဒေါ်ရှင်ခေါ်လို့ရောက်လာတာ၊ ဒေါ်သန်းသူ့ဘာသာသူ ရောက်လာတာတော့ မဟုတ်ဘူး မဟုတ်လား။

ဒေါ်ရှင်။ မှန်ပါတယ်။

ဖော်ပြပါ မေးခွန်းမှတစ်ပါး မည်သည့် မေးခွန်းကိုမျှ ထပ်မေးခြင်း မရှိပေ။ အခြား သက်သေများ စစ်ဆေးသော အခါတွင်လည်း မေးခွန်း မမေးမြန်းတော့ပေ။

အကြောင်းခြင်းရာ ပြဿနာကို အငြင်းမပွားသည့်သဘောဖြစ်သည်။ ကတ္တား၊ ကံ၊ ဝိစက အချက်အချာ ဒေါက်တိုင်ကြီးများကိုလည်း ဖြိုဖျက်အစားထိုးရန်မကြိုးစား။ တစ်ဖက်အဆိုပြုတင်ပြသည့် အချက်မခိုင်လုံကြောင်း ဖော်ထုတ်စစ်ဆေးရန်လည်း မလုပ်ဆောင်။ ခုခံမှုလမ်းကြောင်းကိုလည်း သွတ်သွင်းမေးမြန်းခြင်းလည်း မပြု။ စွပ်စွဲချက်နှင့်တကွ အထောက်အထား သက်သေထွက်ဆိုချက်များအရလည်း အဆိုပါ အချက်များကို ချေဖျက်ရန် မှာ မလွယ်ကူလှ။ အကယ်၍ ထိုအချက်များကို ချေဖျက်မည်ဆိုပါကလည်း ပြောင်ကျကျ သက်သေ မရှိ၊ အထောက် အထားမရှိ ငွတ်ငြင်းရတော့မည့် သဘော၊ ငွတ်ကန်ထွက်ရတော့မည့်သဘော ဖြစ်သည်။

ငွတ်ငြင်း ငြင်းလျှင် ရရှိနိုင်မည့် ရလဒ်သည် မည်သို့ ဖြစ်လာနိုင်

မြန်မာ စာအုပ်များ



မည်နည်း။ တရားရုံးက တရားခံအား သက်ညှာခွင့် ပေးမည်လော။ သက်ညှာခွင့်ပေးလောက်သော အကြောင်းပြချက်ကို တရားခံဘက်ကတင်ပြမှုရှိသလော။ တရားခံ၏ အထောက်အထားမရှိ ခွတ်ငြင်းငြင်းသည့် လုပ်ရပ်သည် တရားရုံး၏တရားခံအပေါ် သက်ညှာမှုကိုဖြစ်ပေါ်စေသည့် အကြောင်းတရားမျိုး ဖြစ်မည်လော။ ဤသို့ဆိုလျှင်တရားခံအပေါ် တရားရုံး က သက်ညှာမှုရှိလာအောင် မည်သို့ လုပ်ဆောင်မည်နည်း။

ဤသည်မှာ ရှေ့နေ၏ ကြံဆအားထုတ်နေရမည့်အပိုင်းဖြစ်သည်။ အမှုနှင့်အမှုသည်အပေါ် ထားရှိအပ်သည့် စေတနာနှင့်တာဝန် ပေါင်းစပ်သော ကြိုးပမ်းမှုဖြစ်သည်။

ဖော်ပြခဲ့သည့် ပုဒ်မ ၄၅၂ အမှုကို စစ်ဆေးပြီး၍ အပြီးသတ်လျှောက်လဲချက် တင်သွင်းသောအခါ ဒေါ်သန်း၏ရှေ့နေက ၎င်း၏ လျှောက်လဲချက်တွင် ဤသို့ ထောက်ပြလေသည်။

'ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ မြောက်ဖို့ရန်မှာ ယင်းပုဒ်မတွင် ဖော်ပြထားသော (ပြင်ဆင်ပြီးနောက် အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင်) ဟူသော အင်္ဂါရပ်နှင့် အကျုံးဝင်မှ ယင်းပြစ်မှု မြောက်မည်ဖြစ်ပါသည်။ ယခုအမှုတွင် တရားလိုကိုယ်တိုင်က ၎င်းခေါ်၍ တရားခံ အိမ်ပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားသည်ဖြစ်ရာ တရားခံသည် ရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်အတွက် ပြင်ဆင်ပြီးနောက် တရားလို နေအိမ်ပေါ်သို့ရောက်ရှိလာခြင်းဖြစ်သည် ဟူသောအချက် ပေါ်ပေါက်ခဲ့မှုမရှိသည်မှာ ထင်ရှားပေသည် အစရှိသဖြင့် လျှောက်လဲတင်ပြကာ တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ ဖြင့် အပြစ်ပေး ခြင်းမှ ဖယ်ထုတ်ပေးနိုင်ခဲ့ဖူးသည့် သာဓက တစ်ရပ်ကို တင်ပြလိုက်ရပေသည်။

မောင်ဝင်း အမှု

(၆. ၃. ၈၃)နေ့-ည(၂၁. ၀၀)နာရီအချိန်ခန့်တွင်သေသူ မောင်အောင် သည် သူငယ်ချင်းဖြစ်သူ စိုးသိန်းနှင့်အတူ အရက်သောက်ပြီး

ပြန်လာရာ လမ်းတွင် လူတစ်ယောက်ကို ဝင်တိုက်မိသည်။ ထိုသူနှင့် စကားများပြီး မောင်အောင်က စတင်ထိုးကြိတ်ရာ ခင်မောင်ဝင်းက ပြန်ထိုး၍ မောင်အောင် ဝမ်းဗိုက်ထိသွားသည်။ စိုးသိန်းက မောင်အောင်ကို တွဲခေါ်သွားပြီး နေအိမ်သို့ပြန်လာရာ နောက်တစ်နေ့ ဝမ်းဗိုက်အောင့်၍ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံမှ အရေးတကြီးခွဲစိတ်ရန် လိုအပ်သောကြောင့် ခွဲစိတ်မှုပြုလုပ်ပေးခဲ့သည်။ သို့သော်ခွဲစိတ်ပြီး နောက်တစ်ရက်တွင် မောင်အောင် သေဆုံးသွားသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ဖြင့် ခင်မောင်ဝင်းအား ဖမ်းဆီးချုပ်နှောင်ကာ ရဲမှအမှုဖွင့် တရားစွဲ တင်ပို့ခဲ့သည်။

အမှုမှာ မျက်မြင်သက်သေ ထင်ရှားသော အမှုတစ်မှု ဖြစ်နေသည်။ တရားလိုနှင့် သက်သေများကို စစ်ဆေးစဉ် တရားခံရှေ့နေဘက်က မည်သည့် ပြန်လှန်စစ်ဆေးမှုကိုမှ မပြုလုပ်ခဲ့ပေ။ မျက်မြင်သက်သေများကလည်း အဖြစ်အမှန်အတိုင်း ထွက်ဆိုမှု ပြုခဲ့ကြသည်။

ဆရာဝန်အား အစိက စစ်ဆေးမှု ပြုသောအခါ ဆရာဝန်က- 'ပန်ကရိယခေါ် ဝမ်းဗိုက်ကိုယ်တွင်း အင်္ဂါ နှစ်ပိုင်း ပြတ်နေပါတယ်၊ ပန်ကရိယ ကိုယ်ထည်နဲ့ အမြီးပိုင်းကို ထုက်ပစ်ပြီး ဦးခေါင်းပိုင်းသာ ဝမ်းဗိုက်အတွင်းမှာ ကျန်ပါတယ်၊ သရက်ရွက်အညှာတစ်ဝိုက် ပတ်ပတ်လည်မှာ သွေးခြည်ဥနေပါတယ်၊ သရက်ရွက်ကိုထုတ်ပြီး ကုသခဲ့ပါတယ်' ဟုထွက်ဆိုသည်။

ထိုအခါတွင်မှ တရားခံရှေ့နေက ပြန်လှန်စစ်မေးခြင်းကို စတင်မေးပါသည်။

ရှေ့နေ။ ဆရာခင်ဗျား၊ ပန်ကရိယအချို့ တစ်ဝက် ရှိရင်အသက်ရှင်နိုင်ပါသေးလား၊ သရက်ရွက်ထုတ်ပစ်ရင်ကော အသက်ရှင်နိုင်ပါသေးသလား။

ဆရာဝန်။ ကျွန်တော်တို့ဆေးပညာအရပန်ကရိယ အချို့တစ်ဝက်

မြန်မာ စာအုပ်များ



ရှိရင် အသက်ရှင်နိုင်ပါတယ်၊ သရက်ရွက် လုံးဝမရှိရင်လဲ အသက် ရှင်နိုင်ပါတယ်။

ရွှေနေ။ မောင်အောင် သေဆုံးရတာဟာ ဝမ်းဗိုက်မှာ ရရှိတဲ့ ဒဏ်ရာကြောင့် ပန်ကရိယ စုတ်ပြဲပြီး သရက်ရွက် ပတ်ဝန်းကျင်မှာ သွေးခြည်ဥ၊ သွေးလန့် သေဆုံးရတယ်ဆိုတာ ဟုတ်ပါသလား။

ဆရာဝန်။ မှန်ပါတယ်။

ရွှေနေ။ ဒါဆို သေသူ ရရှိတဲ့ ဒဏ်ရာဟာ ဖြစ်တတ်တဲ့သဘောအရ အမှန်အားဖြင့် သေစေလောက်သောဒဏ်ရာလား (Sufficent in the Ordinary Course of Natural)ဒါမှမဟုတ်သေစေခြင်း ဖြစ်တန် ရာသောဒဏ်ရာလား(Likely to Course Death)ဆိုတာ ပြောပြပါ ဆရာ။

ဆရာဝန်။ သေစေခြင်း ဖြစ်တန်ရာသောဒဏ်ရာ (Likely to Course Death)ဖြစ်ပါတယ်။

ရွှေနေက ဤမျှသာမေး၍ ပြန်လှန်စစ်မေးခြင်းကို အဆုံးသတ်လိုက်သည်။

အမှု၏ လျှောက်လဲချက်အဆင့်သို့ ရောက်သောအခါ အောက်ပါအတိုင်း လျှောက်လဲတင်ပြသွားသည်။

## လူသတ်မှုလော၊ လူသေမှုလော

ယခုအမှုသည် လူသတ်မှုလော၊ လူသေမှုလော ဆိုသည်ကို သတိကြီးစွာ ဂရုစိုက်ပြုခွဲခြားရန် လိုအပ်ပါသည်။

လူသတ်မှုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၀ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီး လူသေမှုနှင့်ပတ်သက်၍မူ ပုဒ်မ ၂၉၉ တွင်

မြန်မာ စာအုပ်များ



အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**လူသတ်မှု**

လူသတ်မှုတွင် သေစေရန်အကြံနှင့်ဖြစ်စေ၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်၍ လူကိုသေစေလျှင် ဟု ဖော်ပြပါရှိပါသည်။

**လူသေမှု**

လူသေမှုတွင် သေစေခြင်းဖြစ်တန်ရာသော အင်္ဂါနာကျင်မှုကိုဖြစ်စေရန် အကြံဖြင့် ပြုလုပ်မှုတစ်ခုကို ပြုလုပ်၍ လူကိုသေစေလျှင် ဟု ဖော်ပြပါရှိပါသည်။

**ဒဏ်ရာ**

ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ဒဏ်ရာ (Sufficent in the Ordinary Course of Natural)ဖြစ်လျှင် လူသတ်မှုဖြစ်ပါသည်။

သေစေခြင်း ဖြစ်တန်ရာသော ဒဏ်ရာ (Likely to Course Death)ဖြစ်လျှင် လူသေမှု ဖြစ်ပါသည်။

**ဆရာဝန် ထွက်ချက်**

ယခုအမှုတွင် ဆရာဝန်၏ထွက်ဆိုချက်ကို ကြည့်ရန် လိုအပ်ပါသည်။ သက်သေဆရာဝန်က လာရောက်အစစ်ခံရာတွင် သေဆုံးခြင်းအကြောင်းကို အောက်ပါအတိုင်း မှတ်ချက်ပေးထားပါသည်။

(ဝမ်းဗိုက်တွင်ရရှိသော ဒဏ်ရာကြောင့် ပန်ကရိယ စုတ်ပြဲခြင်း၊ သရက်ရွက် ပတ်ဝန်းကျင်တွင် သွေးခြည်ဥခြင်းတို့ကြောင့် သွေးလန့်သေဆုံးရခြင်းဖြစ်ပါသည်။)

မြန်မာ စာအုပ်များ



လူနာသေဆုံးခြင်းမှာ သေစေခြင်း ဖြစ်တန်ရာသော ဒဏ်ရာကြောင့် ဖြစ်ပါသည်ဟု ထွက်ဆိုထားပါသည်။

ဆရာဝန်အားစစ်ဆေးမေးမြန်း၍ဆရာဝန်မှဖြေကြားသည်မှာ (ကျွန်တော်တို့ဆေးပညာအရ ပန်ကရိယ အချို့တစ်ဝက်ရှိလျှင် အသက်ရှင်နိုင်ပါသည်။ သရက်ရွက် လုံးဝမရှိလျှင်လည်း အသက်ရှင်နိုင်ပါသည်။)ဟု ထွက်ဆိုချက် ပေးထားပါသည်။

ထို့ပြင်သေသူအား မသေဆုံးမီ ခွဲစိတ်မှုတစ်ကြိမ် ပြုလုပ်ခဲ့သေးရာ ထိုခွဲစိတ်မှုပြုရာတွင် (ပန်ကရိယခေါ် ဝမ်းဗိုက်ကိုယ်တွင်း အင်္ဂါနှစ်ပိုင်းပြတ်နေသည်။ ၎င်းပန်ကရိယကိုယ်ထည်နှင့် အမြီးပိုင်းကို ထုတ်ပစ်ပြီး ဦးခေါင်းပိုင်းသာ ဝမ်းဗိုက်အတွင်း၌ ကျန်ရှိခဲ့သည်။ သရက်ရွက်အညှာတစ်ဝိုက်ပတ်လည်၌ သွေးခြည်ဥနေသည်။ သရက်ရွက် အညှာတစ်ဝိုက်ကို ထုတ်ပစ်ကုသခဲ့ရသည်။)ဟု ထွက်ဆိုခဲ့သည်ဖြစ်ရာ သေသူရရှိခဲ့သော ဒဏ်ရာမှာ ဆရာဝန် ထွက်ဆိုချက် ပေးထားသကဲ့သို့ သေစေခြင်း ဖြစ်တန်ရာသော ဒဏ်ရာ(Likely to Course Death)ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။

ထို့ကြောင့် ဤအမှုသည် လူသတ်မှု မဖြစ်နိုင်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ အရ အပြစ်ပေးရန် မဖြစ်နိုင်ပါ။

လူသေမှုလော

ဤအမှုသည် လူသတ်မှုမဟုတ်လျှင် လူသေမှုသာလျှင် ဖြစ်ဖွယ်ရှိသည်ဟူ၍ လွယ်ကူစွာယူဆရန်လည်း မသင့်သည်များရှိနေပြန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားခံ၏ အပြုအမူတွင် သေသူအား (သေစေခြင်း ဖြစ်တန်ရာသော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံ) ရှိသည်ဟူသော အချက်မပေါ်လွင်သောကြောင့် ဖြစ်ပါသည်။

မောင်ဟန်တော၊ ၁၉၆၄ခု၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၇၃၂အမှု

မြန်မာ စာအုပ်များ



တွင် ထုံးဖွဲ့ ဆုံးဖြတ်ထားသည်မှာ-

[ တရားခံသည် သေသူ(မိမိ၏မယား)နှင့် အကြီးအကျယ် စကားများကြပြီးနောက် စိတ်ဆိုးသဖြင့် ခြေထောက်ဖြင့်ကန်ရာ မယားဖြစ်သူသေဆုံးသွားသည်။ မိမိမယားကို ဖနောင့်နှင့်ပေါက်ခြင်းဖြင့် သေစေလိုသော စေတနာ သို့မဟုတ် သေလောက်သောဒဏ်ရာ ရစေလိုသောစေတနာရှိလိမ့်မည် မဟုတ်။ အကြီးအကျယ် ဒဏ်ရာရစေလိုသော စေတနာသာလျှင် ရှိလိမ့်မည်ဟုယူဆကြောင်းအယူခံရုံးက ဆုံးဖြတ်သည်။] ဟူ၍ဖြစ်ပါသည်။

ယခုအမှုတွင် (သေစေခြင်း ဖြစ်တန်ရာသော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံ)ရှိမရှိကို တရားခံ၏ အပြုအမူတွင် အကဲခတ်ရန်ရှိပါသည်။

တရားခံသည် မလျော်သော အခွင့်အရေးကို ရယူခြင်း၊ ရက်ရက်စက်စက် သို့မဟုတ် ထူးထူးခြားခြား ပြုမူခြင်း မရှိသည်မှာ ထင်ရှားပါသည်။

မလျော်သော အခွင့်အရေးကို ယူမည်ဆိုက ယူနိုင်မည့် အခွင့်အရေးများရှိပါသည်။ ဓားဆွဲခြင်း၊ တုတ်ဆွဲခြင်း သို့မဟုတ် နီးစပ်ရာအုတ်ခဲကို အသုံးပြုခြင်းပင်မရှိခဲ့။ ထို့ပြင် ရက်ရက်စက်စက်ပြုမူမှုမပါ။ ယောက်ျားသားအချင်းချင်း ထိုးကြိတ်ရာမှ အနီးရှိ ပုဂ္ဂိုလ်များက ဟန့်တားသောအခါ ဆက်လက်ထိုးကြိတ်ခြင်း မရှိတော့ဘဲ ပြန်လည်ထွက်ခွာသွားသည်မှာ ပေါ်လွင်ပါသည်။

သေသူမှာလည်း အခင်းဖြစ်ပြီး ထနိုင် လျှောက်နိုင်သည့် အနေအထား ရှိသည်ဆိုသည့်အချက် ပေါ်လွင်နေပါသည်။

**လူ့အသက်ကို ဘေးဖြစ်အောင်ပြုခြင်း၊**

ယခုအမှုတွင် ပေါ်လွင်ထင်ရှားသည်မှာ တရားခံ၏ အပြုအမူသည် သေသူ၏ သေဘေးကိုဖြစ်အောင် အရမ်းပြုခဲ့သည်ဆိုသည့် အချက်ပေါ်

မြန်မာ စာအုပ်များ



လွှင်ပါသည်။ ထို့ကြောင့် တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၈ ဖြင့်သာ ပြောင်းလဲ အပြစ်ပေးသင့်ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၈ တွင် ပြဋ္ဌာန်းထားသည်မှာ (လူ့အသက်ကိုဖြစ်စေ၊ အခြားသူ၏ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်အောင် မည်သူမဆို အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် တစ်ဦးတစ် ယောက်သောသူအား အပြင်းအထန် နာကျင်စေလျှင်) ဟုပါရှိသည် ဖြစ်ရာ တရားခံအား ယင်းပုဒ်မအရသာ အပြစ်ပေးထိုက်ပါကြောင်း လျှောက်လဲတင်ပြအပ်ပါသည်။

ဖော်ပြပါ ဒေါ်ရှင်အမှုနှင့် မောင်ဝင်း အမှုတို့ကို ကြည့်မည်ဆိုပါက တရားခံရှေ့နေသည် အကြောင်းခြင်းရာထက် ဥပဒေကို အားကိုးပြုကာ ပြန်လှန်စစ်မေး၍ ဥပဒေရေးရာ ပြဿနာအပေါ် အားထုတ်မှုပြုသွားခဲ့ကြသည် ဆိုသည့်အချက် ထင်ရှားပေသည်။

# အခန်း(၇)

## သက်သေနှင့် ပြန်လှန်စစ်မေးခြင်း။

ပြန်လှန်စစ်မေးရာတွင် နည်း (၂) နည်းကို ယခင်က ကျင့်သုံးခဲ့ကြဖူးသည်။

တစ်နည်းမှာ မိမိကို နာခံလာအောင် ဟိတ်လုံးဟန်လုံးဖြင့် မိမိလိုချင်သည့်အဖြေကို တိုက်ရိုက်မေးယူနည်းဖြစ်သည်။ အခြားနည်းမှာ သက်သေကိုခင်လုံးမင်လုံးပေး၍ မိမိအပေါ် ယုံကြည်လာအောင်ပြုလုပ်၍ လိုချင်သည်များ ရအောင်မေးနည်းတို့ဖြစ်သည်။

ပထမနည်းဖြင့် အောင်မြင်သူများမှာ အတွေ့အကြုံရင့်ကျက်ပြီး အများသူငါတို့ ခန့်ညားခြင်းခံရသည့် ရှေ့နေကြီးများသာလျှင်ဖြစ်သည်။

သို့သော် အခါမလပ် ထိုနည်းကို ကျင့်သုံးခြင်းဖြင့် အောင်မြင်မှု မရနိုင်။ ဒုတိယနည်းကသာ ပထမနည်းထက် ပိုမိုထိရောက်သည်ကို တွေ့ရသည်။ သို့သော် အဆိုပါနည်းများသည်ပင် ယခုကာလ၌ ပြည့်စုံထိရောက်ခြင်းမရှိတော့။

### ၁။ ပြန်လှန်စစ်မေးခြင်းဆိုင်ရာ စည်းမျဉ်း။

(၁) ဟုတ်ပါသည်ဟူသော အဖြေမျိုးရအောင် မေးပါ။

(၂) တရားသူကြီးက သက်သေ၏အဖြေကို စိတ်ဝင်စားစွာ စောင့်မျှော်နေသည့် မေးခွန်းဖြင့်ပြန်လှန်စစ်မေးခြင်းကို စတင်ပါ။

(၃) ပြန်လှန်စစ်မေးခြင်း အတတ်ပညာသည် သက်သေထံမှ မိမိလိုလားသည့်အဖြေကို သက်သေအားသိစေပြီး၊ မေးခွန်းမေးရသည့် အတတ်ပညာဖြစ်သည်။ ရည်ရွယ်ချက်ကို ထိမ်ဝှက်ပြီး မေးရသည့် အတတ်ပညာလည်းဖြစ်သည်။ တစ်ခုတည်းသော အဖြေကို ရရန်အတွက် တိုက်ရိုက် တည့်တည့်ကြီးမေးက မိမိ

မြန်မာ စာအုပ်များ



လိုလားသောအဖြေကို သက်သေက သိသွားနိုင်သည်။ မိမိမေး ခွန်းက ထွက်ပေါက်ပေးလျှင် ထိုထွက်ပေါက်မှ သက်သေထွက် သွားတတ်သည်။

(၄) နားလည်ရန်ခက်သော မျက်နှာထားမျိုး ထားပါ။

(၅) သက်သေနှင့်မိမိ သံဟဇာတဖြစ်လာသည့်အခါ ဆန့်ကျင်ဘက် အခြေအနေကို လိုလားပါက မိမိလိုလားသောအဖြေကို မေးလိုက်ပါ။ မိမိလိုရာ ဆွဲ၍ရသည့် သက်သေက ၎င်း၏ အဓိကထွက်ဆိုချက်များပြောင်းပြန်လှန်လိုက်သကဲ့သို့ဖြစ်သွား မည်။

(၆) သက်သေ၏အတိတ်ရာဇဝင် (သို့) ကံမကောင်းသည့် အဖြစ် အပျက် အချို့ကို မေးလိုက်ပါ။ စပ်ဆိုင်သည့်မေးခွန်းဖြစ်အောင် ဂရုစိုက်ပါ။ သက်သေဝမ်းနည်းသွားအောင်၊ စိတ်မသာမယာ ဖြစ်သွားအောင်မေးလိုက်ပါ။ တာဝန်အရမေးရကြောင်း၊ သက် သေသိပါစေ၊မရိုးသားသောသက်သေအား ကြောက်ရွံ့ရှိသေ လာအောင်လုပ်ပါ။

(၇) အဓိကအချက်များကို ရှာဖွေပါ။ ထိုအချက်တွင် သက်သေ ၏စိတ် ပြောင်းပြန်လှန်စေသောမေးခွန်းမျိုးမေးပါ။

(၈) လေရှည်သောသက်သေဖြစ်လျှင် လွတ်ပေးထားပါ။ သက်သေ ၏အဖြေနောက်သို့ မျှောလိုက်သွားပါ။ ၎င်း၏အဖြေများ ယုတ္တိ မရှိကြောင်း ပေါ်လွင်သည်အထိ မျှောလိုက်သွားပါ။

(၉) ခိုင်လုံစွာ ထင်ရှားနေပြီဆိုလျှင် ပြစ်မှု၏ပမာဏ နည်းပါး အောင် ကြိုးစားပါ။ ကြိုးစားနိုင်သမျှ ထပ်၍ကြိုးစားပေးပါ။

(၁၀) သက်သေ ထွက်ဆိုချက်များအနက် အားအနည်းဆုံးအချက် ကို စတင်ပြီး ပြန်လှန်စစ်မေးပါ။

မြန်မာ စာအုပ်များ



(၁၁) တရားခံအတွက် သက်သာစေမည့် သက်သေခံချက်များကို ဖန်တီးယူပါ။

(၁၂) အစကစစ်မေးခြင်း၌ တရားခံအား ထိခိုက်ပြီးခွန်းခဲ့သော သက်သေခံချက်များကို ကျွမ်းကျင်လိမ္မာစွာမေးမြန်းသည့် မေးခွန်းများဖြင့် ဖျက်စီးပစ်ပါ။

(၁၃) အမှုမစစ်မီ အမှုကို အသေးစိတ်သိအောင် ဆောင်ရွက်ထားပါ။

(၁၄) ရဲရှေ့အစစ်ခံချက်သည် သက်သေခံမဝင်သဖြင့် သက်သေအား ပြန်လှန်စစ်ဆေးစဉ် ထိုအစစ်ခံချက်ကို ထုတ်ဖော်ပြောဆိုခွင့်မပေးသင့်။[၁]

(၁၅) ပြန်လှန်မေးခွန်းထုတ်ခြင်း၏ အဓိက ရည်မှန်းချက်သည် သက်သေထွက်ချက်သည် မယုံကြည်ထိုက်၊ ယုတ္တိမရှိဟု ဖြိုဖျက်ရန်ဖြစ်သည်။ သက်သေကလည်းမကောင်း၊ ပြန်လှန်မေးသူကလည်းကျွမ်းကျင်လျှင် သက်သေထွက်ချက်ပျက်နိုင်သည်။ သက်သေကောင်း၍ ပြန်လှန်မေးသူ အမေးအမြန်းထူလျှင် သက်သေထွက်ချက် ပို၍ပင် ခိုင်ခဲ့သွားတတ်သေးသည်။ ထို့ကြောင့်ပြန်လှန်မေးခွန်းသည် အမေးခံရသူကို ထိသလို မေးသူကိုလည်း ထိတတ်သော နှစ်ဖက်သွား ဓားနှင့်တူသည်ဟု ဆိုကြသည်။[၂]

(၁၆) ပြောဆိုခွင့်ကြုံသောအခါ မဆိုကောင်းသောစကား၊ မမေးကောင်းသောမေးခွန်းဟူ၍ မရှိပေ။

(၁၇) သက်သေသည် မေးမြန်းသူ၏ လက်ကျင့်အတိုင်းဖြစ်သည်။ မေးမြန်းသူအရည်အချင်းအလိုက် ပုံစံပြောင်းလဲတတ်သည်။

---

၁။ ၁၉၆၇၊ မတစ၊ ၁၇၉

၂။ ဒေါက်တာမောင်မောင်၊ နိုင်ငံတော်လုပ်ကြံမှု စာအုပ်မှကောက်နုတ်ချက်

မြန်မာ စာအုပ်များ



(၁၈) ပြန်လှန်စစ်မေးသည့်အခါတွင် ဖြည်းဖြည်းသက်သာဖြေသူကို ဖြည်းဖြည်းသက်သာမေးပါ။ ကောက်ကျစ်ညာဏ်များသူများကို ထက်ထက်မြက်မြက် မေးပါ။ ရိုးသားသူကိုစိတ်အေးအေး ထား၍မေးပါ။ ငယ်ရွယ်သူများကို ကြင်ကြင်နာနာဖြင့်မေးပါ။ အညာလွယ်သူ၊ ကြောက်ရွံ့သူ၊ ကြမ်းတမ်းသူကို ကြမ်းကြမ်း တမ်းတမ်းမေးပါ။ လိမ်လည်သူကို မိုးကြိုးပစ်သည့်နှယ်မေးပါ။

(၁၉) ပြန်လှန်စစ်မေးရာတွင် လူ့စိတ်လူ့သဘာဝသိရုံနှင့် မလုံ လောက်ပါ။ စွမ်းရည်ရှိရန်လည်း လိုအပ်ပါသည်။ စွမ်းရည်ရှိ ရန် စာဖတ်ပါ။ ပြန်လည်စဉ်းစားပါ။ စူးစမ်းလေ့လာပါ။ လူအမျိုးမျိုးနှင့် ဆက်ဆံကြည့်မှ လူအကြောင်းသိမည်၊ လူအ ကြောင်း ဗဟုသုတရှိခြင်းသည် တန်ဖိုးအရှိဆုံးဖြစ်သည်။

(၂၀) ပြန်လှန်စစ်မေးဖြင်းဖြင့် လိုသည့်အရာကို တွေ့အောင်ရှာပါ။

(၂၁) မိမိအမှုသည် အကျိုးရှိဖို့အတွက် သက်သေကို အသုံးချပါ။

(၂၂) မည်သည့် အချိန်အခါတွင် မည်သို့မေးရမည်ကို သိသောသူ သည်မည်သည့်အချိန်တွင် မည်မျှ တိတ်ဆိတ်နေရမည်ကို လည်းသိသည်။

(၂၃) အမှုသည်များအတွက် မျှော်လင့်ချက်ဟူသော'ဆေး'သည်လို အပ်၏။ ပြန်လှန်စစ်မေးခြင်းသည် အဆိုပါဆေးအတွက် ဖော် နည်းကားပေ့တည်း။

၂။ ပြန်လှန်စစ်မေးရာတွင် ရှောင်ကြဉ်ရမည့် အချက်များ

(၁) ပြန်လှန်စစ်မေးခြင်းကို မလိုအပ်ဘဲမပြုလုပ်သင့်။

(၂) အပြစ်ရှာလွန်းခံရသောသူသည် သင့်အားနောက်ဆုံးပြန်၍ တော်လှန်မည်ကို အမြဲသတိပြုပါ။

မြန်မာ စာအုပ်များ



(၃) မဖက်လောက်ဟု အောက်မေ့သော ရန်သူတစ်ဦးသည် ကြောက်မက်ဖွယ်ကောင်းသော သက်သေတစ်ဦးဖြစ်လာနိုင်၏။ ဤကိစ္စသည် ခဏခဏဖြစ်ခဲ့ဖူးပါပြီ။

(၄) ၎က်ဖြစ်သော စာကလေးကိုသော်လည်းကောင်း၊ ကြွက်ကိုသော်လည်းကောင်း ခုတ်ဖမ်းနိုင်စွမ်းသော်လည်း ကြွက်တစ်ပိုင်း ၎က်တစ်ပိုင်းဖြစ်သော လင်းနို့ကိုမူကား မိအောင် ခုတ်ဖမ်းနိုင်စွမ်း မရှိကြောင်း ကြောင်စွမ်းကောင်း ရှေ့နေများ သတိထားသင့်သည်။

(၅) မေးခွန်း၏ရလဒ်သည် ၁၀ ကျပ်တန်မျှ ဖြစ်ပါလျှင် ၁၀၀ ကျပ်ဖိုးလောက်တန်သည့် အချိန်ကို ဖြုန်းကာမေးမြန်းမနေသင့်ပေ။

(၆) ပြန်လှန်စစ်မေးခြင်းကို အလွဲသုံးစား မပြုသင့်။

(၇) ထိုမေးခွန်းကို အဘယ်ကြောင့် မေးရကြောင်း ကောင်းသော အကြောင်းပြချက်မရှိလျှင် ထိုမေးခွန်းကိုမမေးခြင်းကကောင်း၏။

(၈) သက်သေက မမှန်မကန် ထွက်ဆိုနေသည်ဟု မပြောနိုင်သေးလျှင် မည်သည့်အခါမှ ပြန်လှန်စစ်မေးခြင်းမပြုပါနှင့်။ မိမိက ဆန့်ကျင်ဘက်ဖြစ်ကြောင်းမပြုနိုင်သဖြင့် သက်သေ၏ ထွက်ဆိုချက်သည် ပိုမိုခိုင်လုံသွားပြီဟု ရုံးကမှတ်ယူသွားတတ်သည်။

(၉) အရေးကြီးသောအဖြေ ရလိုပါက ကန့်ကွက်နိုင်စရာဖြစ်သော မေးခွန်းပုံစံကို ရှောင်ပါ။

(၁၀) အဖြစ်အပျက်ကို သက်သေအား သူ့သဘောအလျောက်ပြောစေမည်ဆိုလျှင် မိမိအတွက်အန္တရာယ်ဖြစ်လိမ့်မည်။ သူ့သဘောအလျောက် ပြောဆိုစေမှုကို အခွင့်အရေး မပေးသင့်။

မြန်မာ စာအုပ်များ



(၁၁) မိမိအတွက် အကျိုးရှိသော အဖြေကောင်းတစ်ခုရရှိပြီးသည့် အခါ ထိုအချက်အလက်များကို ဆက်မေးရန်မသင့်။

(၁၂) ဘာကြောင့် ပြောတာလဲ၊ ဘာဖြစ်လို့ပြောနိုင်တာလဲ ဆိုသည့် မေးခွန်းမျိုးလုံးဝမမေးရ။ ထိုကဲ့သို့ မေးခြင်းသည် မြွေတွင်း ထဲလက်နှိုက်သည်နှင့်တူ၏။

(၁၃) ယုတ္တိမတန်သည့် အဖြေအတွက် နိမိတ်ပြ မေးခွန်းမမေးသင့်။

(၁၄) အချိန်ဖြုန်းသည့်မေးခွန်း၊ အကျိုးမရှိသည့်မေးခွန်း၊ ရည်ရွယ် ချက်မဲ့မေးခွန်းများ မမေးသင့်။

(၁၅) မေးခွန်းများများမေးခြင်းထက် နည်းနည်းမေးခြင်းက ကောင်း ၏။

(၁၆) သက်သေ၏ ယုံကြည်ထိုက်မှု အတိုင်းအတာကိုဖျက်ဆီးရယူ ပြီးနောက် ရရှိသည့်မလိုအပ်သော သက်သေခံချက်များကို မေးမြန်းခြင်းသည် အမှားကို ပြုလုပ်ခြင်းသာဖြစ်၏။

(၁၇) မေးခွန်းတစ်ခုကို မေးထိုက်၊ မမေးထိုက် သံသယဖြစ်နေလျှင် ထိုမေးခွန်းကို မမေးသင့်။

(၁၈) သက်သေ၏ဖြေဆိုချက်နှင့် မိမိမေးခွန်းများအကြားဆက်သွယ် နေမှုကို သက်သေမသိစေသင့်။

(၁၉) လုပ်ငန်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ အမှုဖြစ်လျှင် ပြန် လှန်မေးခွန်း များများမထုတ်သင့်။

(၂၀) လျှော့လျှော့ပေါ့ပေါ့ ထွက်ဆိုနေသော သက်သေအား ပြန်လှန် စစ်မေးခြင်းကို များများစားစားမမေးသင့်။

(၂၁) မိမိအတွက် ထိခိုက်မည့် မေးခွန်းမျိုး မမေးမိအောင်အထူး ရှောင်ပါ။

မြန်မာ စာအုပ်များ



(၂၂) မိမိလိုချင်သောအဖြေမျိုး ရလိုရငြားဟူသော မျှော်လင့်ချက်ဖြင့် မေးခွန်းကို အရမ်းမဲ့မေးလျှင် မိမိမလိုချင်သော အဖြေမျိုးသာ ရတတ်သည်။

(၂၃) ဘယ်တော့မှ လိုအပ်သည်ထက်ပိုပြီး ပြန်လှန်မမေးနှင့် ဆိုသည်မှာ စိတ်အချရဆုံး ဆောင်ပုဒ်ဖြစ်သည်။

(၂၄) 'စာခြောက်ကျီးခြောက်' ရုံသက်သက် သဘောမျှဖြင့်မေးမြန်းခြင်းကို ရှောင်ပါ။

(၂၅) ထင်ရှားကြောင်း မပေါ်ပေါက်သေးသည့် အရာကို မထင်ရှားကြောင်း ပေါ်လွင်အောင် မကြိုးစားရ။

## ၃။ ပြန်ရှင်းမေးခွန်းမေးခွင့် မပေါ်အောင်မေးခြင်း(သို့မဟုတ်) အစသတ်မေးခြင်း။

ပြန်လှန်မေးခွန်းမေးရာတွင် ပြန်ရှင်းမေးခွန်း မေးခွင့်မပေါ်အောင် မေးနိုင်ခြင်းမှာ အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။

သက်သေခံဥပဒေပုဒ်မ ၁၃၈ တွင် ပြန်ရှင်းမေးခွင့် ပေးထားသည်ကိုရှေ့နေတိုင်း သိကြသည်ပင်ဖြစ်သည်။ သို့သော် ရှေ့နေအတော်များများသည် ပြန်လှန်စစ်မေးခြင်းကို နှုတ်ခမ်းမသိမ်းဘဲ ထားရစ်သည်ကများလေသည်။

ပြန်လှန်စစ်မေးရာတွင် အဓိပ္ပာယ်မရှင်းမရှင်းဖြစ်သော အချက်နှင့်စပ်လျဉ်း၍ ပြန်ရှင်းခွင့်ရထားသည်ဖြစ်ရာ မိမိမေးမြန်းခဲ့မှုကြောင့် ဆန့်ကျင်ဘက်အချက်အလက်များပေါ်ပေါက်ခြင်း၊ နှစ်မျိုးယူဆစရာအချက်အလက်များပေါ်ပေါက်ခြင်း၊ အဓိပ္ပာယ်မရှင်းစရာများ ပေါ်ပေါက်ခြင်းမရှိအောင် ပြန်လှန်စစ်မေးခြင်းကို အနားသတ်မေးမြန်းထားခဲ့ဖို့လိုသည်။ သို့မှသာ ပြန်ရှင်းစစ်မေးခွင့် အခွင့်မပေါ်ဘဲရှိမည်ဖြစ်သည်။ ရှေ့နေလိုက်

သက်ရလာသည်နှင့်အမျှ ရင့်ကျက်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးခြင်း ဆိုင်ရာ အနုပညာသိမ်းအတတ်ကို နှလုံးသွင်းတတ်ရန် ကြိုးစားသင့်သည်။

## ၄။ အသံတိတ် ပြန်လှန်စစ်မေးနည်း

မည်သည့်မေးခွန်းမှ မမေးဘဲနေခြင်းက မေးသည်ထက်သာလွန်ကောင်း မွန်သည်များလည်းရှိသည်။

အဘယ်ကြောင့်ဆိုသော် တရားခံသည် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန် ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုအပေါ်၌ အစဉ်တစိုက် တည်ရှိ နေပြီး၊ တရားလိုက သက်သေမထူနိုင်သမျှ ပြန်လှန်မေးခွန်းများ မေးမြန်း မှုမပြုဘဲနေခြင်းသည် မေးသည်ထက်သာလွန်၍ ကောင်းမွန်တတ်သည်။

ရာဇဝတ်မှုများတွင် တရားလိုဘက်မှ တရားခံသည် ထိုပြစ်မှုထင်ရှား ကျူးလွန်ခဲ့ကြောင်း သက်သေထူရန် တာဝန်ရှိသည်။ ယခုလက်ရှိတရားစီ ရင်ရေးစနစ်တွင် ထိုမူကို လက်ခံကျင့်သုံးလျက်ရှိသည်။[၁]

တရားခံသည် အပြစ်ရှိကြောင်း တရားလိုဘက်မှ သက်သေပြရန် တာဝန်ရှိသည်။ တရားခံဘက်မှပြသည့် သက်သေခံချက်၏ အားနည်းမှုကို အသုံးပြုပြီးတရားလိုဘက်မှ သက်သပြရန်ကျန်နေသည့် ဟာကွက်ဟော့ကွက် ကို ဖြည့်စွက်၍မရပေ။[၂]

သာမန်အားဖြင့် တရားလိုဘက်မှ သက်သေထူရမည့်အချက်များ

အကြောင်းခြင်းရာ (Issue of Fact)နှင့်

ဥပဒေအခြင်းရာ(Issue of Law)တို့ဖြစ်သည်။

ကတ္တား၊ ကံ၊ ဝါစက သုံးခုစလုံး အကျုံးဝင်မှ ပြစ်မှုမြောက်မည့်အမှု များတွင် စွပ်စွဲသူဘက်ကပြသူ၊ ပြုခြင်းခံရသူနှင့် ပြုခြင်းကိစ္စရပ်သုံးခုစလုံး ကို ပေါ်လွင်အောင် သက်သေထူရန် လိုပေသည်။

၁။ ၁၉၄၆၊ ရုံးချုပ်၊ ၈၇၆ ၂။ ၁၉၆၄၊ ရုံးချုပ်၊ ၃၉၆

မြန်မာ စာအုပ်များ



လူသတ်မှုတစ်ခုတွင် သတ်သူ၊ သေသူနှင့် သတ်ခြင်းကိစ္စ သုံးခုပါဝင်မှ လူသတ်မှုမြောက်နိုင်သည်။

အကယ်၍ တရားလိုဘက်က ယင်း ကဏ္ဍား၊ ကံ၊ ဝါစက တစ်ခုခုကို ပေါ်လွင်အောင် သက်သေမထူနိုင်ဘဲ ရှိနေမည်ဆိုက အသံတိတ် ပြန်လှန်စစ်မေးခြင်းကို ကျင့်သုံးသင့်သည်။

တရားခံသည် တစ်ဦးထက်ပိုသော် တရားလိုဘက်မှ စစ်ဆေးသောအခါ ပြုသူ၊ အပြုခံရသူနှင့် ပြုခြင်းကိစ္စတို့ကို ထွက်ဆိုသွားသော်လည်းပြုသူနေရာတွင် မိမိတရားခံ၏အမည်ကို ထုတ်ဖော်သွားခြင်းမရှိပါက ယင်းတရားခံအတွက် အသံတိတ် ပြန်လှန်စစ်မေးခြင်းကို ကျင့်သုံးသင့်သည်။

တဖန်ပြုသူ၊ အပြုခံရသူနှင့် ပြုခြင်းကိစ္စတို့ကို ထွက်ဆိုသွားသည်ဖြစ်သော်လည်းပြုခြင်းကိစ္စကဏ္ဍနှင့် သက်ဆိုင်သောဥပဒေပုဒ်မ၏ အင်္ဂါရပ်များနှင့် အငြိအစွန်းမရှိပါက အသံတိတ် ပြန်လှန်စစ်ဆေးခြင်းကို ကျင့်သုံးသင့်သည်။

တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန် တာဝန်သည် တရားလိုဘက်တွင် တည်ရှိသည်ဖြစ်ရာ တရားလိုဘက်မှ သက်သေမထူနိုင်သမျှ မြင်းကမလှုပ် ခုံကလှုပ်ပြရန်မလိုဟု ဆိုရပေမည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ် ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှတင်ပြသောသက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ် မတွေ့ရသည့်အခါတွင် တရားရုံးက စွဲချက်မတင်ဘဲ လွှတ်နိုင်သည်။[၁]

(၁) ဥပဒေအခြင်းအရာနှင့် စပ်လျဉ်း၍ ပြစ်မှုမြောက်သည့်ထွက်ချက်မျိုးမပေါ်ပေါက်သမျှ အသံတိတ် ပြန်လှန်စစ်မေးနည်းကိုသုံးသင့်သည်။

၁။ ၁၉၈၂ ဗဟိုတရားရုံး၊ ၃၁

မြန်မာ စာအုပ်များ



(၂) အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ကတ္တား၊ ကံ၊ ဝါစကသုံးပိုင်း စလုံး အကျုံးဝင်ရမည့်ပြစ်မှုမျိုးတွင် ယင်းအပိုင်းများပေါ်လွင်အောင် ထွက်ဆိုနိုင်သည့် ထွက်ချက်မျိုးပေါ်ပေါက်မှုမရှိလျှင် အသံတိတ် ပြန်လှန်စစ်မေးနည်းကို ကျင့်သုံးသင့်သည်။

(၃) ထို့အပြင် အခြား အသံတိတ် ပြန်လှန်စစ်မေးခြင်း ပြုရမည့် အချက်တစ်ရပ်လည်းရှိသည်။ ယင်းမှာ ကတ္တား၊ ကံ၊ ဝါစက အပိုင်းသုံးပိုင်းအနက် အငြင်းမပွားသောအပိုင်းနှင့်စပ်လျဉ်း၍ အသံတိတ်ထားရမည့်သဘော ဖြစ်သည်။

ဥပမာ တင်ပြရသော် ဘုရင်နှင့်ဦးစောပါ ၉ ဦး အမှုတွင် ထိုစဉ်က မှုခင်းဆရာဝန် ဒေါက်တာ ဘသန်းအား စစ်ဆေးရာ ဇူလိုင် ၁၉ ရက်နေ့မှာ ကျွန်တော် ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေပါတယ်၊ စနေနေ့ဖြစ်လို့ ခွဲစိတ်ကုသခန်းမှာ အလုပ်များနေခဲ့ပါတယ်၊ ဒေါက်တာ ဒတ်တားလာပြီး ဆေးရုံအုပ်မေဂျာမင်းစိန်က အပြင်လူနာဌာနမှာ ဗိုလ်ချုပ်အောင်ဆန်းကို လာကြည့်ဖို့ မှာကြားကြောင်းပြောတာနဲ့ လိုက်သွားပါတယ်၊ မေဂျာမင်းစိန်နဲ့ ဒေါက်တာလှရွှေတို့ကို အပြင်လူနာဌာနမှာ တွေ့ရပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မစ္စတာ ရာဇာတ်နဲ့ ဦးအုံးမောင်တို့ရဲ့ အလောင်းများကိုလဲ တွေ့ရပါတယ်၊ သေဆုံးသူများအတွက် ဘာမျှ မကူညီနိုင်တော့လို့ ဆေးရုံကြီးထဲမှာ ဒဏ်ရာများနဲ့ အသက်မပျောက်ကြသေးတဲ့ ဒီးဒုတ်ဦးဘချိုတို့ကို သွားကြည့်ရှု စောင့်ရှောက်ပါတယ်၊ ဦးဘချိုကသတိမရပါ၊ စောဘွားကြီးစပ်စံထွန်းနဲ့ မှောင်ထွေးတို့က သတိရကြပါတယ်။ စကားမပြောနိုင်ကြပါ။ စစ်ချက်မပေးနိုင်ကြပါ။ ဦးဘချိုက မွန်းလွဲ ၁ နာရီ မိနစ် ၄၀ မှာ၊ မောင်ထွေးက ၂ နာရီ ၁၅ မိနစ်မှာသေဆုံးကြပါတယ်။ စော်ဘွားကြီးကတော့ နောက်တစ်နေ့ ၁၂ နာရီမှာသေဆုံးပါတယ်။

အပြင်လူနာဌာနကိုပြန်သွားပြီး သေဆုံးသူများရဲ့ ဒဏ်ရာဒဏ်ချက်များကိုခွဲစိတ်စစ်ဆေးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်မှာ ဒဏ်ရာ ၁၃ ချက်

မြန်မာ စာအုပ်များ



တွေ့ရပါတယ်' စသည်ဖြင့် ဒေါက်တာဘသန်းက သူ့မှတ်တမ်းများမှ စစ်တမ်းများကို ဖတ်ကြားထွက်ဆိုလေသည်။ ဦးနှောက်တွင် ဒဏ်ရာ၊ အသည်းတွင်ဒဏ်ရာ၊ လက်မောင်းတွင်ဒဏ်ရာ၊ ကျောတွင်ဒဏ်ရာ၊ ခါးအထက်ပိုင်းနေရာအနှံ့အစပ်ပစ်ခတ်ထားကြပုံများ၊ သခင်မြတွင်ကား ဒဏ်ရာ ၂ ချက်၊ အဆုတ်နှစ်ဘက်လုံး ကြေမွလျက်ရှိသည်။ ဦးဘဝင်းတွက် ဒဏ်ရာ ၈ ချက်၊ မန်းဘခိုင်တွင် ၁၅ ချက်၊ မစ္စတာရာဇတ်တွင် ၆ ချက်၊ ဦးအုံးမောင်တွင် ၅ချက်၊ တစ်နေတည်းတွင်ပင် ဆက်၍ နောက်ရောက်လာသော ဦးဘချိုနှင့် မောင်ထွေးတို့၏ အလောင်းများကို စစ်ဆေးရသည်။ ဦးဘချိုတွင် ဒဏ်ရာ ၅ ချက်၊ မောင်ထွေးတွင် ၄ ချက်တွေ့ရသည်။ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁နာရီ စော်ဘွားကြီး စပ်စံထွန်း အလောင်းကို စစ်ဆေးရသည်။ ညာဘက်မေးရိုးတွင် ဒဏ်ရာတစ်ချက်နှင့် ဘယ်ဘက်လည်ပင်း အထက်ပိုင်းတွင် ဒဏ်ရာ ၁ ချက် တွေ့ရပါသည်။

ဒေါက်တာဘသန်းကို တရားခံဘက် ရှေ့နေများက ပြန်လှန်မေးမြန်းခြင်း မပြုကြပေ။ မေးစရာလည်းမရှိ၊ ကျားကိုက်ပါသည်ဆိုခါမှ နာတာရှည်နှင့်သေဆုံးရသလားဟု မေးနေ၍ မထူး။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားပုဂ္ဂိုလ်တို့သည် လူသတ်သမားများ၏ လက်ချက်ဖြင့် သေဆုံးကြရသည်ကို အငြင်းမပွားနိုင်ကြပေ။ တရားခံများသည် ထိုလူသတ်သမားများမဟုတ်ကြပါ။လူသတ်သမားများနှင့်မသတ်ဆိုင်ပါဟူ၍သာငြင်းဆန်ရန်ရှိပေသည်။[၁]

### ၅။ တရားလိုအား ပြန်လှန်စစ်မေးခြင်း။

(၁) တရားလိုအားစစ်ဆေးလျှင်တိုင်ချက်ကိုပြန်ပြန်ကြည့်ပါ။

(၂) ၄င်း၏ရုံးရှေ့ အဓိကထွက်ဆိုချက်ကို ၄င်း၏ ပထမသ[illegible]ပေးတိုင်တန်းချက်က အထောက်အကူ မဖြစ်ကြောင်းပေါ်လွင်အောင် မေးပါ။ တိုင်ချက်နှင့် ရုံးရှေ့ရှိသက်သေခံချက် သိသိသာသာ

၁။ ဒေါက်တာမောင်မောင်၊နိုင်ငံတော်လုပ်ကြံမှုစာအုပ်ပါ ကောက်နုတ်ချက်၊

မြန်မာ စာအုပ်များ



ကွဲလွဲလျှင် ပြစ်မှုထင်ရှား မစီရင်နိုင်[၁] ဟူသော အချက်ကိုသိထားပါ။

(၃) ပထမ သတင်းပေးချက်သည် သတင်းပေးသူ၏ ထွက်ချက်ကိုသာ ထောက်ခံသည့်အနေဖြင့် အသုံးပြုနိုင်သည်။ အခြားသက်သေတို့၏ ထွက်ချက်များကို ထောက်ခံသည့် သက်သေအထောက်အထားအဖြစ် အသုံးမပြုနိုင်[၂]ဆိုသည်ကို သတိပြုပါ။

(၄) တရားလိုနှင့် သက်ဆိုင်သော ပြန်လှန်စစ်မေးစရာ ရှိသည်များကိုမေး၍ သက်သေခံအဖြစ် တင်ပြရန်ရှိသည်များကိုတင်ပါ။

## ၆။ ရှာဖွေသက်သေအား ပြန်လှန်စစ်မေးခြင်း။

(၁) ရှာဖွေသက်သေအား စစ်မေးလိုလျှင် ရှာဖွေပုံစံအားကြည့်ရှုလေ့လာပါ။

(၂) ရှာဖွေပုံစံတွင် သိမ်းဆည်းသော ပစ္စည်းကို ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုပါသည်ဟု တရားခံကထုတ်ဖော်ပြောကြောင်း ရေးမှတ်ချက်သည် သက်သေခံမဝင်[၃]ဆိုသည်ကို သတိပြုပါ။

(၃) ရှာဖွေသက်သေသည် ရဲက ရှာဖွေမှုပြုတိုင်း ပါနေကျသက်သေ ဟုတ်မဟုတ် ဖော်ထုတ်မေးမြန်းပါ။ ရှာဖွေရာတွင် သက်သေတစ်ယောက်တည်းကို ထပ်တလဲလဲမခေါ်သင့်[၄]ဆိုသည့်အချက်ကို သတိထားပါ။

---

၁။ ၁၉၅၃၊ မတစ(လွှတ်တော်)၂၀၂

၂။ ၁၉၆၆၊ မတစ၊ ၆၅၄

၃။ ၁၉၆၅၊ ရာဇဝတ် အထူးအယူခံမှုအမှတ် ၁၅၃(မန္တလေး)

၄။ ၁၉၄၁၊ ရန်ကုန်၊ ၅၅၂

မြန်မာ စာအုပ်များ



(၄) ရှာဖွေပုံစံသက်သက်သည် သက်သေခံ အထောက်အထားမဟုတ်၊ ပြန်လည်မှတ်မိစေရန် ရေးမှတ်ချက်ဖြစ်သည်။[၁] ရှာဖွေရာတွင် ရှာဖွေသက်သေရှိရန် အမြဲလိုသည်။ မရှိလျှင်ပစ္စည်းတွေ့ရသည် ဆိုသော အထောက်အထားကိုပေါ့စေသည်။တစ်ခါတစ်ရံ ယင်းအထောက်အထားကို လက်မခံနိုင်သော အခြေ ရောက်စေ သည်[၂] ဆိုသည့်အချက်များကို သိထားပါ။

(၅) ရှာဖွေတွေ့ရှိသော နေရာတွင် ရှာဖွေပုံစံ ပြုလုပ်ခြင်းဟုတ်မဟုတ်၊ ပစ္စည်းပေးအပ်သူ ရှာဖွေပုံစံ၌ လက်မှတ်ရေးထိုးစဉ်က သက်သေ များရှေ့မှောက် ရေးထိုးခြင်းဟုတ်မဟုတ်၊ ပစ္စည်းပေးအပ်သူ ထိုစဉ်က ပြောကြားသော စကား၊ သိမ်းဆည်းသောပစ္စည်းနှင့် ရှာဖွေပုံစံတွင် ဖော်ပြသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ တွေ့ရှိသည့်နေရာ၊ အကြောင်းမျိုးစုံ ကိုက်ညီမှုရှိမရှိ၊ ရှာဖွေစဉ် က ကိုယ်တိုင်မြင်တွေ့ခြင်းဟုတ်မဟုတ် စသည်တို့ကို ဖော်ထုတ် မေးမြန်းနိုင်သည်။

## ၇။ တန်းစီဆွဲပြသော သက်သေအား ပြန်လှန်စစ်မေးခြင်း။

(၁) တန်းစီဆွဲပြခြင်းမပြုမီ ရဲက ကြိုတင်ပြသထားမှု ရှိမရှိ၊ တန်းစီ ဆွဲပြစဉ် ရဲများအနီးအနားတွင် ရှိမရှိ၊ ပစ္စည်းဆွဲပြခြင်းဖြစ်က အလားတူ ပစ္စည်းများနှင့် ရောနှောဆွဲပြခြင်း ရှိမရှိ၊ လူဖြစ်က အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည် တူသူများနှင့် ရောနှော ဆွဲပြခြင်း ရှိမရှိ၊ သုံးကြိမ်တိုင်တိုင် အနေအထားပြောင်းရွှေ့ပြီး ဆွဲပြခြင်းဟုတ်မဟုတ်၊ မည်သည့်အတွက်ကြောင့် မှတ်မိရကြောင်း အချက် စသည်တို့ကို မေးမြန်းနိုင်သည်။

---

၁။ အေအိုင်အာရ် ၁၉၅၉၊ အမ်ပီ-၁၇

၂။ အေအိုင်အာရ် ၁၉၄၆၊ ပီစီ-၁၆

မြန်မာ စာအုပ်များ



(၂) လူတန်းစီပြသခြင်းနှင့် ပစ္စည်းပြသခြင်းတို့၏ ရည်ရွယ်ချက်မှာ ဆိုင်ရာသက်သေက ရုံးသို့လာရောက် သက်သေခံသော အခါတွင် ၄င်းအား ထောက်ခံသည့် အထောက်အထားရရန် ဖြစ်ပါသည်။ ယင်းသို့ပြသခြင်းကို မည်သူမဆို ကြီးကြပ်နိုင်ပါသည်။ သို့သော် ရာဇဝတ် တရားသူကြီးက ကြီးကြပ်လျှင် ပိုကောင်းသည်။[၁] မသင်္ကာသူတရားခံတစ်ဦးအား အခြားသူ ၉ ဦး ၁၀ဦးနှင့်အတူရောနှော ပြုလုပ်ရပါသည်။ ရောနှောပြသသူများသည် မများလွန်းသင့်၊ တစ်ချိန်တည်းတွင် တရားခံနှစ်ဦးနှင့် ပိုမိုပြသရန်ရှိသော်လည်း တစ်ကြိမ်လျှင် တစ်ဦးသာ အခြားသူများ (မသင်္ကာသူမဟုတ်) နှင့် ရောနှောပြသရပါမည်။ မသင်္ကာသူတရားခံအားလုံးကို အခြားသူများနှင့် ရောနှောပြသခြင်းသည် မှားယွင်းသည်။[၂]

လူတန်းစီပြသရာတွင် ခွပ်စွဲသည့် ပြောဆိုချက်ကို တရားခံ တစ်ဦးအား စွဲဆိုသည့်အမှုတွင်အခြေခံသက်သေခံချက်အဖြစ် အသုံးမပြုနိုင်ပေ။ လူတန်းစီပြသစဉ်က ခွပ်စွဲပြသခဲ့သည့် သက်သေအားလုံး စစ်ဆေးသောအခါ၌ ထိုအမှု၏ထွက်ဆိုချက်ကို တန်ရာတန်ဖိုး ယုတ်လျော့စေရန် သော်လည်းကောင်း၊ ထောက်ခံစေရန်လည်းကောင်း၊ သက်သေခံဥပဒေ ၁၅၅ နှင့် ၁၅၇ အရသာ အသုံးပြုရမည်ဖြစ်သည်။[၄] ဟုတ်မှန်ကြောင်းဆွဲပြသည့် သက်သေခံချက်ကို သေချာစွာ စိစစ်ရန်လိုအပ်သည်။ သက်သေတစ်ဦးသည် ရိုးသားကောင်း ရိုးသားမည် ဖြစ်သော်လည်း ၄င်း၏မှတ်ဉာဏ်ကို စိတ်ချလက်ချ လက်ခံရန် မဖြစ်နိုင်ပါ။[၄] အထိတ်အလန့် ဖြစ်ရချိန်တွင် တစ်ဦးတစ်ယောက်သောသူ၏ မှတ်မိချက်အရ ခွပ်စွဲပြသသည့် အထောက်အထားအပေါ် မှီငြမ်းပြု၍ တရားခံအား အပြစ်မပေးသင့်။[၅] အသံကို မှတ်မိ

၁။ အေအိုင်အာရ် ၁၉၆၁၊ အလာဟာဘတ်-၁၅၃

၂။ အေအိုင်အာရ် ၀၉၅၃၊ အလာဟာဘတ်-၃၈၅

၃။ ၁၉၆၈၊ မတစ၊ ၁၆၃

၄။ ၁၉၆၇၊ မတစ၊ ၁၇၉

၅။ ၁၉၆၆၊ မတစ၊ ၁၃၇

မြန်မာ စာအုပ်များ



သည်ဆိုခြင်းမှာ မခိုင်လုံ။[၁]

သက်သေက တရားခံအား ရုံးရှေ့တွင် စွပ်စွဲပြသနိုင်ခြင်းမရှိပါမူ ယခင်က စွပ်စွဲပြသခဲ့ခြင်းကို လက်ခံရန် အကြောင်းမရှိ။[၂] သက်သေသည် ရုံးရှေ့တွင်သက်သေမခံမီ ကွယ်လွန်သွားပါက လူတန်းစီပြသစဉ် စွပ်စွဲသည့်ပြောဆိုချက်မှာ အခြေခံသက်သေအထောက်အထားအဖြစ် အသုံးမပြုနိုင်သည့်အပြင် လူစီတန်းပြသစဉ်က ကြီးကြပ်အုပ်ချုပ်သူ၏ ထွက်ချက်မှာလည်း တစ်ဆင့်ကြားစကား မျှသာဖြစ်၍ တရားခံအပေါ် အမှုနှင့် ပတ်သက်၍ အသုံးချခြင်းမပြုနိုင်ပေ။[၃]

လူစီတန်းပြသရာ၌ စွပ်စွဲပြသချက်ကို စိစစ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းသုံးသပ်ရန်လိုသည်။

(၁) စွပ်စွဲပြသသူ သက်သေကတရားခံကို ယခင်က သိမသိ၊

(၂) ဖြစ်မှုကျူးလွန်သည့် အချိန်နှင့် တန်းစီပြီးသည့် အချိန်ကြားတွင် သက်သေက တရားခံကို မြင်မမြင်၊

(၃) လူတန်းစီပြသရာတွင် မကြန့်ကြာသင့်ဘဲ ကြန့်ကြာမှုရှိခဲ့ မရှိခဲ့၊

(၄) တန်းစီပြသမှုကို တရားသဖြင့် ဖြစ်အောင် ကြီးကြပ်သူက ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခဲ့ခြင်း ရှိမရှိ၊

(၅) တရားခံကို မြင်ရသည်ဟုဆိုသော အခါက အလင်းရောင်၏အခြေအနေ၊

(၆) သက်သေသည် စက္ခုအလင်း ကောင်းမကောင်း၊

(၇) အခင်းဖြစ်ပွားစဉ်က သက်သေ၏ စိတ်အခြေအနေ၊

(၈) တရားခံကို မြင်လောက်အောင် အခွင့်အရေး ရမရ၊

---

၁။ ၁၉၆၆၊ မတစ၊ ၁၂၄
၂။ အေဘိုင်အာရ် ၁၉၂၅၊ လာဟိုး-၁၃၇
၃။ ၁၉၆၈၊ မတစ၊ ၁၆၃

မြန်မာ စာအုပ်များ



(၉) အခြား တန်းစီပြသမှုများတွင် သက်သေက မည်မျှ မှန်မှန်ကန်ကန်စွပ်စွဲပြနိုင် မပြနိုင်၊

(၁၀) တရားခံကို မှတ်မိလောက်အောင် ၎င်းတွင်မည်သို့သော ထူးခြားချက်ရှိမရှိ (သို့မဟုတ်) မည်သို့ ထူးခြားစွာပြုမူခဲ့ မပြုမူခဲ့၊

(၁၁) သက်သေသည် မည်သည့် အမှားများ ပြုလုပ်မိခဲ့သည်၊

(၁၂) တန်းစီပြသစဉ် စွပ်စွဲပြသချက်သည် နိုင်လုံမှုရှိမရှိ၊

**ဘုရင်နှင့် ဦးစောပါ ကိုးဦး အမှုမှ လူတန်းစီဆွဲပြသော**

**မောင်သောင်းစိန်အား ပြန်လှန်စစ်ဆေးချက်။**

**[ဒေါက်တာမောင်မောင်၏ နိုင်ငံတော်လုပ်ကြံမှုစာအုပ်ပါကောက်နုတ်ချက်။]**

မောင်သောင်းစိန် မှတ်မိသောသူမှာ သက်နှင်းဖြစ်လေသည်။ သက်သေခံသောနေ့က သက်နှင်းရုံးသို့ မထွက်။ နေမကောင်း၍ ခွင့်ပန်ထားလေသည်။ ရုံးက သက်နှင်းကိုခေါ်စေ၍ လာရောက်သောအခါ မောင်သောင်းစိန်က 'ကျွန်တော်ကို သေနတ်နဲ့ချိန်တဲ့သူဟာ သူပါပဲ၊ အခင်းဖြစ်ပြီးနောက် ဆယ်ရက်လောက်မှာ ကျွန်တော်မြို့ထဲက အချုပ်စခန်းမှာ လူစီတန်းပြတဲ့အထဲက သူ့ကိုပဲ ရွေးထုတ်ပြီး ပြသခဲ့ပါသေးတယ်'ဟုဆို၏။

တရားခံသက်နှင်း၏ ရှေ့နေ ဦးစံဝင်းက ပြန်လှန်မေးသောအခါ မောင်သောင်းစိန်က 'လူစီတန်းပြတုန်းက သက်နှင်းရဲ့ခေါင်းမှာ ပတ်တီးစည်းထားပါတယ်' ဟုဖြေကြား၏။ 'ပတ်တီး စည်းထားလို့သူ့ကို ဆွဲပြလိုက်တာလား'ဟု ခုံရုံးက မေးရာ'မဟုတ်ပါ၊ အသေအချာ မှတ်မိလို့ ဆွဲပြတာပါ' ဟုဖြေကြား၏။

တရားခံကိုမြင်လျှင် မှတ်မိပါသည်ဆိုသော သက်သေတစ်ဦးအား လူအများစီတန်းပြသရာ၌ အရပ်အမောင်း၊ ပုံပန်းသဏ္ဍာန်ခပ်ဆင်ဆင်

မြန်မာ စာအုပ်များ



များကိုရောနှော၍ပြသရသည်။ သို့မဟုတ်ပါက လူအများထဲတွင် ထူးခြားသောသူ၊ ဥပမာ အရပ်အရှည်ဆုံး၊ အပုဆုံး၊ အသားအမည်းဆုံး၊ အဖြူဆုံးစသောသူကို သက်သေက ဆွဲထုတ်ပြသတတ်သည်။ ထို့ကြောင့်လည်း ခုံရုံးကမောင်သောင်းစိန်ကို သက်နှင်းပတ်တီးစည်းထား၍ ထူးခြားနေသောကြောင့် သူပဲဟု ယူဆကာ မသေချာဘဲ ဆွဲပြလိုက်တာလားဟု မေးမြန်းခြင်းဖြစ်သည်။

## ၈။ ဆရာဝန်များအား ပြန်လှန်စစ်မေးခြင်း။

လူနာအခြေအနေ၊ ဒဏ်ရာအခြေအနေနှင့် အသက်ခန့်မှန်းခြေစသည်တို့ကို သိရှိနိုင်ရန် မေးမြန်းနိုင်သည်။ ဒဏ်ရာအမျိုးအစား၊ ပြတ်ရှဒဏ်ရာ ဟုတ်မဟုတ်၊ ပွန်းပဲ့ ဖူးရောင်ဒဏ်ရာ ဟုတ်မဟုတ်၊ ဒဏ်ရာအကျယ်အနက်စသည်တို့ကို မေးမြန်းနိုင်သည်။

သေစေခြင်းကိုဖြစ်စေသော အမှုဆိုလျှင် သင့်တော်သော ဆေးဝါးဖြင့်လည်းကောင်း၊ ကျွမ်းကျင်သောကုသမှုဖြင့် လည်းကောင်း၊ သေခြင်းကိုတားဆီးနိုင် မတားဆီးနိုင်၊ သေသူသည် မသေဆုံးမီ အနာရောဂါ တစ်စုံတစ်ရာ ရှိမရှိ ကိုယ်ခန္ဓာချည့်နဲ့ရောဂါရှိမရှိ ထိပါးသောဒဏ်ရာသည် ဖြစ်တတ်သောသဘောအရ သေစေလောက်သော ဒဏ်ရာဟုတ်မဟုတ်၊ ထိပါးသောဒဏ်ရာသည် သေစေခြင်းဖြစ်တန်ရာသော ဒဏ်ရာ ဟုတ်မဟုတ် သိလိုက မေးမြန်းနိုင်သည်။

ဆရာဝန်တစ်ဦး၏ထင်မြင်ချက်ကို လက်ဗွေပါရဂူ၊ လက်နက်ပါရဂူ စသည့် ပါရဂူတို့၏ ထင်မြင်ချက်များနည်းတူ အလေးပေး၍ စဉ်းစားရသည်။ သို့သော် ပုထုဇဉ်တို့မည်သည် မမှားသောလူဟူ၍ မရှိနိုင်။ သို့ဖြစ်ရာ ဆရာဝန်၏ ထင်မြင်ချက်သည် အခါခပ်သိမ်း မှန်ရမည်ဟုမဆိုနိုင်၊ ဆရာဝန်၏ ထင်မြင်ယူဆချက်သည် မျက်မြင်သက်သေတစ်ဦး၏ အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်းမပြုနိုင်။ မျက်မြင်

မြန်မာ စာအုပ်များ



သက်သေ၏ထွက်ဆိုချက်မှာ စိတ်ချယုံကြည်ရပါမူ ထိုထွက်ဆိုချက်များအား ဆန့်ကျင်နေသည့် ဆရာဝန်၏ထင်မြင်ချက်ကို ပယ်ရမည်။[၁]

• ၉။ လက်ရေးပါရဂူအား ပြန်လှန်စစ်ဆေးခြင်း။

လက်ရေးပါရဂူအား စစ်ဆေးမည်ဆိုက အောက်ဖော်ပြပါအချက်များကို တရားခံရှေ့နေက ကြိုတင်သိထားရန် လိုအပ်သည်။

လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို လေးနက်စွာ စဉ်းစားအပ်သည် ဖြစ်သော်လည်း အခြားလွတ်လပ်သော သက်သေခံအထောက်အထားမရှိလျှင် ထိုထင်မြင်ချက်တစ်ရပ်တည်းကို မှီငြိုင်ပြု၍ အမှုကို ဆုံးဖြတ်နိုင်ရန် ခဲယဉ်းသည်။[၂]

• လက်ရေးကိုနှိုင်းယှဉ်ခြင်းသည် ခိုင်ခိုင်လုံလုံ သက်သေထင်ရှားစေတည့်နည်း မဟုတ်ချေ။ လက်ရေးပါရဂူတစ်ဦးသည် လက်ရေးချင်းမည်မျှအတိုင်းအတာအထိ တူသည်ကိုသာ ကြည့်ရှုမှတ်သားသင့်သည်မဟုတ်၊ မတူညီသည့်အတိုင်းအတာကိုလည်း မှတ်သားသင့်သည်။[၃]

လက်ရေးလက်သားကို ဖျက်၍ရေးသားနိုင်သည်။ ပြုပြင်ပြီးရေးလျှင်လည်းရနိုင်သည်။ လူတစ်ဦး၏လက်ရေးသည် တစ်သမတ်တည်း အမြဲမရှိ၊ ပြောင်းလဲလျက်ရှိသည်။ လက်ရေးလက်သားများကို တိုက်ဆိုင်ကြည့်ရှုသည့် အတတ်ပညာမှာ လက်ဗွေများအားတိုက်ဆိုင်ကြည့်ရှုသည့် အတတ်ပညာလောက် မှန်ကန်ခြင်းမရှိသေးသဖြင့် လက်ရေးပါရဂူ၏ ထွက်ချက်တစ်ခုတည်းဖြင့် တရားခံအပေါ် အပြစ်ပေးရန်မလုံလောက်၊ လက်ရေးပါရဂူအား ထောက်ခံသည့်အခြေခံအပေါ် အပြစ်ပေးရန်မလုံလောက်၊ လက်ရေးပါ ရဂူအားထောက်ခံသည့် အခြေခံသက်သေအထောက်အထားရှိရန်လိုသည်။[၄]

၁။ ၁၉၆၆၊ မတစ၊ ၄၁၉ ၂။ ၁၉၆၈၊ မတစ၊ (အထူး) ၁၉
၃။ ၁၉၆၅၊ မတစ၊ ၉၂ ၄။ ၁၉၆၆၊ မတစ၊ ၉၀၃

မြန်မာ စာအုပ်များ



## ၁၀။ တိုတိုတောင်းတောင်း ပြောတတ်သော သက်သေအားစစ်ဆေးခြင်း။

မုသာဝါဒမပြောချင်သော်လည်း မိမိကစိပတ်ကြောင့် တစ်ဖက်သား မနစ်နာစေလိုသည့် သဘောရှိကြသည်။ မေးမြန်းသမျှကို မေးသလောက် သာဖြေသည်။ ချိန်ချိန်ဆဆ ဝိနည်းရှောင်၍ ပြောသည်။ လူမှုရေးသံယောဇဉ် ဖြင့် ဝှဲဝှဲကွက်ကွက် ပြောလေ့ရှိသည်။ ထိုကဲ့သို့သော သက်သေမျိုးကို တိုတို တောင်းတောင်း ပြောတတ်သည့် သက်သေဟု ဆိုရပေမည်။

ထိုသက်သေမျိုးကို စိတ်ရှည်လက်ရှည် သည်းခံပြီး မေးရမည်။ မိမိလို ချင်သည်ကို မေး၍မရအောင် ဖြစ်သွားတတ်သည်။ ထို့ကြောင့် ပွင့်ပွင့် လင်းလင်းဆက်ဆံရသည်။ ပြောချင်ဆိုချင်လာအောင် လုပ်ပေးရသည်။ ပြောမည့် စကားကို လေးလေးနက်နက် စိတ်ပါဝင်စားစွာ ဂရုစိုက် နားထောင်နေသည့် အမူအရာမျိုးပြရသည်။ ထိုကဲ့သို့သော ပရိယာယ်မျိုးဖြင့် စကားမပြောချင်သည့်သူ၊ တိုတိုတောင်းတောင်း ဖြေတတ်သူထံမှ အမှု အတွက် အရေးပါ အရာရောက်မည့်ထွက်ချက်များရရှိနိုင်သည်။

## ၁၁။ စကားဖွာတတ်သော သက်သေအား စစ်ဆေးခြင်း။

တချို့ပုဂ္ဂိုလ်များမှာ လူချင်းတွေ့သည့်အခါ သူကချည်းစကားကို လုလု ပြောတတ်လေ့ရှိသည်။ တစ်ခွန်းမေးက အခွန်းနှစ်ဆယ်ခန့်ပြောချင် နေသည်။ ပြောဆိုသည့်စကား မှန်သည် မမှန်သည်ထက်စကားကြောမပြတ် အောင် အလေးထား ပြောတတ်ကြသည်။ ပြောစကားအပေါ် စိတ်ဝင်စား အောင် စကားတန်ဆာဆင်၍ ပြောတတ်ကြသည်။ စကားချဲ့ကားမှုများ ပါလာတတ်သည်။ ထိုကဲ့သို့သော သက်သေမျိုးကို စကားဖွာသည့် သက်သေ ဟုဆိုရပေမည်။

မြန်မာ စာအုပ်များ



ထိုကဲ့သို့သော သက်သေ၏ ပြောစကားကို ချင့်ချင့်ချိန်ချိန်ပြုရသည်။ ပြေပြေပြစ်ပြစ်နှင့် သက်ဆိုင်ရာ မေးခွန်းများကိုသာ အဓိကထားကာ ပြတ်ပြတ်မေးရသည်။

### ၁၂။ ရှက်တတ်ကြောက်တတ်သော သက်သေအား စစ်မေးခြင်း။

အချို့သက်သေများမှာ လူရှေ့သူရှေ့ အစစ်ခံ အမေးခံရမည်ကို ရှက်ကြောက်နေတတ်သည်။ ရှက်တတ်ကြောက်တတ်သည့် သက်သေကိုပြေပြေပြစ်ပြစ်ဖြစ်အောင် မမေးနိုင်ပါက ပိုပြီး ရှက်သွားတတ်သည်။ ပိုပြီးကြောက်စိတ်ဝင်သွားတတ်သည်။ ထို့ကြောင့် ထိုကဲ့သို့သောသက်သေမျိုးကို မေးခွန်းမမေးမီ ရင်းရင်းနှီးနှီးဖြစ်အောင် ပြုလုပ်ဆက်ဆံရမည်။ မိမိလိုချင်သည့်အကြောင်းများကို ပြောလာအောင်လည်း မသိမသာ လှုံ့ဆော်ပေးရမည်။

### ၁၃။ စိတ်ချောက်ချားသော သက်သေအား စစ်ဆေးခြင်း။

ရုံးရှေ့ သက်သေခံရမည်ကို စိတ်ချောက်ချားနေသည်မျိုးလည်းရှိသည်။ ထိုသက်သေများကို ညင်းပျောင်းသာယာစွာ မေးရသည်။ ဝေါက်ဝန်းမေးလိုက်ပါက ပေါက်ကွဲသွားတတ်သည်။ ထို့ကြောင့် ဖျောင်းဖျဖျ အေးအေးဆေးဆေး ဖြစ်အောင် စစ်မေးရသည်။

### ၁၄။ ဆင်ခြင်တုံတရား ကင်းမဲ့သော သက်သေအား စစ်ဆေးခြင်း။

ဤကဲ့သို့သော သက်သေမျိုးမှာ အမေးတခြား အဖြေတခြားဖြစ်နေတတ်သည်။ သိရခက်သည့်မေးခွန်းမျိုးကို အထူးရှောင်သင့်သည်။ ရှင်းရှင်း

မြန်မာ စာအုပ်များ



လင်းလင်း လွယ်လွယ်ကူကူ မေးခွန်းမျိုးသာ ထုတ်သင့်သည်။

### ၁၅။ မုသားသက်သေအား စစ်ဆေးခြင်း။

မုသားသက်သေမျိုးမှာ သိမြင်သမျှကို အမှန်အတိုင်း မပြောဘဲမမှန်မကန်ထွက်ဆိုလေ့ရှိသည်။ ထိုအခါ အဖြစ်အပျက် အစအဆုံးကို မေးစမ်းရသည်။ အဆိုပါ သက်သေမျိုးမှာ အဖြစ်အပျက် အားလုံးကိုမမှန်မကန်ထွက်ဆိုခဲ့သည်။ အချက်အလက်အချို့မှာ မုသားဖြစ်ပြီး အချို့မှာ အမှန်အတိုင်းဖြစ်သည်။

ပြောသမျှစကားများကို မသိဟန်ဆောင်ပြီး ဆက်ပြောခိုင်းရသည်။ ထိုအခါ ရှေ့နောက်မညီမှုများ၊ အမြီးအမောက်မတဲ့မှုများတွေ့လာမည်။ စကားထဲက ဇာတိပြလာအောင် စစ်မေးသွားရသည်။ မပိရိသည့် သဲလွန်စများကို တစ်စပြီးတစ်စ ထုတ်မေးရင်း မုသားသက်သေ ထွက်ဆိုနေကြောင်း မေးမြန်းသွားရမည်။

### ၁၆။ စိတ်ကူးယဉ် သက်သေအား စစ်ဆေးခြင်း။

စိတ်ကူးယဉ် သက်သေဆိုသည်မှာ မိမိမမြင်လိုက်၊ မသိလိုက်ရသည့် အချက်အချို့ကို သူ့စိတ်ကူးနှင့်ဖြည့်ကာ ပြောတတ်သူဖြစ်သည်။ သူ့အထင်ကို သူ့အမြင်အဖြစ် ထွက်ဆိုတတ်သည်။

### ၁၇။ မှန်ကန်စွာ ပြောလိုသော်လည်း မပြောတတ်သည့် သက်သေအားစစ်ဆေးခြင်း။

ရိုးသားမှန်ကန်စွာပြောလိုသော်လည်း မှန်ကန်အောင်မပြောဆိုတတ်သည့် သက်သေမျိုးဖြစ်သည်။ နားလည် သဘောပေါက်အောင်ရှင်းမပြတတ်တာမျိုး၊ စကားလုံးဝေါဟာရ မှန်မှန်ကန်ကန် ရွေးချယ်မပြောတတ်

မြန်မာ စာအုပ်များ



သည့် သက်သေမျိုးဖြစ်သည်။

ရှေ့နေက စိတ်ရှည်ရှည်ထားပြီး အကူအညီပေး စစ်ဆေးရမည်ဖြစ်သည်။

၁၈။ ပြန်ခေါ်သက်သေအား ပြန်လှန်စစ်ဆေးခြင်း

အမှုစစ်ဆေးခြင်းသည် ပြန်ခေါ်သက်သေ စစ်ဆေးချိန်မှ အစပြုသည်ဟူ၍ ယခင်ရှေ့နေကြီးများ ပြောလေ့ပြောထရှိသည်ကို ကြားဖူးသည်။

စွဲချက်အတင်မခံဘဲ ပြတ်မည့်အမှုမျိုးဆိုပါက တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်ကတည်းက ပြန်လှန်စစ်မေးခြင်းကို အပြတ်မေးထားရပေမည်။ စွဲချက်အတင်ခံပြီး ထုချေဖြေရှင်းရမည့် အခြေအနေမျိုးဆိုပါ က ပြန်လှန် စစ်မေးခြင်းကို မလောစောသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် စွဲချက်တင်ပြီးနောက် စစ်ပြီးသား သက်သေများကို ပြန်ခေါ်သက်သေအဖြစ်ပြန်လှန်စစ်မေးခွင့်အခွင့်အရေး ရှိသေးသောကြောင့်ဖြစ်သည်။

တရားလိုပြ သက်သေများကို ပြန်ခေါ်ခွင့်ကို ပုဒ်မ ၂၅၆ (၁) အရ ပေးထား၍ တရားခံသည် မိမိအတွက် သက်သာခံခွင့်ကို ၂၅၆ (၂) အရ ပေးထားသည်။ ဤပြဋ္ဌာန်းချက်များမှာ မလုပ်မနေရ ပြဋ္ဌာန်းချက်များဖြစ်သည်။ ၎င်းတို့ကို လိုက်နာရန် ပျက်ကွက်ခြင်းသည် တရားဥပဒေ တိမ်းစောင်းမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေအမှုကိုပျက်ပြယ်စေသည်။[၁]

ပြန်ခေါ်သက်သေ စစ်မေးခွင့် အခွင့်အရေးမှာ မပေးမနေရပေးရမည့် အခွင့်အရေးဖြစ်ကြောင်း တွေ့ရသည်။ ရှေ့နေက ယင်းအခွင့်အရေးကို အသုံးချတတ်ဖို့လိုသည်။

မယားခိုးမှုတစ်မှု ဆိုပါစို့။ တရားလိုဘက်က တရားခံကို မယားခိုးမှုဖြင့် တရားစွဲသည်။

---

၁။ ၁၉၄၈၊ ရန်ကုန် ၈၆၃

မြန်မာ စာအုပ်များ



တရားခံအနေနှင့် တရားလို၏မယားကို ခိုးယူပေါင်းသင်းမိသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ပေါင်းသင်းစဉ်က လင်ရှိမယားဖြစ်မှန်းမသိ။ မိန်းကလေးကလည်း လင်ရှိမယားဟု မပြောခဲ့။ ခရီးသွားရင်း၊ ကုန်ကူးရင်း တွေ့ကြရာ နီးစပ်ပြီး ပေါင်းသင်းလိုက်ကြခြင်းဖြစ်သည်။

တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးသောအခါ တရားခံဘက်က သူ၏ ခုခံမှုလမ်းကြောင်းကို သွတ်သွင်း မေးမြန်းသွားမည်ဆိုက တစ်ဘက် တရားလိုအနေနှင့် တရားခံ၏ထွက်ပေါက်ကို မြင်တွေ့သွားနိုင်သည်။ ထိုကဲ့သို့ ထွက်ပေါက်ကို တွေ့သွားပါက နောက်ထပ်စစ်ဆေးမည့် တရားလိုသက်သေများဖြင့် မိမိထွက်ပေါက်ကို ထွက်မရအောင်ပိတ်ဆို့လိုက်နိုင်သည်။ ထိုသို့ ပိတ်ဆို့လိုက်ပါက ထွက်ပေါက်မရှိဖြစ်သွားနိုင်သည်။ ထို့ကြောင့် ထိုကဲ့သို့သောအခြေအနေမျိုးတွင် တရားလိုသက်သေကုန်စင်သည်အထိ ခုခံမှုလမ်းကြောင်းကို ကွယ်ဝှက်ထားသင့်သည်။

စွဲချက်တင်ပြီး ပြန်ခေါ် သက်သေအဖြစ် ခေါ်ယူကာ လင်ရှိမယားမှန်း မသိသည့်အတွက် တစ်ကြောင်း၊ မိန်းကလေးကလည်း အိမ်ထောင်ရှိသည်ဟု ပြောမပြခဲ့၍တစ်ကြောင်း လင်ရှိမယားဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိသောကြောင့် တစ်ကြောင်း တို့ကြောင့်ပေါင်းသင်းခဲ့မိခြင်း ဖြစ်သည်ဟု ခုခံမှုလမ်းကြောင်းကို ခင်း၍ ပြန်လှန်မေးခွန်းများမေးသင့်ပေသည်။

တရားလိုအနေနှင့် မိမိ၏ဟာကွက်ကို ထိုအခါတွင်မှ သိရှိပေမည်။ ယင်းဟာကွက်အတွက် နောက်ထပ် သက်သေထူ၍ မရတော့သည့် အနေအထားသို့ရောက်ရှိနေသည်။

တရားခံအတွက် လွတ်လွတ်ကျွတ်ကျွတ် ခုခံမှု လမ်းကြောင်းကို ထုတ်ဖော် မေးမြန်းနိုင်ခွင့်ရှိသော အချိန်ပင်ဖြစ်ပေသည်။

## အခန်း (၈)

## တရားလိုအကျိုးဆောင် ပြန်လှန်စစ်မေးခြင်း။

### ၁။ တရားခံအား ပြန်လှန်စစ်မေးခြင်း။

တရားခံအား အဓိက စစ်ဆေးမှု ပြုပြီးသောအခါ တရားလိုရှေ့နေက ပြန်လှန်စစ်မေးခွင့်ရသည်။ တရားခံအား ပြန်လှန်စစ်မေးရာတွင် အချက်အလက်များများ မေးရန်မလိုဘဲ အောက်ဖော်ပြပါ အချက်လောက်နှင့် ဖမ်းထောက်ရုံဖြင့် ၎င်း၏အဓိက စစ်ဆေးချက်တစ်ခုလုံး ခါထွက်သွားအောင် ပြုလုပ်နိုင်ပေသည်။

(က) ရဲအရာရှိရှေ့ ထွက်ဆိုချက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၂အရ တိုက်ဆိုင်စစ်မေးခြင်း၊

(ခ) နောက်မှရသော အကြံဖြင့် ထုချေကြောင်း ဖော်ထုတ်စစ်မေးခြင်း၊ ဖော်ပြပါအချက်နှစ်ချက်အပြင် အခြားဖမ်းထောက်စရာ အချက်အလက် အတော်များများ ရှိနေပါသေးသည်။

တရားခံအား စွဲချက်တင်သောအခါ တရားရုံးက အပြစ်ရှိမရှိမေးမြန်းခဲ့သည်ဖြစ်ရာ အပြစ်မရှိကြောင်း ငြင်းဆိုမှုပြုခဲ့သည်ပင်ဖြစ်သည်။ မည်သည့်အတွက် အပြစ်မရှိကြောင်းထုချေပါဟု မေးမြန်းရာ 'မည်သည့်အတွက် အပြစ်မရှိကြောင်း ပြောဆိုချက်ကို စွဲချက်တွင် မှတ်တမ်းတင်ထားသည့် အချက်ရှိသည်။

တရားခံအား သက်သေအဖြစ် စစ်ဆေးသောအခါ ၎င်းက အပြစ်မရှိကြောင်း အစစ်ခံသည်။ ထိုအစစ်ခံချက်သည် စွဲချက်တင်စဉ်က 'မည်သည့်အတွက် မပြစ်မရှိပါ'ဟူသော အကြောင်းပြချက်နှင့် ညီညွတ်ခြင်းရှိမရှိ ကြည့်ရန်လိုသည်။ မညီညွတ်က တိုက်ဆိုင် မေးမြန်းစရာ အချက်ပင်ဖြစ်သည်။

များသောအားဖြင့် တရားခံ ရှေ့နေ အတော်များများသည် တရားလို

မြန်မာ စာအုပ်များ



နှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်က ခုခံမှုလမ်းကြောင်းကို နောက်မှ အကြံရမှု မဖြစ်စေရန် ပြီးစလွယ် မိမိခုခံခဲ့မှုလမ်းကြောင်းကို မေးမြန်း ထားခဲ့သည်များ ရှိတတ်ပေသည်။

စွဲချက်တင်ပြီးနောက် တရားခံအား စစ်ဆေးသောအခါ မူလခုခံမှု လမ်းကြောင်းအတိုင်း ခုခံလာသည် ဖြစ်သော်လည်း ယခင်က စစ်မေးထား ခဲ့သည် အချက်အလက်များနှင့် တရားခံ သက်သေအဖြစ် အစစ်ခံသော အချက်အလက်တို့ လွဲမှားသည်များ ရှိသည်။

တရားလိုနှင့် တရားလိုပြသက်သေတို့အား စစ်ဆေးစဉ်က တရားခံနှင့် တရားခံရှေ့နေတို့ ထိတွေ့ညှိနှိုင်းမေးမြန်းခဲ့မှုမရှိသည့် သဘောဖြစ်သည်။ အဖြစ်မှန်မဟုတ်သောကြောင့် ကြံသလို၊ အချိန်မီ အကြံရသလို ခုခံမှု လမ်းကြောင်းဆွဲပြီး စစ်မေးခဲ့သည့်သဘောမှာ အမှု အတော်များများတွင် ပေါ်လွင်နေတတ်သည်။

တရားလိုရှေ့နေအတွက် ယင်းကွဲလွဲမှုများမှာ ဖမ်းထောက်မေးစမ်းစရာ အချက်များပင်ဖြစ်နေလေသည်။

## ၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၁၆၂ အရ တိုက်ဆိုင်စစ်မေးခြင်း။

တရားခံတစ်ဦးအနေဖြင့် သက်သေအဖြစ် အစစ်အဆေးခံမည်ဆိုက ၎င်း၏ ရဲရှေ့ အစစ်ခံချက်နှင့် ရုံးရှေ့ကွဲလွဲထွက်ဆိုချက်များကို ပြစ်မှုဆိုင် ရာကျင့်ထုံးဥဒေ ပုဒ်မ ၁၆၂အရ တိုက်ဆိုင် စစ်မေးပိုင်ခွင့်ရှိပေသည်။

ရုံးရှေ့ အစစ်ခံချက်နှင့် နှစ်နည်း တိုက်ဆိုင် မေးမြန်းနိုင်သည်။ တစ်နည်းမှာ ရဲရှေ့တွင်တစ်မျိုး၊ တရားရုံးရှေ့တွင် တစ်မျိုး ထွက်ဆိုသဖြင့် ဆန့်ကျင် မေးမြန်းခြင်းဖြစ်သည်။ ကျန်တစ်နည်းမှာ ရဲရှေ့အစစ်မခံဖူးသော အချက်ကို တရားရုံးရှေ့တွင် ထွက်ဆိုသဖြင့် ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင်

မြန်မာ စာအုပ်များ



မေးမြန်းခြင်းဖြစ်သည်။

ဤသို့ တိုက်ဆိုင်စစ်မေးမည်ဆိုက သတိပြုရန် အချက်တစ်ရပ်ရှိပေသည်။

တရားခံတစ်ဦးသည် သက်သေအဖြစ် အစစ်ခံလျှင် တရားလိုဘက်မှ ၎င်းအား ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင်မေးမြန်းနိုင်သည်။ ထိုသို့ မေးမြန်းရာတွင် ဖြောင့်ချက်မြောက်သော အစစ်ခံချက်နှင့် တိုက်ဆိုင်မေးမြန်းခြင်း မပြုနိုင်။ အကြောင်းမှု ရဲရှေ့တွင် ပေးသောဖြောင့်ချက်သည် သက်သေခံဥပဒေ ပုဒ်မ ၂၆ အရ သက်သေခံမဝင်။ တရားခံအား ၎င်း၏ရဲရှေ့ အစစ်ခံချက်နှင့် သက်သေခံဥပဒေ ပုဒ်မ ၁၄၅ အရ စစ်ဆေးနိုင်စေကာမူ ပုဒ်မ ၂၆သည် ပုဒ်မ ၁၄၅ ကိုလွှမ်းမိုး ရသည်သာဖြစ်သည်။[၁]

## ၃။ နောက်မှရသောအကြံဖြင့် ထုချေကြောင်း ဖော်ထုတ်စစ်မေးခြင်း။

တရားလိုနှင့် လိုပြသက်သေများကို စစ်ဆေးစဉ်က ပြန်လှန်မေးခွန်းများဖြင့် ထုချေမေးမြန်းထားခဲ့ခြင်းမရှိသော ထုချေချက်များကို ထောက်ပြစစ်မေးနိုင်သည်။

တရားခံက ၎င်း၏ခုခံကာကွယ်မှုလမ်းကြောင်းကို တင်ပြလိုလျှင် တရားလိုပြသက်သေများကို စစ်ဆေးသည့် အချိန်ပင်လျှင် ပြန်လှန်မေးခွန်း၌ မေးမြန်းခဲ့ရန်လိုသည်။ တရားလိုပြသက်သေများကို စစ်ဆေးသည့်အခါက ၎င်း၏ခုခံမှုလမ်းကြောင်းကို မမေးခဲ့ဘဲတရားခံဘက်က အစစ်ခံသည့်အခါမှ ခုခံချေပပါက အဆိုပါ ခုခံမှုသည် နောက်မှ လုပ်ကြံ၍ ခုခံသည်ဟု ယူဆရန် အကြောင်းရှိသည်။[၂]

---

၁။ ၁၉၄၇၊ ရန်ကုန်၊ ၃၇၉

၂။ ၁၉၆၆၊ ရုံးချုပ်၊ ၁၉၂

မြန်မာ စာအုပ်များ



တရားခံတစ်ယောက်သည် ၄င်းပေးခဲ့သည့် ဖြောင့်ချက်ကို ရုံး၌ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ဖြောင့်ချက်ကို ရဲက ဖြားယောင်းသည့်အတွက် ပေးရသည်ဟု အစစ်ခံသည်။ သို့သော် အမှုစစ်ဆေးသည့်အရာရှိကို စစ်ဆေးစဉ်က ထိုအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မေးမြန်းထားခြင်းမရှိပေ။ ထို့ကြောင့် ယင်းခုခံမှုသည် နောက်မှအကြံရ၍ ပြောဆိုခြင်းဖြစ်သဖြင့် ရုံးကလက်မခံပေ။[၁]

ရာဇဝတ်များတွင် တရားခံတစ်ဦးသည် မိမိအပေါ် စွပ်စွဲသည့်စွပ်စွဲချက်နှင့်ပတ်သက်၍ ထုချေလိုက ထုချေနိုင်သည်။ မထုချေကလည်း မထုချေဘဲနေနိုင်သည်။ သို့ဖြစ်ပါလျက် တရားခံသည် ၄င်း၏ ထုချေချက်ကို စောစောစီးစီး တင်ပြခြင်းမပြုလျှင် လုပ်ကြံတင်ပြသည့် ထုချေချက်ဖြစ်သည်ဟု ယူဆနိုင်လျှင် တရားမမှုများ၌ သာ၍ပင်အလားတူ ယူဆချက်ကို အသုံးပြုနိုင်မည်သာဖြစ်သည်။ ယင်းယူဆချက်မှာ အမှုသည်တစ်ဦးဦး၏ ပြုမူချက်အပေါ် မူတည်၍ ဆုံးဖြတ်ရသည့် ယူဆချက်ဖြစ်ပေသည်။ လူ့သဘာဝအရ တစ်ဖက်သားအပေါ် တိကျသည့် စွပ်စွဲချက်ရှိလျှင် ထိုသူအား မေးမြန်းခွင့်ရရှိချိန်၌ ထိုစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ထုတ်ဖော်မေးမြန်းမည်မှာ ဧကန်ဖြစ်သည်။ ယင်းသို့ မေးမြန်းခြင်းမရှိလျှင် ထိုစွပ်စွဲချက်သည် နောက်မှ အကြံရပြီး တင်ပြသည့် စွပ်စွဲချက်သာဖြစ်သည်ဟု ယူဆရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ တစ်ဖက်သားအနေဖြင့်လည်း ၄င်းစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းခွင့် မရသည့်အလျောက် တစ်ဖက်သတ်စွပ်စွဲချက် တစ်ခု အဖြစ်သာ ရပ်တည်နေပေသည်။[၂]

## ၄။ ယုတ္တိမရှိကြောင်း ဖော်ထုတ်စစ်မေးခြင်း။

တရားခံ၏ ခုခံချေပချက်သည် သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ကင်းမဲ့ကြောင်း ဖော်ထုတ်စစ်မေးနိုင်သည်။

---

၁။ ၁၉၆၉၊ ရုံးချုပ်၊ ၂ ၂။ ၁၉၆၉တရားရုံးချုပ်၊ ၁၉၇

မြန်မာ စာအုပ်များ



## ၅။ ပြစ်မှုကျူးလွန်နိုင်ဖွယ် အကြောင်းရှိကြောင်း မေးမြန်းခြင်း။

ဘုရင်နှင့် ဦးစောပါ ကိုးဦးအမှုတွင် ဦးစောအား ရှေ့နေချုပ်က ပြန်လှန် မေးခွန်းထုတ်ရာတွင် သစ္စာမဲ့သောသူ၊ ဆရာကိုပင် နိုင်ငံရေးအာဏာ လောဘကြောင့် ဖမ်းဆီးချုပ်နှောင်ခဲ့သောသူ ဖြစ်သည်ဟု ဦးစော၏နှုတ်မှ အဖြေထွက်သည်ကို သက်သေထူလိုသည့် သဘောမေးပုံမှာ-

ကျွန်တော် ကျောင်းမှာ ၅တန်းအောင်ပါတယ်။ ၁၉၂၇ ခုနှစ်မှာ အောက်တန်းရှေ့နေစာမေးပွဲ နောက်ဆုံးကျင်းပခြင်းဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံရေးထဲဝင်တော့ ဂျီစီဘီအေ ဝံသာနုအဖွဲ့ကို ဝင်ပါတယ်။ အဲဒီအဖွဲ့ ကြီး ကွဲသွားတော့ ၂၁ ဦး အဖွဲ့မှာ ပါပါတယ်။ ၁၉၂၂ ခုနှစ်မှာပါ၊ ၁၉၃၆ ခုနှစ် ရွေးကောက်ပွဲများ မတိုင်မီမှာ ၂၁ ဦးအဖွဲ့နဲ့ အခြား နိုင်ငံရေးအဖွဲ့ အစည်းများ ပူးပေါင်းကြပြီး 'ငါးပွင့်ဆိုင်' အဖွဲ့ဖွဲ့ကြပါတယ်။ မျိုးချစ်ပါတီကို ၁၉၃၈ခုနှစ်မှာ တည်ထောင်ပါတယ်။ ကျွန်တော့်ကို မျိုးချစ်ပါတီက ပထမဆုံးခေါင်းဆောင် တင်မြှောက်ကြပါတယ်။ မျိုးချစ်ပါတီဟာ သီးခြားပါတီပါ၊ ငါးပွင့်ဆိုင်နဲ့ မဆိုင်ပါ။ အဲဒီအချိန်လောက်ကျတော့ ငါးပွင့်ဆိုင်အဖွဲ့လည်း ကွဲပါပြီ။

၁၉၂၇ ခုနှစ်မှာ ကျွန်တော် ဥပဒေ ပြုလွှတ်တော်ကို ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံရပါတယ်။ သာယာဝတီတောင်ပိုင်း မဲဆန္ဒနယ်က တက်ပါတယ်။ ဗမာပြည်နဲ့အိန္ဒိယပြည် ခွဲရေးတွဲရေးပြဿနာကို အခြေခံတဲ့ ရွေးကောက်ပွဲကြီးမှာ ကျွန်တော် သာယာဝတီတောင်ပိုင်းကပဲ ယှဉ်ပြိုင် အရွေးခံပါတယ်။ အဲဒီလို အရွေးခံရတာ ဦးဘဖေက ကူညီလို့ မဟုတ်ပါ။ ဦးဘဖေနဲ့ ကျွန်တော် အဲဒီ အချိန်မှာ တစ်ပါတီတည်းပါ။ နိုင်ငံရေးမှာ သူက ကျွန်တော်ဆရာဖြစ်ပါတယ်။ ကျွန်တော့်ကို ကူညီခဲ့ပါတယ်။ ကျွန်တော် နန်းရင်ဝန်ဖြစ်ပြီး လန်ဒန်ကိုသွားတဲ့ ၁၉၄၁ ခုနှစ်ထဲမှာ ဦးဘဖေ

ကို ရန်ကုန်မှာ ကာကွယ်ရေးအက်ဥပဒေအရ ဖမ်းဆီးတယ်လို့ ကြားရပါတယ်။ ဦးဘဖေကို ဖမ်းဆီးခြင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို မတိုင်ပင်ပါ။

ကျွန်တော် ပြည်သိမ်းစီမံကိန်းဆိုတဲ့ စာတမ်းကို တွေ့မြင်ခဲ့ရပါတယ်။ ဘညွန့်က လာပြပါတယ်။ ကျွန်တော်က လုံးဝ သဘောမတူပါ။ ဦးအောင်ဆန်းနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်များကို သတ်ဖြတ်ရုံနဲ့ သတ်တဲ့အဖွဲ့က အာဏာရမည် မဟုတ်ကြောင်း ကျွန်တော် သိပါတယ်။ အောင်ဆန်းအက်တလီစာချုပ်အရ ရွေးကောက်ယူထားတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကလဲ ရှိနေပြီး၊ ဦးအောင်ဆန်းတို့ မရှိကြရင် ကျန်တဲ့ခေါင်းဆောင်များက အစိုးရဖွဲ့မှာပေါ့'။ [၁]

## ၆။ တရားခံသက်သေအား ပြန်လှန်စစ်မေးခြင်း။

တရားခံပြသော သက်သေမှာ သာမန်အားဖြင့် နှစ်မျိုးနှစ်စားသာရှိသည်။ တစ်မျိုးမှာ စွပ်စွဲချက်နှင့် ပတ်သက်၍ ကိုယ်တိုင် တိုက်ရိုက်သိမြင်သောသက်သေနှင့် အခြားတစ်မျိုးမှာ ငြင်းဆိုချက်ကို သွယ်ဝိုက်အထောက်အကူဖြစ်စေသည့် သက်သေတို့ဖြစ်သည်။

သွယ်ဝိုက်အထောက်အကူဖြစ်စေသည့် သက်သေထွက်ဆိုမှု နမူနာသဘောကို ဘုရင်နှင့် ဦးစောပါ ကိုးဦးအမှုမှ ဦးစော၏ သက်သေဒေါက်တာဗမော်နှင့် သခင်ဗစိန်တို့အား ရှေ့နေချုပ်က ပြန်လှန်စစ်မေးပုံကို တင်ပြလိုသည်။

နိုင်ငံရေး ခေါင်းဆောင်များသည် ပါတီဝင်များ၊ မိတ်ဆွေများကို အိမ်တွင်တံခါးမရှိ လက်ခံရသည်။ ဧည့်ခံရသည်ဆိုသည့် အချက်ကို ထင်ရှားစေအောင် သက်သေတင်ခြင်းဖြစ်သည်။

ရှေ့နေချုပ်က ဒေါက်တာဗမော်အား ပြန်လှန်မေးရာ

---

၁။ ဒေါက်တာမောင်မောင်၊ နိုင်ငံတော်လုပ်ကြံမှုစာအုပ်မှ ကောက်နုတ်ချက်

မြန်မာ စာအုပ်များ



'ဦးစောရဲ့ပါတီဟာ အကြမ်းဖက်မယ်မထင်ပါလို့ ပြောရတာက သူ့ရဲ့ ပါတီရဲ့ ကြေညာချက်များ၊ လုပ်ငန်းများကို ကြည့်ပြီး ပြောတာပါ။ မျိုးချစ်ပါတီမှာ ဂဠုန်တပ်ဖွဲ့ ရှိခဲ့ပါတယ်။ အခြားပါတီများမှာ အပျော်တမ်းတပ်ဖွဲ့ များရှိကြပါတယ်။ ဂဠုန် တပ်သားများတာ ဝါးရင်းတုတ်များ ကိုင်ကြတာကိုတော့ မမြင်ခဲ့ဖူးပါ။ အရေးကြုံလို့ ကိုယ်တိုင်ကာကွယ်ရရင်တော့ ဂဠုန်တပ်သားများဟာ ဝါးရင်းတုတ် ကိုသုံးစွဲကြတယ်လို့ သတင်းစာများမှာ ဖတ်ခဲ့ရဖူးပါတယ်။ ကျွန်တော်ရဲ့ နောက်လိုက်များ ကျွန်တော့်အိမ်ကို လာကြရင်သူတို့ ဘယ်သူတွေလဲ၊ ဘာအတွက်လာကြသလဲဆိုတာ ကျွန်တော် သိပါတယ်'

ရှေ့နေချုပ်က သခင်ဗစိန်အား ပြန်လှန်မေးရာ

'ကျွန်တော် မျိုးချစ်ပါတီမှာ မပါခဲ့ပါ။ မကြာမကြာ မျိုးချစ်ပါတီနှင့် အတိုက်အခံ ဖြစ်ခဲ့ရပါတယ်။ ဦးစောဘုရင်ခံအမှုဆောင်အဖွဲ့ဝင်ဖြစ်နေတုံး ကျွန်တော် သူ့အိမ်ကို သုံးလေးခါက် ရောက်ဖူးပါတယ်။ သူနဲ့ ကျွန်တော် အတူတူလောက်ပဲ အမှုဆောင်အဖွဲ့က နုတ်ထွက်ခဲ့ကြပါတယ်။ ကျွန်တော်က နည်းနည်းစောပြီး ထွက်တယ်ထင်ပါတယ်။ အဲဒီနောက်မှာလဲ ကျွန်တော် သူ့အိမ်ကို သုံးလေးခါက် ရောက်ပါသေးတယ်။ နောက်ဆုံးရောက်တာကတော့ ဦးအောင်ဆန်းတို့ လုပ်ကြံခြင်းမခံရမီ တစ်ပတ်လောက်ကပါ။ အဲဒီတုန်းက သူ့အိမ်မှာ လူတော်တော်များများ တွေ့ခဲ့ရပါတယ်။ ဘယ်သူတွေလဲ ဆိုတာတော့ မသိပါ။ ကျွန်တော်တို့ပါတီဟာ ပေါ်လစီကိစ္စတွေကို အစည်းအဝေးမှာ ဆွေးနွေးပြီး ဆုံးဖြတ်ပါတယ်။ ပေါ်လစီမပါရင်လဲ အရေးကြီးတဲ့ ကိစ္စဆိုရင် အစည်းအဝေးမှာ တင်ပြပါတယ်။ ကျွန်တော်အိမ်မှာတော့ ပါတီကိစ္စနဲ့လာတဲ့ ဧည့်သည်၊ သူတို့ဖာသာလာပြီး တည်းခိုတဲ့ဧည့်သည်၊ ကျွန်တော်က တည်းခိုဖို့ ဖိတ်ခေါ်လို့ တည်းခိုတဲ့ ဧည့်သည် အစုံရှိပါတယ်။'[၁]

---

၁။ ဒေါက်တာမောင်မောင်၊ နိုင်ငံတော်လုပ်ကြံမှုစာအုပ်ပါ ကောက်နုတ်ချက်

# အခန်း (၉)

## ပြန်လှန်စစ်ဆေးခြင်း တစ်ရပ်အပေါ် ဆန်းစစ်ခြင်း။

**အဝိက စစ်ဆေးချက်၊**

အခင်းဖြစ်နေ့ညက ကျွန်တော် ဆိုင်မှာအိပ်ပါသည်။ ဆိုင်ဆိုသည်မှာ သမီးများ ဖွင့်ထားသော အလှပြုပြင်ရေး ဆံပင်ကောက်ဆိုင်ဖြစ်ပါသည်။ ဈေးတန်းမြောက်ဘက်မှာ ရှိပါသည်။ ည ၉ နာရီလောက် ဆိုင်ကိုရောက်ပါသည်။ ၉ း ၃၀ လောက် ကျွန်တော်အိပ်ပျော်သွားပါသည်။ ခဲပေါက်သံကြားသည့်အတွက် အိပ်ရာက လန့်နိုးလာပါသည်။ ဆိုင်ကို လမ်းပေါ်က လူတစ်ယောက် ခဲနှင့်ပေါက်တာကိုမြင်ပါသည်။ ပေါက်သူမှာ ရုံးရှေ့ရှိ တရားခံဖြစ်ပါသည်။ ကျွန်တော်က ဟေ့ဘာလို့ပေါက်တာလဲဟုလှမ်းအော်လိုက်ပါသည်။ ဆိုင်ရဲ့မျက်နှာစာဟာ သံဇကာတွေနဲ့ ကာထားတာဖြစ်တဲ့အတွက် ဆိုင်ထဲက လှမ်းကြည့်ရင် အပြင်ကိုမြင်ရပါသည်။ တရားခံက ဘာမှမပြောဘဲ နောက်ထပ်ခဲနဲ့ ပေါက်ပါသေးသည်။ ဆိုင်ရှေ့သံဇကာကို လာထိပါသည်။ ကျွန်တော် ထပ်ဟောက်လိုက်တဲ့အတွက် တရားခံထွက်ပြေးသွားပါသည်။ တရားခံနဲ့ကျွန်တော် ယခင်က ဘာမှပြဿနာ မဖြစ်ခဲ့ဖူးပါ။ ၄င်းမှာ ကျွန်တော်တို့အိမ်ရဲ့ တစ်အိမ်ကျော်တွင် နေသူဖြစ်ပါသည်။ အခင်းဖြစ်ညမှာပင် ကျွန်တော် ရဲစခန်းကို သွားရောက်အမှုဖွင့်တိုင်ကြားပါသည်။ တိုင်ချက်ပေါ်ရှိ လက်မှတ်မှာ ကျွန်တော်လက်မှတ် မှန်ကန်ပါသည်။ တိုင်ချက်ပါ အချက်များမှန်ကန်ပါသည်။ တိုင်ချက်ကို သက်သေခံ (က) အဖြစ် တင်သွင်းပါသည်။

**သက်သေခံ (က) တိုင်ချက်၊**

၁၄. ၃. ၈၂ ရက်နေ့ ည ၉နာရီအချိန် ကျွန်တော် ဆိုင်၌ အိပ်ပျော်နေစဉ် ခဲနှင့် ဆိုင်ကိုပေါက်သဖြင့် ထကြည့်ရာ လူမြင်လျှင်မှတ်မိသူတစ်ဦး

မြန်မာ့ စာအုပ်များ



က ပေါက်ပြီး ကျွန်တော် နိုးမှန်းသိသောအခါ ထွက်ပြေးသွားပါသောကြောင့် ခဲပေါက်သူအား အရေးယူပေးပါရန် တိုင်တန်းအပ်ပါသည်။

ဦးထွန်းအောင်

**ပြန်လှန်စစ်မေးချက်၊**

တရားခံက အန်အယ်ကြီးကဖီးဆိုင်က အလုပ်သမားတစ်ယောက် ဖြစ်သည် ဆိုသည်ကို ကျွန်တော်သိပါသည်။ အန်ကယ်ကြီးကဖီးဆိုင်မှာ ကျွန်တော် ဆိုင်နှင့် တစ်မိုင်ခန့်ဝေးသော နေရာတွင်ရှိသည်ဆိုက မှန်ပါသည်။ အခင်း ဖြစ်ညက တရားခံသည် အန်ကယ်ကြီးကဖီးဆိုင်တွင် ညနေ ၆ နာရီမှ အစပြု၍ ည ၁၀ နာရီအထိရှိနေသည်ဆိုလျှင် ကျွန်တော်မသိပါ။ ည ၁၀နာရီကျော်သည့်အခါ ဆိုင်မှလုပ်ဖော်ကိုင်ဘက် အောင်သန်းနှင့် နေအိမ်သို့ အတူတူပြန်သည်ကို သိသလားဆိုက မသိပါ။ အခင်းဖြစ်ညက တရားခံ ဆိုင်ဘက်သို့လာရောက်ခြင်းမရှိဟုဆိုပါလျှင် ငြင်းပါသည်။

အထက်ပါ ပြန်လှန်စစ်ဆေးခြင်းကို ဆန်းစစ်ကြည့်စေလိုပါသည်။

ပြန်လှန် စစ်မေးခြင်း၏ ဦးတည်ချက် သုံးရပ်ဖြစ်သည့်-

(၁) ဥပဒေ အခွင့်အရေး ဆိုင်ရာများ ဖော်ထုတ်၍ အမှုသည်အကျိုးဖြစ်မှုကို ရယူရန်။

(၂) တစ်ဘက်မှ အဆိုပြု တင်ပြထားသည့်အချက် မခိုင်လုံကြောင်း ဖော်ထုတ် စစ်ဆေးရန်။

(၃) မိမိတင်ပြသည့် အချက်ကို လက်ခံလာစေရန်။

ဦးတည်ချက် သုံးခုရှိသည့်အနက် ဦးတည်ချက် (၁) ကိုလည်းကောင်း၊ ဦးတည်ချက် (၂) ကိုလည်းကောင်း ဖော်ဆောင်မည် ဆိုကဖော်ဆောင်၍ရနိုင်ပါလျက် မည်သည့်အားထုတ်မှုမှ မပြုဘဲ ဦးတည်ချက် (၃) ကိုသာ

မြန်မာ စာအုပ်များ



ဖော်ဆောင်ထားသည်ကို တွေ့ရပေသည်။

ဦးတည်ချက် (၃) ကို ဖော်ဆောင်မည်ဆိုပါက ဦးတည်ချက် (၂) ကို အထိုက်အလျောက် ဖော်ဆောင်သွားရမည်ဖြစ်သည်။ ဦးတည်ချက် (၂) ကို မဖော်ဆောင်သည့်အတွက် သက်သေ၏စွပ်စွဲချက်သည် မည်ကဲ့သို့မျှ ယိုင်နဲ့သွားမှု မရှိသည်ကို တွေ့ရပေသည်။ သံသယဖြစ်ဖွယ်ရာ၊ ဒွိဟ ဖြစ်ဖွယ်ရာ အကြောင်းခြင်းရာများ ပေါ်ပေါက်ခြင်းမရှိ။

ထိုသို့အခြေအနေမျိုးတွင် ပြန်လှန်စစ်မေးသူဘက်က ဦးတည်ချက် (၃) ကို ဖော်ဆောင်ရန် ကြိုးစားခြင်းသည် ရေကိုခြားရန် မျဉ်းသားသည်နှင့် တူ၏။

Balance မညီသော မေးမြန်းပုံမျိုး ဖြစ်နေပေသည်။

ပြန်လှန် စစ်မေးချက်ကို ကြည့်သောအခါ ပြန်လှန်စစ်မေးရမည့်အချက် အချာအထိ ရောက်ရှိအောင် မေးမြန်းထားခြင်းမရှိသည်ကိုလည်း တွေ့ရသည်။ ပြုသူ (ကတ္တား)၊ အပြုခံရသူ (ကံ)၊ ပြုခြင်းကိစ္စ (ဝါစက) အပိုင်း သုံးပိုင်းစလုံးနှင့် ငြိစွန်းနေသော်လည်း မည်သည့် အပိုင်းကိုမျှမချေဖျက်ဘဲ ထားထားသည်ကို တွေ့ရသည်။

တိုင်ချက်ပါ အချက်အချို့နှင့် တိုက်ဆိုင်စစ်မေးမည်ဆိုပါက စစ်မေး နိုင်သည့် အချက်များ ရှိပါလျက် မေးရန် ပျက်ကွက်နေသည်ကိုလည်းတွေ့ ရသည်။

မြင်နိုင်စွမ်းမရှိကြောင်း၊ အခြေအနေမပေးကြောင်း၊ လူများစွပ်စွဲတာ လည်းဖြစ်နိုင်ကြောင်း စသည့်မွေနှောက်စစ်မေးစရာ အချက်အလက်များ အမှုတွင် ပေါ်ပေါက်တည်ရှိနေပါလျက် မေးရန် လစ်ဟင်းနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ပြန်လှန်စစ်မေးချက်တွင် ဦးတည်ချက် (၃)ကို ဖော်ဆောင်မေးမြန်းထား သည် မှန်သော်လည်း ယင်းဦးတည်ချက် (၃) ကို ဖော်ဆောင်ရာတွင်ကျင့်သုံး

မြန်မာ စာအုပ်များ



ရမည့် ဆွယ်မေး စစ်မေးနည်းဆိုင်ရာ သံမဏိစည်းမျဉ်းများကို လျစ်လျူရှု မေးမြန်းထားသည်ကိုလည်း တွေ့ရသည်။

အထက် ပြန်လှန်စစ်မေးချက်သည် နောက်မှ အကြံရသော ထုချေချက်မျိုး မဖြစ်အောင် ခုခံမှုလမ်းကြောင်းကို ထည့်သွင်းမေးမြန်းထားရှုံမှတစ်ပါး ဝတ္ထုရားတမ်းကျေမျှလောက်သာ ပြန်လှန်စစ်မေးထားသည်ကို တွေ့ရကြောင်း ရှုမြင်သုံးသပ်ရပေသည်။

## အခန်း (၁၀)

## တရားမမှုတွင် ပြန်လှန်စစ်မေးခြင်း။

ပြန်လှန်စစ်မေးခြင်းဆိုင်ရာဦးတည်ချက် သုံးရပ်စလုံးကို ဖော်ဆောင် မေးမြန်းရသည်ပင်ဖြစ်သည်။

သို့သော် တရားမမှု၏ ပြန်လှန်စစ်မေးခြင်းနှင့် ပြစ်မှု၏ ပြန်လှန်စစ် မေးခြင်းဆိုင်ရာ အချက်အချာပိုင်းတွင်မူ ကွာခြားမှုရှိသည်ကို တွေ့ရသည်။

ပြစ်မှုတွင် ပြန်လှန်စစ်မေးရမည့် အချက်အချာ အပိုင်း ၂ ပိုင်းပါဝင် သည်။

၁။ အကြောင်းခြင်းရာ။

၂။ ဥပဒေအခြင်းရာ။

ပြစ်မှု အကြောင်းခြင်းရာတွင် ကတ္တား၊ ကံ၊ ဝါစက၊ ပြုသူ၊ အပြုခံရသူ နှင့် ပြုခြင်းကိစ္စအပိုင်းများ ပါဝင်သည်။

ပြစ်မှု ဥပဒေ အခြင်းရာတွင်မူ ပြစ်မှု အင်္ဂါရပ်ပိုင်း အကျုံးဝင် သည်။

တရားမမှုတွင် ပြန်လှန်စစ်မေးရမည့် အချက်အချာမှာ ကောက်ချက် တစ်ရပ်စီ၏ အကြောင်းခြင်းရာ အငြင်းပွားပြဿနာဖြစ်သည်။

တရားလို၏နေအိမ်သည် ပျက်စီးယိုယွင်းနေသည်ဖြစ်သောကြောင့် ပြင်ဆင်ရန် လိုအပ်နေသည် ဆိုခြင်းမှာ မှန်သလားဟူသော ကောက်ချက်နှင့် စပ်လျဉ်း၍ စစ်ဆေးမည်ဆိုက ယင်းကောက်ချက် အငြင်းပွားမှုသည် ပြန် လှန်စစ်မေးရမည့် အကြောင်းခြင်းရာ အချက်အချာပိုင်းဖြစ်သည်။

တရားမမှုတွင် အကြောင်းချင်းရာပိုင်း ရှိသကဲ့သို့ ဥပဒေ အခြင်းရာ

မြန်မာ့စာအုပ်များ



ပိုင်းလည်း ရှိသည်ပင်ဖြစ်သည်။

အကြောင်းခြင်းရာပိုင်းမှာ အထက်ဖော်ပြခဲ့သည့် ကောက်ချက်တစ်ခု ချင်းဆိုင်ရာ အကြောင်းခြင်းရာ အငြင်းပွားပြဿနာဖြစ်ပြီး ဥပဒေအခြင်း ရာအချက်အချာအပိုင်းမှာ ဥပဒေ အငြင်းပွားကောက်ချက်များဖြစ်သည်။ ထို့ပြင် တရားလိုသည် မည်သည့် သက်သာခွင့်ကို ရထိုက်သနည်းဟူသော ကောက်ချက်၏ အနိုင်ဒီကရီရသင့် မရသင့် အပိုင်းလည်းပါဝင်သည်။

နေအိမ်ပျက်စီးယိုယွင်း၍ ပြင်ဆင်ရန်လိုအပ်သည်မှာ မှန်ကန်သည်ဟု အကြောင်းခြင်းရာ အငြင်းပွားချက်အပေါ် အသားပေးဆုံးဖြတ်သည့်တိုင်၊ ယင်းအသားပေးဆုံးဖြတ်ချက်အရ တရားလိုအနေဖြင့် တောင်းဆိုသည့် သက်သာခွင့် အနိုင်ဒီကရီကို ရရှိမည်ဖြစ်သည်။

ဥပဒေအခြင်းရာဖြစ်သည့် နေအိမ်သည် တရားပြိုင်အိမ်ငှားများ ဖယ်ပေးရလောက်အောင် ပြုပြင်ရမည့် ကိစ္စမဟုတ်ဟု ထင်မြင်ယူဆလျှင် လည်းကောင်း၊ သက်ဆိုင်ရာကလည်း ထောက်ခံချက် ထိုမျှ အတိုင်းအတာ အထိ ပေးမထားလျှင်လည်းကောင်း၊ တရားလိုသည် တရားစွဲဆို တောင်းဆို ထားသည့် အနိုင်ဒီကရီကို ရချင်မှ ရနိုင်မည်ဖြစ်သည်။

ထို့ကြောင့်ပြန်လှန်စစ်ဆေးမည့် ရှေ့နေအနေဖြင့် တရားမမှုများတွင် ပြန်လှန်စစ်ဆေးရမည့်အကြောင်းခြင်းရာ အချက်အချာအပိုင်းကို လည်းကောင်း၊ ဥပဒေခြင်းရာ အချက်အချာပိုင်းကိုလည်းကောင်း သိရှိ ထားရန်လိုအပ်သည်။

ပြန်လှန်စစ်ဆေးမည့် ရှေ့နေ၏ဉာဏ်သည် ထိုမျှအထိ ကျက်စားကျယ် ဝန်းနေရမည် ဖြစ်သည်။ ဤမျှထိ ဉာဏ်ပြေးနေရမည်ဖြစ်သည်။

ပြန်လှန်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာများ အသုံးချသည့်အပိုင်းမှာ မှု ပြစ်မှု၊ တရားမမှု အတူတူပင်ဖြစ်သည်။

ပြစ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ၊ ပြန်လှန်စစ်ဆေးမည့် ရှေ့နေတိုင်း

မြန်မာ စာအုပ်များ



(၁) ပြန်လှန်စစ်မေးခြင်းဆိုင်ရာ ဦးတည်ချက်၊

(၂) ပြန်လှန်စစ်မေးရသည့် အချက်အချာများနှင့်

(၃) ပြန်လှန်စစ်မေးခြင်းဆိုင်ရာ နည်းပညာများအပေါ် မျက်ခြည် မပြတ်ရှိဖို့၊ အရည်အသွေးထက်မြက်နေဖို့ အစဉ်ကြိုးစားသင့် သည်ပင် ဖြစ်ပေသည်။

❖❖❖❖❖